The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (26-10-2014) (၈၀၀၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၂၆**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယား သမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဟိန့်ဇ်ဖစ်ရှာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗားနားဖေးမန်းန် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပဲခူးရိုးမ ဂေဟာစနစ် ပြန်လည်ကောင်းမွန်လာရန် လိုအပ်နေ

**သတင်း ›› ကိုကိုနေ**
**ဓာတ်ပုံ ›› ရာမည**

လွန်ခဲ့သော ဆယ်စုနှစ်ကျော်နှစ်ခုက အဖိုးတန်သစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ကြွယ်ဝလှသော မြန်မာ့သစ်တောသယံဇာတများသည် အရှေ့တောင်အာရှ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့်ပတ်သက်၍ နောက်ဆုံးခံစစ်နယ်မြေဟုပင် ကမ္ဘာ့သိပ္ပံပညာရှင်များက ဆိုစမှတ်ပြုခဲ့ကြသည်။ သို့သော် ယနေ့အချိန်အခါတွင်မူ အဆိုပါခံစစ်နယ်မြေများ ကျိုးပေါက်ပျက်စီးခဲ့ပြီဖြစ်သလို ဇီဝမျိုးစုံမျိုးကွဲများ၏ ရှင်သန်နေထိုင်မှု ဂေဟာစနစ်များသည်လည်း ကစဥ့်ကလျားဖြစ်ရာမှတစ်ဆင့် မျိုးသုဉ်းကွယ်ပျောက်တော့မည့် အနေအထားသို့တိုင် ရောက်မှန်းမသိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

လက်ရှိပစ္စုပ္ပန်ကာလတွင် အုတ်တွင်းမြို့မှ ပေါက်ခေါင်းမြို့-ပြည်မြို့သို့သွားသော ရိုးမဖြတ်လမ်း၊ တောင်ညို-ချောင်းနက် ရိုးမဖြတ်လမ်းများမှာ ရာသီမရွေးသွားလာနိုင်အောင်ပြုပြင်ထားပြီးဖြစ်ရာ ပဲခူးရိုးမ၏ အရှေ့နှင့် အနောက်ခြမ်းဒေသများသို့ အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေရုံမျှမက ရိုးမကိုမှီခိုနေရသော သက်ရှိလောကနှင့် ဂေဟာစနစ်တို့ကို အထင်းသားမြင်တွေ့နိုင်ပေသည်။

ယမန်နှစ် ယခုလိုအချိန်ကာလတွင် ရိုးမတောင်ခြေနှင့် မနီးမဝေးတွင်တည်ရှိသော ရွာအချို့ရှိ စိုက်ခင်းများအနီးသို့တိုင် တောဝက်၊ ချေ၊ ဖြူ အစရှိသော သတ္တဝါများလာရောက်မှုများရှိသဖြင့် ဒေသခံများအနေဖြင့် ထောင်ချောက်များဆင် ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြသည်။ အမဲမရသည့်နေ့ဟူ၍ မရှိခဲ့ပေ။ သို့သော် လက်ရှိကာလတွင်မူ ယင်းဒေသများသို့ တောကောင်တစ်ကောင်မျှ လာရောက်ခြင်းမရှိတော့ပေ။ တောင်ခြေသို့ လာရောက်ခြင်းမရှိသည့်အတွက် တောင်ပေါ်တွင် ကျင်လည်ကျက်စားနေသည်လားဟု မေးခွန်းထုတ်စရာရှိလာပါသည်။ အမှန်တကယ်မှာမူ တောင်ပေါ်တွင်လည်း မရှိကြတော့ပါ။ အဘယ်အကြောင်းကြောင့် တောကောင်များရှားပါးသွားရသနည်းဟု စေ့ငုကြည့်သော် အရင်းစစ် အမြစ်မြေမှာဆိုသလိုပင် ရိုးမတစ်လွှား၌ ၎င်းတို့ရှင်သန်နေထိုင်မှုကို အထောက်အပံ့ပြုပေးနေသည့် အစာရေစာများ ရှားပါးလာခြင်းကြောင့်ပင် ဖြစ်သည်။ ယင်းသို့ အစာရေစာရှားပါးလာမှုကြောင့် အချို့သော တောရိုင်းတိရစ္ဆာန်ကြီးများသည် အရဲစွန့်၍ လူများစုဝေးနေထိုင်သည့် ရွာအနီးနားသို့တိုင် အစာရှာထွက်လာရောက်ခြင်းကြောင့် မလိုလားအပ်သော ဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



## ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအားဆွဲဆောင်နိုင်မည့် တီးမစ်ချိုင့်ဝှမ်းလွင်ပြင်ကို သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ်သတ်မှတ်

**ဟားခါး  အောက်တိုဘာ  ၂၅**

ချင်းပြည်နယ်အတွင်းရှိ အထင်ကရနေရာများအနက် ဟားခါးမြို့နှင့် ထန်တလန်မြို့အကြား ဟားခါးမြို့မှ ရှစ်မိုင်အကွာတွင်တည်ရှိပြီး မြေပြန့်ရှစ်မိုင်ပတ်လည် ကျယ်ဝန်းသည့် တီးမစ်ချိုင့်ဝှမ်းလွင်ပြင်လည်း တစ်ခုအပါအဝင်ဖြစ်ရာ အဆိုပါလွင်ပြင်ကို သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် သတ်မှတ်ထားကြောင်း ချင်းပြည်နယ်သစ်တောဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းချိုင့်ဝှမ်းလွင်ပြင်မှာ ဟားခါးမြို့သို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပဧည့်သည်များအတွက် အလည်အပတ်သွားရောက်အပန်းဖြေစရာနေရာတစ်ခုအဖြစ် ထင်ရှားသည့် လွင်ပြင်ဖြစ်ပြီး ချင်းပြည်နယ် ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်မြေနေရာတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ရှေးနှစ်ပေါင်းမြောက်မြားစွာကပင် ချင်းတိုင်းရင်းသားတို့၏ တန်ဖိုးထားထိန်းသိမ်းထားသော နယ်မြေတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ထိုလွင်ပြင်ဒေသတွင် စပါးစိုက်ပျိုးကာ သစ်ပင်ခုတ်လှဲမှု၊ အမဲလိုက်မှု၊ ကျေးငှက်ပစ်ခတ်မှုများရှိလာရာ ချင်းတိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် သက်ဆိုင်ရာမှ ဝိုင်းဝန်းထိန်းသိမ်းရန်လိုလားလျက်ရှိကြောင်း၊ ထို့ကြောင့် ယခု ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**


### တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

---

### နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



ကြေးမုံစာတည်းရှုထောင့် ၂၆-၁၀-၂၀၁၄၊ တနင်္ဂနွေနေ့

## အရှုံးထဲကအမြတ်

မည်သည့်ကစားပွဲတွင်မဆို တစ်ဖက်ကနိုင်လျှင် တစ်ဖက်ကရှုံးနိမ့်ပေလိမ့်မည်။ အနိုင်၊ အရှုံးမရှိလျှင်ဖြင့် သရေပွဲသာ။ သို့သော် မည်သည့် ကစားနည်းမဆို နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ သရေကျသည်ဖြစ်စေ စိတ်ဓာတ်နှင့် စွမ်းရည်မြင့်မားနေဖို့သာ လိုရင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံတွင် အာရှ ယူ-၁၉ ဘောလုံးပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ မြန်မာလူငယ်အသင်းအနေဖြင့် ဆီမီးဖိုင်နယ်ပွဲတွင် အာရှအင်အားကြီး ကာတာအသင်းကို ရှုံးနိမ့်ခဲ့ရသော်လည်း နောက်ဆုံးမိနစ်အထိ အားကစားစိတ်ဓာတ်မြင့်မားစွာဖြင့် ရေကုန်ရေခန်း ကစားပြနိုင်ခဲ့သဖြင့် ရှုံးသော်လည်း နိုင်ပါသည်ဟု ဆိုချင်ပါသည်။

အမှန်တကယ်တွင်လည်း မြန်မာလူငယ်အသင်းအနေဖြင့် အုပ်စုပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများကို ယှဉ်ပြိုင်အနိုင်ယူခဲ့ပြီး ကွာတားဖိုင်နယ်ပွဲတွင် တစ်ဖက်အသင်းကို အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်လာနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင်လည်း မြန်မာလူငယ်အသင်း၏ကစားကွက်မှာ အချိတ်အဆက်မိခြင်း၊ အပေးအယူသေသပ်ခြင်း၊ ထိန်းသိမ်းမှုကောင်းခြင်း၊ ကစားကွက်ပုံပေါ်ခြင်း၊ စိတ်ဓာတ်ကောင်းခြင်းများကြောင့် အချိန်ပို ပထမပိုင်းအထိ အကောင်းဆုံးကစားနိုင်ခဲ့ပြီးမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ရာ မြန်မာပရိသတ်များအားလုံးအတွက် ကျေနပ်စရာ ဖြစ်ခဲ့ရပါသည်။

ထို့အပြင် မြန်မာ ယူ-၁၉ ဘောလုံးအသင်း၏ အားကစားစိတ်ဓာတ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာ ဘောလုံးပရိသတ်၏ အဆင့်အတန်းမြင့်မြင့် အားပေးမှုများက မြန်မာတို့အတွက် အရှုံးထဲက အမြတ်ထွက်စေပါသည်။ ပရိသတ်နှင့်အားကစားသမားများပါ ရှုံးနေစဉ်အတွင်း စိတ်ဓာတ်မကျသလို၊ နိုင်ပြန်လျှင်လည်း အားမချသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသကဲ့သို့ ပန်းတိုင်မရောက်မီ တက်ထောင်လိုသည့်စိတ်ဓာတ်များမရှိကြောင်း ပေါ်လွင်နေပါသည်။

ယခင်က ပန်းတိုင်မရောက်ခင် တက်ထောင်လိုသောစိတ်ဓာတ်၊ မိမိရှုံးခြေမြင်လျှင် လူချလိုသောစိတ်ဓာတ်၊ မနိုင်လျှင် စည်းမဲ့ကမ်းမဲ့လုပ်ရပ်များလုပ်လိုသောစိတ်ဓာတ်များ ရှိခဲ့ဖူးသော်လည်း ယခု အာရှ ယူ-၁၉ ဆီမီးဖိုင်နယ်ပွဲတွင် မြန်မာလူငယ်အသင်း၏ အရှုံးသည် ဂုဏ်ကျက်သရေရှိသော အရှုံးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ ပြန်လည်ဝင်ခွင့်ရခဲ့သည်။ ထို့ကြောင့် ဝမ်းမြောက်ပီတိ ဖြစ်ကြရသည်။

သို့သော် မြန်မာလူငယ်အသင်းများအတွက် အားနည်းချက်များလည်း ရှိပေလိမ့်ဦးမည်။ အခြားနိုင်ငံများမှာ စီးပွားရေးကောင်းသော နိုင်ငံများဖြစ်၍ အားကစားသမားများအတွက် လိုလေသေးမရှိ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ချိန်တွင် မြန်မာအသင်းအနေဖြင့် မိမိတတ်နိုင်သည့် ဝန်နှင့်အားလောက်ဖြင့် ဖြည့်ဆည်းပေးနေရသေးသည်။ မြန်မာလူရွယ်များ၏ ဖွံ့ထွားမှုမှာ အခြားနိုင်ငံမှ လူရွယ်များနှင့် မယှဉ်နိုင်သော်လည်း ကမ္ဘာ့ပွဲကြီးတွင် မြန်မာအသင်း ဗိုလ်လုပွဲအထိ ရောက်လိုသည်မှာ မြန်မာတို့၏ပြင်းပြသော ဆန္ဒဖြစ်သည်။

ရာဇဝင်တွင် မြန်မာတို့ကို မြန်သော၊ မာသော၊ လျင်မြန်သောသူများဟု ရင်သပ်ရှုမောဖွယ်ကောင်းသော လူစွမ်းကောင်းများအဖြစ် ဂုဏ်ပြုအသိအမှတ်ပြုခဲ့ဖူးသည်။ ယခုထိုသို့ မဟုတ်တန် လောက်လည်း အနာဂတ်အတွက် အလားအလာကောင်းသော မျိုးဆက်သစ် လူငယ်လူရွယ်များအား အားကောင်းမောင်းသန်စွမ်းဆောင်ရှင်များဖြစ်အောင် ဆောင်ရွက်ပေးကြရဦးမည်။

မည်သို့ပင်ဆိုစေ မြန်မာ့လက်ရွေးစင် အားကစားသမားများသည် လက်ရှိအချိန်၌ပင် အနိုင်မခံ၊ အရှုံးမပေး ရှိသမျှအင်အားဖြင့် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားခဲ့ကြသည်မှာ မြင့်မားသောစိတ်ဓာတ်နှင့် ပြင်းထန်သော စွမ်းရည်များကြောင့်ဟု ဆိုနိုင်ပေရာ အနာဂတ်တွင်လည်း အောင်မြင်မှုများဆက်လက်ရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

# ၂၁ ရာစု အာဆီယံ-ဂျပန်ချစ်ကြည်ရေးအသင်းဝင်များ၏ အကြိမ်(၂၀)မြောက် ဒေသတွင်းတွေ့ဆုံပွဲ ပုဂံတွင်ကျင်းပ

**ပုဂံ အောက်တိုဘာ ၂၅**

၂၁ ရာစု အာဆီယံ-ဂျပန်ချစ်ကြည်ရေးအသင်း(AJAFA-21)၏ အကြိမ်(၂၀)မြောက်ဒေသတွင်း တွေ့ဆုံပွဲ 20th Regional Leaders Forum (20th RLF) ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ပုဂံမြို့ရှိ UMBRA ဟိုတယ်၌ ကျင်းပလျက်ရှိသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ အာဆီယံအသင်း၏ အလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နေချိန်တွင် 20th RLF ကို (JICA Alumni Association,Myanmar JAAM) သည် JICA ရုံးချုပ်နှင့် JICA မြန်မာရုံးတို့၏ အထောက်အပံ့တို့ဖြင့် ကျင်းပလျက်ရှိရာ ဖိုရမ်၏ ယခုနှစ်ဦးတည်ချက်မှာ Responsible Community for Sustainable Development ဖြစ်ရာ လူငယ်များ၏ လူထုနှင့် ပတ်ဝန်းကျင်အပေါ် တာဝန်ရှိမှုအရေးပါပုံကို အာဆီယံနိုင်ငံများအတွင်းသာမက မိမိတို့၏ ကမ္ဘာမြေကြီးအတွက်ပါဖြစ်ကြောင်း ဖိုရမ်တွင် ဆွေးနွေးကြသည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ JAAM ဥက္ကဋ္ဌ ဦးအောင်ဒင်နှင့် JICA မြန်မာ ရုံးဒေသတာဝန်ခံတို့က အဖွင့်အမှာစကား ပြောကြားကြပြီး AJAFA-21 အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(အောက်ပုံ)**

ဖိုရမ်ကျင်းပသည့်ရက်များအတွင်း ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်၊ ပုဂံဒေသရှိ JICA စီမံချက်များသို့ သွားရောက်လေ့လာကြသကဲ့သို့ ဖိုရမ်ပိတ်ပွဲတွင်လည်း သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုအစီအစဉ်များတင်ပြခြင်းတို့ ပါဝင်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**





## တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ရှင်းလင်း

**မန္တလေး အောက်တိုဘာ ၂၅**

တံတားဦးလေဆိပ်နှင့် ဧရာဝတီမြစ်ကြောင်းဆိပ်ကမ်းများ၌ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ Mobile Team များဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှင်းလင်းပြောကြားခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရတနာပုံစူပါစင်တာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ရုံးခန်းမ၌ ပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)နှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မန္တလေးဆိပ်ကမ်း(ဂေါ်ဝိန်)တို့တွင် Mobile Team အဖွဲ့တို့က စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုဝင်ဘာတစ်လလုံးကို ပညာပေးကာလသတ်မှတ်ပြီး ဒီဇင်ဘာ ၁ ရက် နောက်ပိုင်းတွင် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေ၊ ၂၀၁၂ ပို့ကုန်၊သွင်းကုန် အက်ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ပညာပေးကာလမှာ ခွင့်ပြုချက်ရယူရမည့်ပစ္စည်းများကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် အခွန်နှင့်ဒဏ်ကြေးကို ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ပညာပေးကာလကျော်သွားလျှင် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ဝါရှင်တန်ပြည်နယ်မှ ကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်၊ တစ်ဦးသေဆုံး



ဆီယက်တယ်လ်မြို့မြောက်ပိုင်းရှိ အထက်တန်းကျောင်းတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ကျောင်းသူ၊ ကျောင်းသားများကို ရဲတပ်ဖွဲ့က ဘေးကင်းရာသို့ ပို့ဆောင်ပေးစဉ်။

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်ရှိ ဆီယက်တယ်လ်မြို့တွင် ကျောင်းကော်ဖီဆိုင်တစ်ဆိုင်၌ ကျောင်းသားတစ်ဦးက သေနတ်ဖြင့် ပစ်သဖြင့် တစ်ဦးသေဆုံးပြီး ကျောင်းသားလေးဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။ ဆီယက်တဲလ်အနီး မာရီစ်ဗဲလ်လီအထက်တန်းကျောင်းတွင် အဆိုပါ ပစ်ခတ်မှုဖြစ်ခဲ့ခြင်းဖြစ်သည်။

**သေနတ်သမားသေဆုံး**

သေနတ်သမား၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ နှစ်ဦးအပါအဝင် ကျောင်းသားလေးဦးမှာ ဦးခေါင်းတွင် ကျည်ဆန်ထိမှန်ခဲ့ပြီး သုံးဦးမှာ ဒဏ်ရာကြီးမားသည်။ သေနတ်သမားသည် ယင်းဖြစ်ပွားရာ နေရာ၌ပင် သေဆုံးခဲ့သည်။ ၎င်း၏ အမည်ကို ဂျေလင်ဖရိုင်ဘတ်ဟု ဒေသတွင်း မီဒီယာများက ဖော်ပြသည်။ ဒဏ်ရာရရှိသူ ယောကျ်ားလေးနှစ်ဦးနှင့် မိန်းကလေးနှစ်ဦးကို ဒေသတွင်းဆေးရုံများ၌ ကုသပေးလျက်ရှိသည်။

သေဆုံးသူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရှိကြောင်း၊ ကျား သို့မဟုတ် မ ဖြစ်သည်ကိုလည်းကောင်း၊ ကျောင်းသားသို့မဟုတ် ဆရာ ဖြစ်သည်ကို လည်းကောင်း မသိရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်ရာ၌ အသုံးပြုသော သေနတ်သည် တရားဝင်ဝယ်ယူထားသည့် လက်နက်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လေးမိနစ်ခန့်အတွင်း သေနတ်သမားကို ပစ်ချခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ မိနစ်ပိုင်းမှာပင် လက်နက်အပြည့်အစုံတပ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များ ကျောင်းဝင်းသို့ ရောက်ရှိလာခဲ့သည်။

ရုပ်မြင်သံကြားမှပြသရာတွင် ရဲတပ်ဖွဲ့ဝင်များက ကျောင်းဝင်းတစ်ခွင်တွင် ရှာဖွေရေးနှင့် ရှင်းလင်းရေးဆောင်ရွက်နေစဉ် လက်များကို ဦးခေါင်းပေါ်တင်ထားကြသည့် ကျောင်းသားများကို ရွှေ့ပြောင်းပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ **ဘီဘီစီ။**

# အီဘိုလာပိုးရပ်စ် ကူးစက်မှုနှုန်း ၁၀၀၀၀ ကျော်ဖြစ်ပြီး သေဆုံးမှု ၅၀ ရာခိုင်နှုန်းရှိ

**မွန်ရိုဗီးယား အောက်တိုဘာ ၂၅**

အီဘိုလာပိုးရပ်စ် ဖြစ်ပွားသော နိုင်ငံရှစ်နိုင်ငံတွင် ကူးစက်ခံရသူ ၁၀၁၄၁ ဦးရှိသည့်အနက် ၄၉၂၂ ဦး သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၂၃ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ အနောက်အာဖရိကတွင် ပိုးရပ်စ်ကူးစက်မှုအဖြစ်ပွားဆုံးနိုင်ငံသုံးနိုင်ငံမှာ ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်နိုင်ငံတို့ ဖြစ်ကြသည်။

ထုတ်ပြန်ချက်များအရ နိုင်ဂျီးရီးယားတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀ နှင့် သေဆုံးသူ ရှစ်ဦးရှိပြီး ဆီနီဂေါတွင် ကူးစက်ခံရသူ တစ်ဦးဖြစ်ပြီး သေဆုံးမှုမရှိကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်ဖြစ်ပွားနေခြင်းသည် ဗိုင်းရပ်စ်ပိုး ကူးစက်ပြီး နိုင်ငံများရှိ လူအများစုသည် ဆေးကုသမှုခံယူရန် အလားအလာမရှိသည့်အတွက်ကြောင့် ဖြစ်သည်။ ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသော သွေးနမူနာများကို ဓာတ်ခွဲခန်းများက စနစ်တကျထိန်းသိမ်းမှုမရှိခြင်းသည် ရောဂါ ဖြစ်ပွားမှုကို ဆက်လက်တွန်းအားပေးနေသည်။

ကျန်းမာရေးလုပ်သား ၄၅၀ သည် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်ဟု ယူဆရသည်။ ထိုသူများအနက် ၂၄၄ ဦးသည် ဗိုင်း ရပ်စ်ပိုးကူးစက်မှုကြောင့် သေဆုံးခဲ့ရသည်။

အနောက်အာဖရိက၌ အီဘိုလာဗိုင်းရပ်စ် ကာကွယ်ဆေး စမ်းသပ်စစ်ဆေးမှုကို ဒီဇင်ဘာလတွင် ပြုလုပ်မည် ဖြစ်သည်။ ၂၀၁၅ နှစ်လယ်ပိုင်းတွင် ကာကွယ်ဆေးပမာဏ အများအပြား ရရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။ **ဂါဒီးယန်း။**

# အီဂျစ်နိုင်ငံ ဆိုင်းနိုင်းတွင် အရေးပေါ်အခြေအနေကြေညာ

**ကိုင်ရို အောက်တိုဘာ ၂၅**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဘာသာရေးအစွန်းရောက်စစ်သွေးကြွများဟု ယူဆရသူများက အသေခံကားဗုံးခွဲ တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင် ၃၀ သေဆုံးခဲ့ရပြီးနောက် ယနေ့ အရေးပေါ်အခြေအနေကြေညာပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ အရေးပေါ်အခြေအနေသည် ဆိုင်းနိုင်းဒေသအလယ်ပိုင်း၊ မြောက်ပိုင်းတို့တွင် ဂျီအမ်တီ ၀၃၀၀အချိန်မှ စတင် အကျိုးသက်ရောက်မည်ဖြစ်ပြီး အချိန်ကာလသုံးလကြာမည် ဖြစ်ကြောင်း သမ္မတရုံးက ပြောသည်။

ညမထွက်ရအမိန့်မှာ ညနေ ၅နာရီမှ နံနက် ၇နာရီအထိဖြစ်သည်။

အစ္စရေးနိုင်ငံက ထိန်းချုပ်ထားခြင်း မပြုသော ပါလက်စတိုင်း နယ်မြေအတွင်းသို့ တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သည့် ရာဖာ နယ်စပ်ဖြတ်ကျော်စခန်းကိုလည်း ပိတ်ထားမည်ဖြစ်ကြောင်း အီဂျစ်က ကြေညာသည်။ **အေအက်ဖ်ပီ။**



ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပီကာဆိုပြတိုက်ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် ဧည့်သည်များ ကြည့်ရှုလေ့လာကြစဉ်။

# ပါရီမှ ပီကာဆိုပြတိုက် ပြန်လည်ဖွင့်လှစ်

**ပါရီ အောက်တိုဘာ ၂၅**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပီကာဆိုပြတိုက်ကို ငါးနှစ်ကြာမျှ မွမ်းမံပြင်ဆင်မှုပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာ ၂၅ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါရီမြို့ရှိ ပီကာဆိုပြတိုက်သည် ၁၇ ရာစု ခေတ်က တည်ဆောက်ခဲ့သော အဆောက်အအုံတစ်လုံးတွင် တည်ရှိသည်။ အဆိုပါ အဆောက်အအုံ၌ ဖွင့်လှစ်ထားသော ပြတိုက်သည် ကမ္ဘာပေါ်တွင် စပိန်လူမျိုးပန်းချီဆရာကြီး ပါဘလိုပီကာဆို၏ လက်ရာပန်းချီကားများ အများဆုံးစုဆောင်းထားရှိသည်။

**ဖြတ်သန်းခဲ့**

ပီကာဆို၏ မွေးနေ့ဖြစ်သော အောက်တိုဘာ ၂၅ရက်တွင် ပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ပန်းချီဆရာကြီး ပီကာဆိုကို ၁၈၈၁ ခုနှစ်တွင် စပိန်နိုင်ငံ မာလာဂါမြို့၌ မွေးဖွားခဲ့သည်။ ပီကာဆိုသည် အရွယ်ရောက်ပြီးနောက် ၎င်း၏ဘဝတာအများစုကို ပြင်သစ်နိုင်ငံ၌ ဖြတ်သန်းခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ပီကာဆိုပြတိုက်၌ ပန်းချီကားချပ်ပေါင်း ၅၀၀၀ ကျော်ကို စုဆောင်းထားရှိပြီး ပန်းပုရုပ်များနှင့် ပီကာဆို၏ ပုဂ္ဂလိကဆိုင်ရာ မော်ကွန်း မှတ်တမ်းများကိုလည်း ခင်းကျင်းပြသထားသည်။ ပီကာဆိုပြတိုက် ပြန်လည်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်း တက်ရောက်ခဲ့သည်။ ပီကာဆို၏ ခေတ်မီဆန်းသစ်သောအမြင်နှင့် အနုပညာစွမ်းအင်တို့သည် ပြင်သစ်ပြည်သူများ၏ စိတ်ကိုနိုးထစေနိုင်ကြောင်း သမ္မတဟော်လန်းက ပြောကြားသည်။ **ရိုက်တာ။**

# အလုပ်သမားဈေးကွက် ပြုပြင်ပြောင်းလဲရေးကြောင့် ရောမမြို့တွင် ဆန္ဒပြ

**ရောမ အောက်တိုဘာ ၂၅**

အီတလီနိုင်ငံဝန်ကြီးချုပ် မတ်တီရိုရန်ဇီအား အလုပ်သမားဈေးကွက် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ခြင်းအတွက် ရောမမြို့နေပြည်သူတစ်သိန်းနီးပါးက ယနေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ် ရန်ဇီသည် အလုပ်သမားများအား အကာအကွယ်ပေးမှုများကို လျှော့ချပစ်ရန် သူ၏အစီအစဉ်များကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။ ဆန္ဒထုတ်ဖော်ပြည်သူများက လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမှာ အလွန်ပင်နည်းပါးသည်ကို ကျေနပ်မှုမရှိကြခြင်းဖြစ်သည်။

နိုင်ငံ၏လူငယ်များ အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ၄၄ ဒသမ ၂ ဖြစ်သည်။ **ဘီဘီစီ။**



# တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း ဥမင်လမ်းပြိုကျ

**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း ဥမင်လမ်းပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၆ဦး သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ဆင်ကျန်းဒေသ မြို့တော်အူရောင်ကီ ဆင်ခြေဖုံး တီဂျန်ဂူမြို့ရှိ ကျောက်မီးသွေးတွင်း၌ အောက်တိုဘာ ၂၄ ရက် ညသန်းခေါင်မတိုင်မီ မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် မိုင်းလုပ်သား ၁၁ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသန္တရအစိုးရအဖွဲ့အောက်ရှိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ကျောက်မီးသွေးတွင်းရှိ ဥမင်လမ်းပြိုကျမှု ဖြစ်ရပ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ပီတီအိုင်။**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဟိုတယ်သင်တန်း အခမဲ့ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက အနာဂတ် အရည်အသွေးမြင့် ဝန်ဆောင်မှုကျွမ်းကျင်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာရှိ Hospitality and Catering Training Academy သင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပညာသည်ဘဝ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသည်လည်း အခြားတက္ကသိုလ်ပညာရပ်များနည်းတူ အရေးပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရရှိထားသည့် လူငယ်များအနေဖြင့် လူ့အသိုင်းအဝိုင်းကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကိုသင်ယူသည့် ကျောင်းသားကျောင်းသူများအနေဖြင့် တန်ဖိုးထား၍ ကြိုးကြိုးစားစားလေ့လာသင်ယူစေလိုကြောင်း၊ နိုင်ငံ့အတွက်လည်း အကျိုးပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဇွဲနန္ဒက "ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားသားဧည့်သည်တွေ အများကြီးဝင်ရောက်နေပါပြီ။ ၂၀၁၅ ခုနှစ်မှာ ဟိုတယ်အသစ်တွေလည်း ဖွင့်ဖို့ပြင်ဆင်နေကြပြီး အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာမယ်။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရအောင် ဟိုတယ်သင်တန်းကျောင်းကို ဖွင့်ရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုဖွင့်လှစ်မည့် သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ ကော့မှူးမြို့နယ်အပါအဝင် အခြားမြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၁၁၇ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်းမှ အသက် (၁၈)နှစ်နှင့် အထက် တက္ကသိုလ်ဝင်တန်း အောင်နှင့် ဘွဲ့ရလူငယ်များကို လက်ခံပြီး ဟိုတယ်လုပ်ငန်းနှင့် သက်ဆိုင်သည့် ပညာရပ်များကို လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် အခမဲ့ သင်ကြားမည်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-သီသီမင်း**



# IT Business Plan Contest 2014 ပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Crossborder International Educational Support Foundation- CIESF တို့ ပူးပေါင်းစီစဉ်မှုဖြင့် IT Business Plan Contest 2014 နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park Conference Hall ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကားပြောကြားရာတွင် IT ကဏ္ဍသည် စီးပွားရေးကဏ္ဍတစ်ခုတည်းအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးစသည့် ကဏ္ဍစုံတို့၌ အရေးပါသောနေရာတွင် ရှိနေပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည်လည်း လူ့စွမ်းအားအရင်းအမြစ်မွေးဖွားပေးသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်နေပါကြောင်း၊ IT Business Plan Contest ပြိုင်ပွဲသည် ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များမှ IT ဘွဲ့ရများအနေဖြင့် လက်တွေ့လုပ်ငန်းခွင် ဝင်ရောက် ရန် လိုအပ်မည့်အတွေ့အကြုံများ ရရှိနိုင်ရုံသာမက မိမိ၏အစီအမံ (Plan)ကို ရင်းနှီးမြှုပ်နှံလိုသူများနှင့်လည်း တိုက်ရိုက်တွေ့ဆုံပြီး စီးပွားရေးလုပ်ငန်းစတင်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်ပြီး ပါဝင်ယှဉ်ပြိုင်သင့်ကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ နိုင်ငံတကာအဆင့် ICT ဆိုင်ရာ ပြိုင်ပွဲများဖြစ်သော Asia Pacific ICT Award (APICTA) ASEAN ICT Award(AICTA) နှင့် World Summit Award (WSA) တို့အတွက် အဖွဲ့ဝင်ဖြစ်အောင် ကြိုးပမ်းထားပြီး ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အထောက်အပံ့များပေးနေခြင်းသည် ယနေ့လူငယ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနေ၍ အားရကျေနပ်မိပါကြောင်း၊ လူငယ်များအနေဖြင့်လည်း အခွင့်ကောင်းများကို လက်လွတ်မခံဘဲ ရယူကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန် Public Private Partnership (PPP) ပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ယခုထက်ပိုမိုတက်ကြွစွာ ပူးပေါင်းလုပ်ဆောင်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးတို့က IT Business Plan Contest 2014 ပြိုင်ပွဲ ကျင်းပခြင်းကြောင့် IT နယ်ပယ်တွင် နည်းပညာဆန်းသစ်လာမှုများအတွက် နည်းပညာသစ်များ ပိုမိုဖန်တီးပေါ်ထွက်လာနိုင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသိန်းဦးတို့က ပြိုင်ပွဲမှ တာဝန်ရှိသူများနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့် ဒေသများသို့ ပညာပေးဟောပြောကုသပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

မြို့ပြဆေးရုံများနှင့် အလှမ်းကွာဝေးသော၊ ဆက်သွယ်မှုခက်ခဲ၍ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသော ဒေသများရှိ ပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျေးလက်ဒေသအရောက် ကွင်းဆင်းကုသမှုလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်အုပ်စု ယန္တရားရပ်ကွက်နေ ဒေသခံပြည်သူများအတွက် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် အီဘိုလာအကြောင်းသိကောင်းစရာများ၊ သက်တူရွယ်တူအုပ်စုအတွင်း ကျန်းမာရေးပညာပေးစကားဝိုင်းများနှင့် အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ယန္တရားရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။



နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည် ဦးဆောင်သောအဖွဲ့သည် အဆိုပါလှုပ်ရှားမှုတွင် ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းအင်အား ၂၄ ဦးပါဝင်ပြီး ကျန်းမာရေးဟောပြောပွဲသို့ တက်ရောက်လာသူ အင်အား ၉၅ ဦးအား ဟောပြောပို့ချခဲ့ပြီး ဒေသခံ ၉၀ ကျော်အား ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည)**

# မူဆယ်မြို့တွင် ဆိုင်ကယ် TAXI စနစ်တကျဖွဲ့စည်းဆောင်ရွက်နေ

**မူဆယ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့တွင် မူဆယ်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုနှင့်အတူ မူဆယ်မြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မ. ထ. သ)၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၀ ရက်မှစတင်၍ မူဆယ်မြို့တွင်း ခရီးစဉ်များတွင် လက်ရှိ နှစ်ဘီးဆိုင်ကယ် TAXI စီးရေ ၂၀၀ ဖြင့် စတင်ပြီး နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့မှာ ယာဉ်စည်းကမ်းထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနဲ့ ဒေသအတွင်း ခရီးသွားလာမှု လုံခြုံလျင်မြန်ချောမွေ့စေရေး၊ ရာဇဝတ်မှုများ ပပျောက်စေရေး၊ ယာဉ်မောင်းသူများ၏ မိသားစုများ စားဝတ်နေရေး အဆင်ပြေစေရေး၊ မူဆယ်မြို့ကို ဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့ပြအင်္ဂါရပ်နဲ့အညီ စည်းကမ်းတကျ ဖြစ်စေရေးအတွက် ရည်ရွယ်ချက်များနဲ့ အဆင့်ဆင့်လုပ်ထုံးလုပ်နည်းများနဲ့အတူဖွဲ့စည်း၍ အများပြည်သူဝန်ဆောင်မှုများ ပြုလုပ်နေပါတယ်။ ဆက်သွယ်ရန်လိုအပ်ပါက မူဆယ်ကားလေးကွင်း အခန်းနံပါတ် (E-9) တွင် ရုံးဖွင့်ပြီး ဆောင်ရွက်နေပါတယ်"ဟု ရွှေမြားအသင်းတာဝန်ခံ ဦးစန်းလွင်(လဝါယန်)က ပြောကြားသည်။ မူဆယ်မြို့တွင် ရွှေမြားဆိုင်ကယ်ကယ်ရီများ စနစ်တကျပေါ်ပေါက်လာသဖြင့် ခရီးတိုသွားလာသူများအတွက် အဆင်ပြေပြီး လုံခြုံစိတ်ချမှုရှိကြောင်းနှင့် ဆိုင်ကယ်ကယ်ရီ မောင်းသူများအတွက်ပါ အကျိုးရှိကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# (၅၄)ကြိမ်မြောက် နိုင်ငံတကာအလှမယ်ပြိုင်ပွဲ မြန်မာကိုယ်စားပြု မေဘရဏီသော် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် (၅၄)ကြိမ်မြောက် နိုင်ငံတကာ အလှမယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန် မေဘရဏီသော်သည် ယနေ့ ည ၇ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားပြီဖြစ်သည်။

မေဘရဏီသော်သည် မြန်မာနိုင်ငံတွင် ပြုလုပ်သည့် နိုင်ငံတကာမြန်မာအလှမယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ပြီး မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် ဂျပန်နိုင်ငံမြန်မာကိုယ်စားပြုအလှမယ်အဖြစ် အောက်တိုဘာ ၁၆ ရက်တွင် ရွေးချယ်ခြင်းခံခဲ့ရသည်။ ပြိုင်ပွဲကာလ အောက်တိုဘာ ၂၇ ရက်မှ စတင်ပြီး နောက်ဆုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် နိုင်ငံတကာ အလှမယ် ပြိုင်ပွဲဆုကို ဖိလစ်ပိုင်နိုင်ငံမှ ရရှိခဲ့သည်။ **(ခင်ဇာလီ)**



သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# တိုင်းရင်းဆေးနှင့် ကျန်းမာရေး

ဝင်းမြင့်
(တိုင်းရင်းဆေးပညာဦးစီးဌာန)

ပြီးခဲ့သည့်သီတင်းပတ် အနည်းငယ်အတွင်း မြန်မာ့အလင်းသတင်းစာပါ ကျန်းမာရေးဆိုင်ရာ သတင်းဆောင်းပါးတွင် တိုင်းရင်းဆေးကို ထိခိုက်နစ်နာစေသော အပြောအဆိုအသုံးအနှုန်းများပါဝင်နေသည်ကို ဖတ်ရှုရပါသည်။ ပြောဆိုသူက အနောက်တိုင်းဆရာဝန်ကြီးဖြစ်နေ၍ တိုင်းရင်းဆေးလောကအသိုင်းအဝိုင်းက မကျေမနပ်ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိနိုင်ကြပါသည်။ အမှတ်မထင်ပြောဆိုလိုက်သည့် စကားအသုံးအနှုန်းကြောင့် ထိခိုက်နစ်နာမှု ကြီးမားတတ်သည်ကို အလေးအနက် ဂရုပြုအပ်ပါသည်။ **"တိုင်းရင်းဆေးတွေက အကုန်လုံး ကျောက်ကပ်ကို ဒုက္ခပေးတတ်တယ်"** ဆရာဝန်ကြီး၏ပြောပြချက်အဖြစ် ပုံနှိပ်ထားသည်ကို အများသူငါဖတ်ရှုကြရခြင်း ဖြစ်ပါသည်။

အကယ်၍ ဆရာဝန်ကြီးက အမှန်တကယ်ပြောဆိုခဲ့သည်ဆိုသော် ကျောက်ကပ်ဆရာဝန်ဖြစ်သည်နှင့်အညီ ကျောက်ကပ်ကျန်းမာရေး၊ ကျောက်ကပ်ရောဂါကုသရေးတို့တွင် စိတ်ဝင်စားမှုရှိသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။ အခြားသော Professional များကလည်း ကိုယ့်အထူးပြုဘာသာရပ် (မည်သည့်ဘာသာရပ်ဖြစ်စေ) ကို စိတ်ဝင်စားကြမည်မှာလည်း မလွဲဧကန်ဖြစ်ပါသည်။ ကျောက်ကပ်ဆရာဝန်ကြီးသည် ကျောက်ကပ်ဆိုင်ရာ ရောဂါများဖြစ်တတ်သည့် မသင့်တင့်သော အစာ၊ ဆေးဝါး၊ တိုင်းရင်းဆေးဝါးတို့ကြောင့် ဖြစ်တတ်သည့် သဘော၊ ပြည်သူလူထု ကျောက်ကပ်ရောဂါ ကျောက်ကပ်ပျက်စီးစေတတ်သည့်သဘောတို့ကို ပူပင်သောကစိတ်လောပြီး ပြောလိုက်ခြင်းဖြစ်နိုင်ပါသည်။ သို့သော်လည်း အသုံးအနှုန်းက **" သဘာဝကထုတ်ထားတဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ထင်တတ်ကြပါတယ်။ ဘာဆေးပဲဖြစ်ဖြစ် မသောက်တာ အကောင်းဆုံးပါပဲ"** ဟု ရေးသားထားရာမှာ တိုင်းရင်းဆေး ဘာဆေးဖြစ်ဖြစ် သောက်ရင် ကျောက်ကပ်ကို ဖျက်ဆီးနိုင်တဲ့သဘောကို ဆိုလိုလိုက်သဖြင့် ဆိုလိုရင်းက ထိရောက်သွားသော နယ်ပယ်က အလွန်ကျယ်ပြန့်သွားပါသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအများစုမှာ ကိုယ်ပိုင်တိုင်းရင်းဆေးများ ယနေ့တိုင်(ယနေ့ခေတ်တိုင်) တည်ရှိနေကြပါသည်။ ပြည်သူတွေနှင့် တိုင်းရင်းဆေးမကင်းနိုင်ကြပါ။

**လူတို့ နာမကျန်းဖြစ်သောအခါ ကျန်းမာရှင်သန်ရေး၊ ဝေဒနာပျောက်ကင်းရေးအတွက် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနောက်တိုင်းဆေးပညာရပ်နှင့် ပညာရှင်များ၊ တိုင်းရင်းဆေးပညာရပ်နှင့် ပညာရှင်များ ဖြစ်တည်ထွန်းကားနေသလို ပြည်သူတို့ကလည်း ....**

လုံးဝမကင်းနိုင်ကြပါ။ ထို့ကြောင့် နိုင်ငံတိုင်းတွင် တိုင်းရင်းဆေးဆိုင်ရာ ဥပဒေ၊ မူဝါဒများ၊ အစိုးရဌာနများက စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက် ပြည်သူလူထုကျန်းမာရေးကို စောင့်ရှောက်မှုပြုလျက်ရှိကြပါသည်။ ပြည်သူအများစုကလည်း တိုင်းရင်းဆေးကို ယုံကြည်အားကိုးလျက်ရှိကြပါသည်။ WHO (ကမ္ဘာ့ကျန်းမာရေးအဖွဲ့)တွင်လည်း တိုင်းရင်းဆေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အကူအညီအထောက်အပံ့များပေးလျက် တိုင်းရင်းဆေးကို နိုင်ငံအသီးသီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပါဝင်ပေါင်းစပ်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းဆေးသာမက အစားအစာနှင့် အနောက်တိုင်းဆေးဝါးများလည်း ဘေးထွက်ဆိုးကျိုး ရှိနိုင်ကြပါသည်။ Therapeutic efficacy လည်း ရှိကြပါသည်။ တိုင်းရင်းဆေးပညာကအခြေခံပြီး ထွက်ပေါ်လာသော ခေတ်မီအနောက်တိုင်းဆေးအဖြစ်သုံးနေသည့် အာတီမီဆနင်နှင့် ဆက်စပ်ဆေးဝါးများ၊ ကွီနင်းနှင့် ဆက်စပ်ဆေးဝါးများသည် တိုင်းရင်းဆေးနယ်ပယ်တွင် ငှက်ဖျားရောဂါအသုံးပြုပျောက်ကင်းနေသည့်ဗဟုသုတမှ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးပညာရပ်နှင့် သဘာဝဆေးပစ္စည်းအရင်းအမြစ်မှ အနောက်တိုင်းဆေးပညာရပ်တွင် အသုံးပြုနိုင်သော ဆေးဝါးများ အများအပြားရှိပါသည်။ ဥပမာများကို စာရှည်မည်ဖြစ်၍ မဖော်ပြတော့ပါ။ တင်ပြပါကျောက်ကပ်ရောဂါဆိုင်ရာ သတင်းဆောင်းပါးတွင် ဆရာဝန်ကြီးက **"တိုင်းရင်းဆေးတွေက အကုန်လုံး ကျောက်ကပ်ကိုဒုက္ခပေးတတ်ပါတယ်"** ဆိုသည့် ပြောဆိုသုံးနှုန်းမှု မှားယွင်းသွားပါသည်။ ကျောက်ကပ်ဆိုင်ရာ ဆရာဝန်ကြီးက ပြည်သူလူထုကျန်းမာရေးအတွက် ကျောက်ကပ်ရောဂါဖြစ်ပွားလာလျှင် ဒုက္ခဝေဒနာများ ခံစားရမှုကိုမဖြစ်စေချင်သော ဆန္ဒစောလွန်း၍ အလွယ်တကူ ပြောဆိုလိုက်သည်ဟု ယူဆမိပါသည်။

နောက်သီတင်းတစ်ပတ်အကြာ မြန်မာ့အလင်းသတင်းစာတွင် သက်ဆိုင်ရာဆရာဝန်ကြီးက ပြင်ဆင်ဖတ်ရှုပါရန်ဖြင့် **"[အစားအစာ၊ ဆေးဝါး(အနောက်တိုင်း)နဲ့ သစ်ဥသစ်ဖုတွေက ထုတ်ထားတဲ့ တိုင်းရင်းဆေး သုံးမျိုးစလုံးထဲက အချို့ဟာ ကျောက်ကပ်ကိုဒုက္ခပေးတတ်ပါတယ်။ ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးရှိပြီး သဘာဝကထုတ်တဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ထင်တတ်ကြပါတယ်။ ဘာဆေးပဲဖြစ်ဖြစ် မလိုအပ်ရင် မသောက်တာ အကောင်းဆုံးပါပဲ]"** ဟု ဖော်ပြပါရှိပါသည်။ ဆရာဝန်ကြီးက ၎င်းအမှတ်တမဲ့ပြောဆိုသုံးနှုန်းလိုက်သည့် စကားအပေါ်တွင် ပြန်လည်ပြင်ဆင်ဖတ်ရှုရန် ဖော်ပြလိုက်သောအခါ သင့်တင့်လျောက်ပတ်သော ဖြေရှင်းချက်အတွက် ဆရာဝန်ကြီးအတွက်ရော၊ အများသူငါအတွက်ရော ကျေအေးဖွယ်ရာဖြစ်ပေါ်ခဲ့ကြပါသည်။

ဤနေရာတွင် တိုင်းရင်းဆေးနှင့်စပ်လျဉ်း၍ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အနည်းငယ်တင်ပြအပ်ပါသည်။ အနောက်တိုင်းဆေးပညာမပေါ်ပေါက်မီက ရှေးခေတ်လူမျိုးအသီးသီးတို့ တိုင်းရင်းဆေးနှင့် ကျန်းမာရှင်သန်ခဲ့ကြပါသည်။ အနောက်တိုင်းဆေးပညာထွန်းကားလာသောအခါတွင်လည်း တိုင်းရင်းဆေးများပျောက်ကွယ်မသွားခဲ့ပါ။ အသိဉာဏ်ရှိသော လူသားများက တိုင်းရင်းဆေးကို မပစ်ပယ်နိုင်ဘဲ တိုးတက်ဖွံ့ဖြိုးအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ယနေ့ခေတ်တွင် သဘာဝဆေးဆိုပြီး လူတွေအားကိုးမှု တိုးတက်လျက်ရှိပါသည်။ နိုင်ငံအသီးသီး၏ အစိုးရနှင့် ပြည်သူများအကြား တိုင်းရင်းဆေးကဏ္ဍ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်သာ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အလေးထားဆောင်ရွက်နေသည်မဟုတ်ပါ။ တိုင်းရင်းဆေးသမိုင်းကြောင်းများကို ဖွဲ့နွဲ့ရေးသားပြုစု မတင်ပြလိုတော့ပါ။ ယခုလောလောဆယ်တွင် ထင်ရှားသောအားထုတ်ကြိုးပမ်းမှုအဖြစ် တင်ပြရသော် ASEAN နိုင်ငံများအကြား ကုန်ပစ္စည်းနှင့် လုပ်ငန်းဝန်ဆောင်မှုများ၊ စံညွှန်းကိုက်ညီအောင် (standardization/ harmonization) ပြုလုပ်ကြရာဝယ် တိုင်းရင်းဆေးကဏ္ဍလည်း ပါဝင်ပါသည်။ ACCSQ (ASEAN Consultative Committee on Standards and Quality) အဖွဲ့အောက်၌ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ working group ရှိကြပါသည်။ တိုင်းရင်းဆေးနှင့်ပတ်သက်၍ TMHSPWG (Traditional Medicine and Health Supplement Product Working Group) ရှိပါသည်။ ၎င်းအောက်တွင် ATSC (ASEAN TMHS Scientific Committee)၊ Task Force on ASEAN Regulatory Framework for TMHS ၊ TMHS GMP Task Force စသည့်အဖွဲ့များဖြင့် ASEAN နိုင်ငံများအကြား တိုင်းရင်းဆေးဝါးစံချိန်စံညွှန်းများ ညှိနှိုင်းဆွေးနွေးခြင်း၊ ရောင်းဝယ်ဖောက်ကားရေးအတွက် Regulation ဆိုင်ရာ ညှိနှိုင်းမှုများ ဆွေးနွေးပွဲအကြိမ်ကြိမ်ပြုလုပ်နေကြပါသည်။ တစ်ဖက်တွင်လည်း ATFTM (ASEAN Task Force on Traditional Medicine)အဖွဲ့ဖြင့် အာဆီယံဒေသတွင်း တိုင်းရင်းဆေးဆိုင်ရာကုသမှုများ၊ ပညာသင်ကြားပို့ချမှုများနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းအားထုတ်လျက်ရှိကြပါသည်။ ဆိုလိုသည်မှာ ပြည်သူလူထုကျန်းမာရေးကိစ္စများတွင် တိုင်းရင်းဆေးကဏ္ဍပါဝင်မှု အရေးကြီးပုံ၊ လိုအပ်ပုံ၊ ပြည်သူလူထုက တိုင်းရင်းဆေးအားကိုးပုံ၊ သက်ဆိုင်ရာအစိုးရများက ဥပဒေမူဝါဒများ သင့်တင့်လျောက်ပတ်စွာ ချမှတ်အကောင်အထည်ဖော်နေရပုံများကို ပညာရှင်များရော ပြည်သူလူထုပါ သိစေချင်ပါသည်။ အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးမှာရော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) တွင်လည်း တိုင်းရင်းဆေးကဏ္ဍကိုအလေးအနက်ထား၍ လူထုကျန်းမာရေးစောင့်ရှောက်မှုတွင်ပါဝင်ရေး ဆောင်ရွက်နေကြပါသည်။ ဆေးပညာဟုသတ်မှတ်ကြရသော်လည်း တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာအခြေခံသဘောနှင့် ရောဂါရှာဖွေကုသပုံ ကွဲလွဲမှုများ ရှိကြပါသည်။ အခြေခံမတူညီသည့် ပညာရပ်နှစ်ခုအပေါ် အငြင်းပွားနေပါက ပြီးဆုံးနိုင်မည်မဟုတ်ပါ။

အနီးစပ်ဆုံး ဥပမာပြုတင်ပြအပ်ပါသည်။ "က" အရပ်ဒေသမှ "ခ" အရပ်ဒေသသို့ လူအများစု ခရီးသွားလျက်ရှိကြပါသည်။ မော်တော်ကား၊ လေယာဉ်၊ ရထား၊ သင်္ဘော စသည်ဖြင့် ခရီးသွားလျက်ရှိပါသည်။ အသိဉာဏ်ရှိသော လူသားတို့သည် သက်ဆိုင်ရာတာဝန်အလိုက် တင်ပြပါယာဉ်များကို စီစဉ်ဆောင်ရွက်ပေးကြရပါသည်။ ပြည်သူတို့ကလည်း မိမိအခြေအနေနှင့် ကိုက်ညီသည့် "ယာဉ်" ကို ရွေးချယ်စီးခွင့်ရှိကြပါသည်။ ဤသို့ဖြင့် သက်ဆိုင်ရာယာဉ်အမျိုးမျိုးကို တတ်ကျွမ်းမောင်းနှင်သည့်ပညာရှင်များလည်း သင့်တင့်လျောက်ပတ်စွာရှိကြရပါသည်။ ပြည်သူတို့ကလည်း ကြိုက်နှစ်သက်ရာယာဉ်ကို စီးကြပါသည်။ **"မော်တော်ကားနဲ့သွားတာ ကောင်းတယ်၊ လေယာဉ်နဲ့သွားတာ ကောင်းတယ်"**စသည်ဖြင့် ရေးကြီးခွင့်ကျယ် အငြင်းပွားဖွယ်ရာ ကိစ္စမဟုတ်ဟု ယူဆနိုင်ကြပါသည်။ အရေးကြီးသည်မှာ လိုရာခရီးကို လိုအပ်သလိုသွားနိုင်ကြပြီး အလိုရှိရာအရပ်သို့ရောက်ရှိအောင် သွားနေကြရန်သာ ဖြစ်ပါသည်။ အလားတူပင် လူတို့နာမကျန်းဖြစ်သောအခါ ကျန်းမာရှင်သန်ရေး၊ ဝေဒနာပျောက်ကင်းရေးအတွက် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနောက်တိုင်းဆေးပညာရပ်နှင့် ပညာရှင်များ၊ တိုင်းရင်းဆေးပညာရပ်နှင့် ပညာရှင်များ ဖြစ်တည်ထွန်းကားနေသလို ပြည်သူတို့ကလည်း နှစ်သက်အားကိုးရာ ပညာရပ်၊ ပညာရှင်၊ သက်ဆိုင်ရာဆေးဝါးတို့ဖြင့် ရွေးချယ်ကုသခွင့်ရှိနေကြသည့်အခြေအနေတွင် အငြင်းပွားဖွယ်ရာ ကိစ္စများရှိနေရန် မလိုအပ်ဟု ယူဆမိပါသည်။ တကူးတက ခေါင်းစဉ်တပ် အငြင်းပွားအားပြိုင်မှုကို မဆိုထားနှင့် အမှတ်မထင်ပြောဆိုထိခိုက်မှုပင် ရှောင်ရှားသင့်သည်ဟု ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့ကျန်းမာရေးအတွက် အနောက်တိုင်းဆေးပညာနှင့် တိုင်းရင်းဆေးပညာတို့သည် တည်ရှိလျက်ရှိသည်ကို မျက်မှောက်ပြုကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်တတ်အပ်သည့် ပညာ၊ ကိုယ့်တာဝန်ရှိမှု၊ သိမှုတို့နှင့်အတူ ကိုယ့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် အမှုထမ်းနေကြခြင်းဖြင့် မြတ်သောကုသိုလ်ဖြစ်မှုကို ရိုးသားပျော်ရွှင်စွာ ကျင့်ကြံအားထုတ်ရေးကိုသာ ရှေးရှုကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ဓာတုပုံးများသုံးသည်ဟု အိုင်အက်စ်တို့ စွပ်စွဲခံရ



**ဘဂ္ဂဒက် အောက်တိုဘာ ၂၅**

အီရတ်ရှိအစ္စလာမ့်စစ်သွေးကြွများက အဆိပ်ဓာတ်ငွေ့များပါသော ဓာတုလက်နက်များဖြင့် အီရတ်လုံခြုံရေးအဖွဲ့များကို ခုခံခဲ့သည်ဆိုသည့် အစီရင်ခံစာတစ်စောင်ကို အမေရိကန်အဖွဲ့ကစစ်ဆေးနေကြောင်း သိရသည်။

လွန်ခဲ့သောလက ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ဒူလိုင်ရာနှင့် ဘာလတ်မြို့တွင် ပစ်ခတ်မှုများဖြစ်ပွားရာတွင် အိုင်အက်စ်စစ်သွေးကြွများက အဆိပ်ပုံးများကို အသုံးပြုခဲ့ကြောင်း အီရတ်အရာရှိ သုံးဦးက အေပီသတင်းဌာနကို ပြောကြားခဲ့သည်။

စစ်သားများအပါအဝင် ပြည်သူ ၄၀ ဝန်းကျင်ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသူအရာရှိများက ဆက်လက်ပြောကြားခဲ့သည်။ အီရတ်ရဲအရာရှိ ၁၁ ဦးသည် ဓာတုလက်နက်ဖြင့် ပစ်ခတ်ခံရပြီး မူးဝေခြင်း၊ အော့အန်ခြင်းများ ခံစားရပြီး ဘဂ္ဂဒက်မြောက်ပိုင်းရှိ ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။ အိုင်အက်စ်အဖွဲ့မှ ပစ်ခတ်သောပုံးများတွင် အဆိပ်ဓာတ်ငွေ့များ ပါရှိနေခဲ့သည်ဟု ယင်းသတင်းစာက ဖော်ပြခဲ့သည်။

အိုင်အက်စ်အဖွဲ့ အသုံးပြုသောပုံးများတွင် အဆိပ်ဓာတ်ငွေ့များပါနေသည်ကို အတည်မပြုနိုင်သေးကြောင်း၊ ဆက်လက် စစ်ဆေးဆဲဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

**စကိုင်းနယူးစ်။**

# နိုင်ဂျီးရီးယားနှင့် ကင်မရွန်း နှစ်နိုင်ငံ ရေပိုင်နက်ကြား ပူးပေါင်းကင်းလှည့်ရန် ဆောင်ရွက်

**လေဂို့စ် အောက်တိုဘာ ၂၅**

နိုင်ဂျီးရီးယားနှင့် ကင်မရွန်းတို့သည် ဘာကတ်စီကျွန်းဆွယ်၌ အကြမ်းဖက်မှုများ လျော့ကျစေရန် ပူးပေါင်း ကင်းလှည့်စောင့်ကြည့်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားရေတပ်ထိပ်တန်းအရာရှိတစ်ဦးက ဆိုသည်။

နှစ်နိုင်ငံ ရေပိုင်နက်ကြားတွင် မကြာခဏ ဖြစ်ပွားလျက်ရှိသော ပင်လယ်ဓားပြမှုနှင့် လောင်စာဆီ ပျောက်ဆုံးမှုတို့ကို တားဆီးနှိမ်နင်းနိုင်ရန် ရည်ရွယ်၍ နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဒုတိယရေတပ် ဗိုလ်ချုပ်ကြီး ယူမန်ဂျက်ဘရင်က ပြောကြားခဲ့သည်။

ဂီနီ၏ အာဖရိက အတ္တလန္တိတ်ပင်လယ်ကွေ့ပေါ်တွင်ရှိသော ဘာကတ်စီကျွန်းဆွယ်ကို ကုလသမဂ္ဂက စစ်မဖြစ်ရ နယ်မြေအဖြစ် သတ်မှတ်ထားသော်လည်း ပြစ်မှုကျူးလွန်ခြင်းများ အလွန်အမင်းများပြားခဲ့မည်ဆိုလျှင် အထိုက်အလျောက်နှိမ်နင်းရန်လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားတွင် စစ်သင်္ဘောနှစ်စင်းနှင့် စစ်မြေပြင်သုံးမော်တော်များကို မကြာသေးမီက အင်အားဖြည့်တင်းထားကြောင်းနှင့် ရေတပ်အရာရှိများကို စွမ်းရည်ဖြည့်ပေးထားကြောင်း ဆက်လက်ပြောကြားသည်။

၎င်းစစ်သင်္ဘောနှစ်စင်းကို တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ နှစ်ကုန်ပိုင်းလောက်တွင် နိုင်ဂျီးရီးယားသို့ ရောက်ရှိခဲ့ကြောင်း၊ လက်ရှိရင်ဆိုင်နေရသော ရေပိုင်နက်ရှိ လုံခြုံရေးစိန်ခေါ်မှုများကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

# အရှေ့အာဖရိကတွင် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် တန်ဇန်းနီးယားနှင့် တရုတ်တို့လက်မှတ်ရေးထိုး

**ဒါးအက်ခ်စလမ် အောက်တိုဘာ ၂၅**


တန်ဇန်းနီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကူးသန်းရောင်းဝယ်ရေးမြို့တော် ဒါးအက်ခ်စလမ်တွင် ယာဉ်ကြောလမ်းပိတ်ဆို့မှု လျှော့ချရေးအတွက် မြို့သစ်တစ်ခု တည်ဆောက်ခြင်း အပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များ ချုပ်ဆိုခဲ့ကြသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံမှုငွေများကို အခြေခံအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းတိုးမြှင့်ရေးအတွက် အသုံးပြုသွားမည်ဟု ပေကျင်းမြို့၌ သဘောတူစာချုပ်များ ချုပ်ဆိုပြီး ကြေညာချက်ထုတ်ပြန်ရာတွင် တန်ဇန်းနီးယားသမ္မတဂျာကာရာတစ်ဝက်တီက ပြောကြားခဲ့သည်။

အဆိုပါ သဘောတူစာချုပ်များသည် တန်ဇန်းနီးယားနိုင်ငံတွင် တရုတ်နိုင်ငံ၏ တိုးတက်နေသော စီးပွားရေးအခြေအနေကို ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

ဒါးအက်ခ်လမ်း၏ ဆင်ခြေဖုံးတွင် တည်ဆောက်မည့် မြို့သစ်မှာ ရေ၊ လျှပ်စစ်မီး၊ လမ်းများ၊ ဘဏ်များ၊ ကျောင်း များနှင့် ဆေးရုံများပါရှိသော မြို့ပြနေရာတစ်ခုဖြစ်လိမ့်မည်ဟု သိရသည်။

ဒါးအက်ခ်လမ်းတွင် မြို့သစ်တစ်ခုနှင့်ဘဏ္ဍာရေးဆိုင်ရာစင်တာတစ်ခု တည်ဆောက်မည့် စီမံကိန်းကို တရုတ်နိုင်ငံ၏ CRJE ကုမ္ပဏီနှင့် တန်ဇန်းနီးယားနိုင်ငံ၏ အမျိုးသားအိမ်ရာစီမံကိန်းကော်ပိုရေးရှင်းတို့မှ ပူးတွဲအကောင်အထည်ဖော်သွားမည်ဟု သိရသည်။ **ရိုက်တာ။**



# တူရကီနိုင်ငံ၌ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် တက္ကသိုလ်ကျောင်းသား ခြောက်ဦးသေဆုံး


**အန်ကာရာ အောက်တိုဘာ ၂၅**

တူရကီနိုင်ငံ အလယ်ပိုင်းတွင် အောက်တိုဘာ ၂၅ရက်က မိုးသည်းထန်မှုကြောင့် ခရီးသည်တင်ဘတ်စ်ကားတစ်စီးတိမ်းမှောက်ရာ တက္ကသိုလ်ကျောင်းသား ခြောက်ဦးထက်မနည်းသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိသွားကြောင်း ဒိုဂန်သတင်းဌာနက ရေးသားဖော်ပြသည်။


အဆိုပါသတင်းတွင်ဖော်ပြချက်အရ နိုင်ငံအလယ်ပိုင်း အက်စကီဆီဟာပြည်နယ်သို့သွားရောက်လည်ပတ်ရန်အတွက် ဆူလေမန်ဒမ်မီရယ်လ်တက္ကသိုလ်မှ ကျောင်းသားများတင်ဆောင်လာသည့် ခရီးသည်တင်ဘတ်စ်ကားသည် အက်ဖ်ရွန်ကာရာဟီဆာပြည်နယ် ကေးမြို့ ကာရာမက်ခ်ကျေးရွာအနီး၌ ၁၅ မီတာနက်သည့်ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျသွားကြောင်း သိရသည်။ လူနာတင်ယာဉ်များနှင့် ကယ်ဆယ်ရေးလုပ်သားများအား အဆိုပါနေရာသို့ စေလွှတ်ခဲ့ပြီး အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်ကာလကလည်း တူရကီနိုင်ငံအနောက်တောင်ပိုင်း အန်တယ်ယာပြည်နယ်တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး စမ်းချောင်းတစ်ခုအတွင်းသို့ တိမ်းမှောက်ရာ ၁၃ ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ။**












## ဩစတြီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဥရောပပေါင်းစည်းရေးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆေဘတ်စတီယန် ကတ်ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသားများဘဏ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံသားများဘဏ်(ဘုရင့်နောင်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းလွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများက ဘုရင်နောင့်ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဘဏ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်ခွဲအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဆွေးနွေးပွဲကျင်းပရာ၌ ပြည်ထောင်စုဝန်ကြီးကအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသားများဘဏ်သည် အများပိုင်ဘဏ် တစ်ခုဖြစ်ပြီး အစုရှယ်ယာအများစုကို အများပြည်သူများက ထည့်ဝင်ထား၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း အစုရှယ်ယာများ ပိုင်ဆိုင်ထားပါကြောင်း၊ ကုန်စည်ဒိုင်များတွင် ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်ကြရာ၌ လိမ်လည်မှု၊ အလွဲသုံးစားမှုများ မကြာခဏဖြစ်ပေါ်နေကြောင်း၊ ဖြစ်ပေါ်နေသည့် ငွေကြေးပမာဏများလွန်းခြင်းကြောင့် ကုန်သည်လုပ်ငန်းရှင်များအပြင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအထိ ဆုံးရှုံးနစ်နာမှုများ ရှိနေကြောင်း၊ လေရောင်းလေဝယ် ဈေးကစားမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်ရာတွင် ရောင်းသူနှင့်ဝယ်သူနှစ်ဖက်စလုံးမှ ကုန်ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို စပေါ်ငွေအဖြစ် ယခုဖွင့်လှစ်ပေးသည့် မြန်မာနိုင်ငံသားများဘဏ်ခွဲ၌ အပ်နှံ၍ အရောင်းအဝယ်ပြုလုပ်စေခြင်းဖြင့် မသမာသူများကို အထိုက်အလျောက် ထိန်းသိမ်းပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ပဲမျိုးစုံပြည်ပတင်ပို့ခြင်းမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဘီလီယံဝန်းကျင်သာ ရရှိနေသည့်အတွက် တန်ဖိုးမြင့်ထုတ်ကုန် တိုးမြှင့်ထုတ်လုပ်တင်ပို့ရောင်းချပြီး ပြည်ပဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မြန်မာ့ပဲမျိုးစုံပြည်ပတင်ပို့ခြင်းလုပ်ငန်းများကို ခေတ်မီကုန်သွယ်မှုစနစ်များနှင့်အညီ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ပဲမျိုးစုံပြည်တွင်းရောင်းဝယ်မှုလုပ်ငန်းများ မှန်ကန်မှုရှိစေရေး၊ ပြည်ပတင်ပို့မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# သားငါး သယံဇာတရှားပါးမှုများမရှိစေရန် ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးရန်လို

**သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်နည်းလမ်းများကို အသုံးပြုပြီးငါးဖမ်းဆီးခြင်းတို့ကြောင့် သားငါး သယံဇာတရှားပါးမှုများမရှိစေရန်နှင့် ပြည်သူလူထုအတွင်း အသိပညာများပြန့်ပွားသိရှိနားလည်နိုင်ရန် ကြေးမုံသတင်းအဖွဲ့က နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်-**



ဒေါ်အေးအေးသော်
(ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး )

**တွေ့ဆုံမေးမြန်း**
**ကိုလွင်(ကြေးမုံ)**

**မေး။ မြစ်ချောင်းအင်းအိုင်တွေမှာ ယခင်ကာလတွေထက် သားငါး ရှားလာနေတာကို သတင်းစာတွေမှာ မကြာခဏတွေ့နေရပါတယ်။ ရေလုပ်သားတွေကလည်း ငါးအမိအရနည်းလာတယ်လို့ ပြောကြပါတယ် ဘာကြောင့်ရှားပါးလာရပါသလဲ။**

ဖြေ။ အဓိကကတော့ တရားမဝင်ငါးဖမ်းနည်းတွေဖြစ်တဲ့ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးတာတွေ၊ ဓာတုဗေဒဆေးဝါးတွေကို ချပြီးငါးဖမ်းဆီးတာ၊ ပိုက်ကွက်စိပ်နဲ့ငါးဖမ်းဆီးတာ၊ ငါးရစ်၊ ငါးသန်တားမြစ်ငါးဖမ်းကာလမှာ ငါးဖမ်းဆီးတာတွေကြောင့်ဖြစ်ပါတယ်။ အရင်ကဆိုကိုယ့်အိမ်ဘေး၊ ရွာဘေးကချောင်း၊ မြောင်းတွေမှာ ကွန်လေးတစ်ချက်ဆွဲရုံနဲ့ ခဏနေဟင်းစားလေးတော့ရတာပါပဲ၊ အခုဆို ဟင်းစားရဖို့အချိန်ပေးပြီး ဖမ်းနေရပါတယ်။ ရလာတဲ့ငါးတွေကလည်း အရွယ်အစားသေးလာတာတွေ တချို့ရေချိုငါးလေးတွေဆို ရှားပါးလာတာတွေဖြစ်လာပါတယ်။

**မေး။ ဒါဆိုရင် တရားမဝင်နည်းလမ်းတွေဖြစ်တဲ့ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်းတွေ အဆိပ်ချငါးဖမ်းနည်းတွေနဲ့ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနက ဥပဒေအရတားမြစ်ထားခြင်း ရှိ /မရှိကိုလည်း သိပါရစေ။**

ဖြေ။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်း၊ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေ၊ အဆိပ်ချငါးဖမ်းဆီးတာတွေကို မပြုလုပ်ဖို့ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၄ မှာ တားမြစ်ထားပါတယ်။ ဖောက်ဖျက်ကျူးလွန်မယ်ဆိုရင် ဒဏ်ငွေ ကျပ်တစ်သိန်းကနေ သုံးသိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ်ခြောက်လမှ ငါးနှစ်အထိဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်ပေါင်းဖြစ်စေ ကျခံရမှာဖြစ်ပါတယ်။

**မေး။ တရားမဝင်ငါးဖမ်းနည်းတွေကြောင့် ဘယ်လောက်အထိ ဆိုးကျိုးသက်ရောက်နိုင်ပါသလဲ။**

ဖြေ။ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးတဲ့နည်းနဲ့ အဆိပ်ချငါးဖမ်းဆီးတာတွေက ငါးမျိုးကိုပြုန်းတီးစေတဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားတဲ့ ငါးဖမ်းနည်းတွေဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ငါးသေးသေးလေးတွေက သေသွားကြပြီး ငါးလတ်နဲ့ ငါးကြီးတွေဆိုရင် မူးမော်နေတဲ့အတွက် ပိုက်ဆွဲ၊ ကွန်ပစ်ဖမ်းရတာထက်လွယ်ကူပါတယ်။ ဘက်ထရီပို့အားများလေလေ ငါးလတ်၊ ငါးကြီးတွေပါမကျန် ဖမ်းဆီးရမိလေလေဖြစ်ပါတယ်။ လွတ်သွားတဲ့ ငါးတွေဆိုရင်လည်း မသေပေမယ့် မျိုးပွားအင်္ဂါကိုထိခိုက်စေတဲ့အတွက် နောက်ထပ် မျိုးမပွားနိုင်တော့ပါဘူး။ ဒါကြောင့် တရားမဝင်နည်းလမ်း အသုံးပြုပြီး ငါးဖမ်းဆီးတာတွေကို တားမြစ်ရခြင်းဖြစ်ပါတယ်။

**မေး။ ဥပဒေအရတားမြစ်တာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် လိုက်နာမှုအားနည်းနေသေးတာကို တွေ့နေရတဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဘယ်လိုကိုင်တွယ်ဆောင်ရွက်မလဲဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ တရားမဝင်ငါးဖမ်းဆီးတဲ့နည်းလမ်းတွေကို အသုံးပြုဖမ်းဆီးတဲ့အတွက် ငါးမျိုးပြုန်းတီးတဲ့အကြောင်းကို ရေလုပ်သားတွေသိအောင် ကွင်းဆင်းပြီး ပညာပေးဟောပြောတာတွေ၊ လက်ကမ်း စာစောင်ဖြန့်ဝေတာတွေ၊ ဥပဒေတားမြစ်ချက်တွေ၊ ဆောင်ပုဒ်တွေ၊ ဆိုင်းဘုတ်တွေ၊ သတင်းစာ၊ ဂျာနယ်တွေမှာလည်း အခွင့်သင့်သလို ပညာပေးရေးသားပေးနေတာတွေရှိပါတယ်။ တစ်ဖက်ကလည်း စည်းရုံးပညာပေးနေသလို ဥပဒေအရ အရေးယူဆောင်ရွက်နေတာတွေလည်းရှိပါတယ်။

**မေး။ ဖြည့်စွက်ပြောချင်တာရှိရင် သိချင်ပါတယ်။**

ဖြေ။ ဖြည့်စွက်ပြောချင်တာကတော့ သားငါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရာမှာ ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်းမှာတင် တာဝန်ရှိတာမဟုတ်ပါဘူး။ ပြည်သူတွေကလည်း သိရှိနားလည် သဘောပေါက်ပြီး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြမယ်ဆိုရင် တရားမဝင်နည်းလမ်းအသုံးပြုပြီး ငါးဖမ်းတာတွေ ပပျောက်သွားနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

ဟုတ်ကဲ့ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။



**လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ လင်းခေး-မိုင်းပန်မြို့နယ်ကြား ကျောက်ခင်းလမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (မိုင်းပန်မြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လမ်းတံတားဆောင်ရွက်မှုလုပ်ငန်းအတွက် သက်ဆိုင်ရာမှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၆၅၀ ရရှိထားပြီးဖြစ်၍ အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။)

**ဆောင်းနှင်းလတ် (ခရိုင်ပြန်/ဆက်)**

# ဘောလုံးမှာရှုံးပေမယ့် တစ်မျိုးသားလုံးနိုင်တယ်

○ ငါတို့ရဲ့ အာဇာနည်မျိုး
ယူဆယ့်ကိုးတို့
ကြိုးစားတဲ့ဟန်အမျိုးသားမာန်ထည့် ကာတာနဲ့ကန်ပုံက
ချန်ပီယံလိဂ်ကြည့်နေရသလို
ပရီမီယာလိဂ်ကြည့်နေရသလို
ဘဝင်ငြိသမျှထင်တိုင်းလှ
ရင်လှိုင်းတကြွကြွနဲ့
ပြင်းရှတဲ့အရသာ
ဟတ်ထိတယ်ဗျာ . . .။

○ အာဆီယံမက အာရှမက
ဥရောပနှင့်အညီ ကမ္ဘာ့အဆင့်မီအောင်
အပီပြေးလွှားဆုတ်တက်လှုပ်ရှား အဟုတ်မနားဘဲ
အသွေးအသားထဲက တရိပ်ရိပ်တက်အချိတ်အဆက်နဲ့
သွက်သွက်လက်လက်မြန်မြန်ဆန်ဆန် ကစားသွားတဲ့ဟန်ပန်ဟာ
မြန်မာဆိုတာဒါပဲ တောက်မယ့်မီးခဲတရဲရဲမို့
ငွဲနဲ့ပန် ဉာဏ်နဲ့ပြေး ဝမ်းတူးရိုက်ပြီးပေးပုံက
အထင်မသေးနဲ့နောက်တစ်ခါကြောက်စရာ
သိလောက်ပြီကွာ . . .။

○ ငါတို့ရဲ့ ဒီတစ်သင်း
သူ့ဂုဏ်အရည်အချင်းနဲ့
တုဖက်ကင်းတဲ့သမ္ဘာ
ဉာဏ်ပညာအလှလှနဲ့
မြန်မာဆိုတာ မဟာ
မဟာဆိုတာ မြန်မာ
ဒီလိုသာအသိပုံး . . .။

○ စောင့်ပြီးသာကြည့်ပါတော့
နောက်ခရီးအပြာပြာမှာ
မြန်မာ့နည်းမြန်မာ့ဟန်
မြန်မာ့အကြံအစည်အတွေး
မြန်မာ့သွေးနဲ့
မဝေးလှတဲ့အဆုံးတွေ့ မြင်ရအုံး(ဦး)မကွဲ့
ရှုံးရတဲ့ဒီတစ်ပွဲ
အသည်းတွေကွဲပေမယ့်
ရဲရဲကွဲ့ မယိုင်မြဲမြဲခိုင်ခိုင်နဲ့
နိုင်ကြတယ်တစ်မျိုးသားလုံး
(ဟေ့ . . .) တို့ဂုဏ်ယူမဆုံး . . .။ ။

[ကမ္ဘာ့အဆင့်ရှိ ကာတာအသင်းကို သူနိုင်ကိုယ်နိုင်အပြိုင်ကြဲပြီး မယိုင်မလဲခိုင်မြဲသော အားကစားစိတ်ဓာတ်အပြည့်ဖြင့် မြန်မာ့သတ္တိနှင့် မြန်မာ့စိတ်ဓာတ်ကို ပီပီပြင်ပြင်ပြသွားနိုင်သော မြန်မာယူ-၁၉ အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုလျက်]

**မင်းယဉ်စု**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်ကြားရေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဘက်စုံပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် တိုးချဲ့ငါးထပ်ဆောင်နှင့် Modular OT တည်ဆောက်ရေးလုပ်ငန်း၊ အဏုမြူရောင်ခြည်ကုသဌာနတည်ဆောက်ခြင်းလုပ်ငန်း၊ ဆေးရုံကြီးပင်မအဆောက်အအုံ ရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ပြင်ပလူနာဌာနအဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ပြည်သူအများယုံကြည်အားကိုးသော ဆေးရုံကြီးဖြစ်ရန်လိုကြောင်း၊ ဆေးရုံကြီးတည်ဆောက်မှုများတွင် အသုံးပြုမည့်လူနာများနှင့် ဆရာဝန်ကြီးများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရေး၊ ပတ်ဝန်းကျင်အား အန္တရာယ်မဖြစ်စေရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ငါးထပ်ဆောင် ဆောက်လုပ်နေမှု၊ အဏုမြူရောင်ခြည်ကုသဌာန ဆောက်လုပ်နေမှု၊ ပင်မဆောင်ရှေးမူမပျက်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

**❖ ကုန်ကြမ်းအရည်အသွေးမှ**

အဟန့်အတားများဖြစ်စေကြောင်း သိရသည်။

"ကျွန်တော်တို့ဆန်စက်က တန် ၆၀ ကျတဲ့ စက်ပါ။ ဆန်စျေးတွေကလည်း အတော်လေးကို ထိုးကျနေတယ်။ ဆန်အရောင်းအဝယ်သမားတွေလည်း အရှုံးပေါ်နေတယ်။ ပြည်ပပို့ကုန်အရည်အသွေးမီအောင် ကြိတ်ခွဲနိုင်ပေမယ့် ပြည်ပပို့ဖို့ မလုပ်နိုင်သေးဘူး။ ကိုယ်ပိုင်စျေးကွက်မရှိတဲ့ဆန်စက်တွေနဲ့ အရောင်းအဝယ်သမားတွေ စျေးနှိမ်ခံနေရတယ်။ တန်းမြင့်ဆန်ရရှိအောင် ကြိတ်နိုင်ပေမယ့် အခုထိစားသုံးသူလက်ထဲအရောက် မထည့်နိုင်သေးတာတွေ့ရတယ်။ ကုန်ကြမ်းတွေကိုတော့ စျေးကွက်ချောင်ရင် ချောင်သလို ပဲခူး၊ ပိန်းဇလုပ်၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ကျောက်တံခါးစတဲ့ မြို့၊ ရွာတွေတင်မကဘဲ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းထိအောင် သွားရောက်ဝယ်ယူရပါတယ်။ ခနအင်အားကြီးလုပ်ငန်းရှင်တွေကို မတိုးနိုင်သေးတာက တစ်ကြောင်း၊ ပြည်ပကို မတင်ပို့နိုင်တာကတစ်ချက်စတဲ့အခက်အခဲတွေ ရှိနေတော့ အောက်ဝယ်လက်တွေ ပျော်ဘွယ်၊ မိတ္ထီလာ၊ တောင်သာ၊ မန္တလေး အဲဒီမြို့တွေအပြင် မူဆယ်ဘက်အထိ တင်ပို့ရောင်းချကြရတယ်။ ဖြစ်နိုင်မယ်ဆိုရင် အဆင့်မြင့်ဆန်တွေကြိတ်ခွဲပြီး ပြည်ပကိုတင်ပို့နိုင်ဖို့နဲ့ စားသုံးသူတွေဆီ အရောက်ပို့နိုင်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ပိန်းဇလုပ်မြို့ သမစိတ္တဆန်စက် တာဝန်ခံ ဦးအေးထက်ထွန်းက သူ့အမြင်ကို ရှင်းပြသည်။

မြန်မာ့ဆန်ကို ရုရှားနှင့် ဥရောပနိုင်ငံများက ပိုမိုဝယ်ယူကြသည်ဆိုသော်ငြားလည်း အဓိကဝယ်လိုအားရှိသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်ဆန်တင်ပို့နေပါသော်လည်း တရုတ်တွင် ဆန်မှောင်ခိုစျေးကွက်ဖြစ်ပေါ်နေခြင်းကြောင့် တရုတ်သို့ တင်ပို့မှုမှာ အခက်အခဲဖြစ်ပေါ်နေပြီး တရားဝင်စျေးကွက်တင်ပို့မှုဖြစ်လာစေရန် မြန်မာနှင့် တရုတ်အစိုးရတာဝန်ရှိသူများ ညှိနှိုင်းခဲ့ပြီးနောက် တရုတ်ဘက်က ပထမဆုံးအကြိမ်အဖြစ် ဆန်တန်ချိန် ၂၀၀၀၀၀ တရားဝင်ဝယ်ယူရန် ကမ်းလှမ်းလာကြောင်း သိရသည်။

**■ ရန်ကုန်-မန္တလေးမှ**

နှစ်အလိုက် ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းကို ပြန်လည်သုံးသပ်ပါက ၂၀၁၂ ခုနှစ်အတွင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် တစ်နေ့လျှင် ယာဉ်အစီးရေ ၅၀၀၀ ခန့်ဖြတ်သန်းမောင်းနှင်ခဲ့ရာတွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၀၃ မှု၊ ၂၀၁၃ ခုနှစ်အတွင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် တစ်နေ့လျှင် ယာဉ်အစီးရေ ၈၀၀၀ ခန့်ဖြတ်သန်းမောင်းနှင်ခဲ့ရာတွင် ယာဉ်မတော်တဆမှု ၂၅၉ မှုနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ အမြန်လမ်းမပေါ်တွင် တစ်နေ့လျှင် ယာဉ်အစီးရေ ၁၂၀၀၀ ခန့်အထိ ဖြတ်သန်းမောင်းနှင်ခဲ့ရာတွင် ယာဉ်မတော်တဆမှု ၃၄၄ မှုရှိခဲ့သည်။

ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် တစ်နေ့ ယာဉ်ဖြတ်သန်းမှုသည် နှစ်အလိုက်များပြားလာခြင်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုတို့ကို နှိုင်းယှဉ်မည်ဆိုပါက ယာဉ်မတော်တဆဖြစ်ပွားမှုသည် သိသာစွာကျဆင်းလာခဲ့သော်လည်း ယခုထက်မက လျော့ကျစေရေးအတွက် လာမည့်နိုဝင်ဘာလမှ စတင်ကာ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် B SMART ကုမ္ပဏီနှင့်ပူးပေါင်း၍ Vehicle Safety Management System ကို အသုံးပြုမည်ဖြစ်ပြီး GPS Satellite နှင့် GSM/GPRS Network တို့ပေါင်းစပ်၍ မော်တော်ယာဉ်၏ မြန်နှုန်း၊ အချိန်နေရာ စသည့်အချက်အလက်များကို Google Earth ဖြင့် တွဲဖက်လျက် တိကျစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးကြီးနေဝင်းက ပြောကြားခဲ့သည်။ **(နိုင်လင်းကြည်)**

**● ကျောဖုံးမှ**

နိုင်ငံတကာရိုးရာလက်ဝှေ့အထူးငါးချိစိန်ခေါ်ပွဲများတွင် မြန်မာ့လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့် ဥဇဘတ်ကစ္စတန်လက်ဝှေ့ချန်ပီယံ တူတာဘို့ဗ်၊ ဆီးဂိမ်းရွှေဆုရှင် တူးတူး(မြန်မာ)နှင့် ၂၀၁၃ WMC ချန်ပီယံမက်သရူး (ကနေဒါ)၊ ဒဂုံရွှေအောင်လံငွေဆုရှင် သပြေညို(မြန်မာ)နှင့် Lumpinee ချန်ပီယံ နာရွန်ချိုင်(ထိုင်း)၊ ကျားပေါက်(မြန်မာ)နှင့် ရာဖေးလ်(ဘရာဇီး)၊ စောအယ်လေး (မြန်မာ)နှင့် ၂၀၁၄ ချန်ပီယံ ဘတ်ဘာယာ (မွန်ဂိုလီးယား)၊ မိုးဟိန်း (မြန်မာ) နှင့် ဂျိုနယ် (ဖိလစ်ပိုင်)၊ ၂၀၁၃ ဒဂုံရွှေအောင်လံရွှေဆုရှင် ရဲမြတ်အောင် (မြန်မာ) နှင့် ဘီယွန်ဒီ (ဖိလစ်ပိုင်)တို့က ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

နိုင်ငံတကာရိုးရာလက်ဝှေ့ ငါးချိစိန်ခေါ်ပွဲများ မစတင်မီ မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားများ ပေါ်ထွန်းလာစေရေးအတွက် သုံးချီစိန်ခေါ်ပွဲများဖြစ်သည့် သားနဂါး(ဝါဆို)နှင့် သားဖိုးခွား(ရွှေဒေါန)၊ ရှိုင်းထက်နှင့် စိန်လုံးချော(မန္တလေး)၊ စောထူးအောင်(ဒို့ရိုးရာ)နှင့် ဒေါင်းဖြူလေး(ရွှေဒေါန)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့်နာဂစ်လေး(ရွှေဒေါန)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည့်ပွဲစဉ်များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## စန္ဒိမာ ပညာရည်ချွန်ဆုကို မိဘ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများစိတ်ဝင်စားမှုများလာ

**ရန်ကုန် အောက်တိုဘာ ၂၅**

မရမ်းကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်း ငါးကျောင်းမှ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား နှစ်စဉ်ချီးမြှင့်ပေးနေသည့် စန္ဒိမာပညာရည်ချွန်ဆုကို အဆိုပါကျောင်းများမှ မိဘ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများ ပိုမိုစိတ်ဝင်စားလာကြောင်း သိရသည်။

"ဒီဆုကိုထိုက်ထိုက်တန်တန်ချီးမြှင့်ပါတယ်။ တော်တယ်ဆိုတာနဲ့တင် မရပါဘူး။ ဘက်စုံထူးချွန်နေဖို့လိုတယ်။ ဒါကြောင့်လည်း မိဘ၊ ဆရာတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ပိုစိတ်ဝင်စားလာတာပါ။ ထူးချွန်ထက်မြက်တဲ့သူတွေပေါ်ထွက်လာအောင် နှစ်စဉ်မပျက် ချီးမြှင့်ခဲ့ပါတယ်"ဟု စန္ဒိမာပညာသင်ဆုချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းက ပြောသည်။

အဆိုပါဆုကို ၁၉၄၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် သမိုင်းမြို့မ မူ၊ လယ်၊ ထက်ကျောင်း၏ ပထမဆုံး ကျောင်းအုပ်ဆရာကြီး ဦးကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းတို့က ၁၉၈၉-၉၀ ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းကာ နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုကိုစတင်ချီးမြှင့်စဉ်က မရမ်းကုန်းမြို့နယ် အထက(၁) ကျောင်းရှိ ကျောင်းသား ကျောင်းသူများကိုသာ ပေးအပ်ချီးမြှင့်နိုင်ခဲ့သော်လည်း (၁၅) ကြိမ်မြောက်မှစတင်၍ ကျောင်းများကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင် အဆိုပါမြို့နယ်ရှိ အမက(၂)၊ (၉)၊ (၁၄)ကျောင်းတို့နှင့် အလက(၄)ကျောင်းတို့ကိုလည်း ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

ထိုဆုကို ချီးမြှင့်ရခြင်းမှာ ယခင် သမိုင်းမြို့မ မူ၊ လယ်၊ ထက်ကျောင်း [ယခုမရမ်းကုန်း(အထက-၁)ကျောင်း] ကို စတင်ထူထောင်ပေးခဲ့သည့် သမိုင်းမြို့မဆရာတော်ကြီး ဦးစန္ဒိမာဘိဝံသကို ကျေးဇူးဆပ်သည့်အနေဖြင့် ကျောင်းအုပ်ဆရာကြီးဦးကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများက အဆိုပါကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို ပညာရေးတွင် ပိုမိုကြိုးစားလိုစိတ်ဖြစ်ပေါ်လာပြီး နိုင်ငံအကျိုး၊ ကျောင်းအကျိုးသယ်ပိုးထမ်းရွက်လိုသည့် သားကောင်းရတနာများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါဆုကို (၂၅)ကြိမ်မြောက် (ငွေရတု) အဖြစ် နိုဝင်ဘာ ၂ ရက်တွင် မရမ်းကုန်းမြို့နယ် အထက (၁) ကျောင်းရှိ စန္ဒိမာခန်းမ၌ ထိုက်တန်စွာချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **(ဌေးအောင်)**

## ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ UK မီးသီးပွဲရုံတွင်မီးလောင်

**ရန်ကုန် အောက်တိုဘာ ၂၅**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ UK မီးသီးပွဲရုံတွင် ယနေ့ နံနက် ၃ နာရီခွဲခန့်က မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ပွဲရုံမှာက လူမရှိဘူး။ အပေါ်ထပ်ဆိုတော့ ငြိမ်းသတ်ရတာ နည်းနည်းခက်ခဲတယ်။ မီးငြိမ်းသတ်ဆေးဘူးတွေ အဆင်သင့်ရှိတဲ့အပြင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းတွေ ဆောင်ရွက်ထားတဲ့အတွက် အချိန်တိုအတွင်း မီးငြိမ်းနိုင်ခဲ့ပါတယ်" ဟု ဘုရင့်နောင်မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးအောင်လင်းဦးက ပြောကြားသည်။

ထိုမီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများနှင့် မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ အချိန်အနည်းငယ်အတွင်း မီးငြိမ်းသွားကြောင်း သိရသည်။


ယင်းမီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အဆိုပါပွဲရုံအတွင်းရှိ စက္ကူဖာများနှင့်မီးသီးများ မီးလောင်ကျွမ်းခဲ့ပြီး ပွဲရုံပိုင်ရှင် ဦးသိန်းဦးအား ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝ၃၇)**

❖

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ**



## သုတပြည့်စုံ ဗုဒ္ဓကြေးမုံ



အရှင်ပညာဝံသ(မရမ်းကုန်း) ရေးသားသော သုတပြည့်စုံဗုဒ္ဓကြေးမုံစာအုပ်ထွက်ရှိလာသည်။ အနှိုင်းမဲ့ဘုရားရှင်၏ ဘဝဖြစ်စဉ်ကို ဗုဒ္ဓဘာသာဝင်များ၊ လူငယ်မျိုးဆက်သစ်များသိရှိနားလည်သဘောပေါက်စေရန် ရေးသားထားသည်။ ၎င်းစာအုပ်တွင် ကမ္ဘာတည်ပုံ ပျက်ပုံအကြောင်း၊ ဗုဒ္ဓဝင်အကျဉ်း၊ အလောင်းတော်သိဒ္ဓတ္ထမင်းသားဘဝဖြစ်စဉ်၊ ဒုက္ကရစရိယာကျင့်တော်မူခြင်း၊ ရာဇဂြိုဟ်ပြည်၊ ကပိလဝတ်ပြည် ကြွတော်မူခန်း၊ မြတ်စွာဘုရားရှင်၏ နောက်ဆုံးနှစ်နောက်ဆုံးခရီးစသည့်အကြောင်းအရာများကို ဝေဝေဆာဆာဖော်ပြထားပါသည်။ မဖ္စိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉) လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၃၉၂၈၃၅မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။

## MNTV ရုပ်သံလိုင်း Political Dialogue အစီအစဉ်တွင် ထုတ်လွှင့်ခဲ့သော ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းအစီအစဉ်စာအုပ်



MNTV ရုပ်သံလိုင်း Political Dialogue အစီအစဉ်တွင် နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ဆရာကိုကို(စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းထားသည့် ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းအစီအစဉ်စာအုပ်ကို မဖ္စိမစာပေမှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါတွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို Myanmar National Television နှင့် Yangon Media Group တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါအစီအစဉ်ပြုလုပ်ရခြင်းမှာ ဒီမိုကရေစီစနစ်ကူးပြောင်းရေးကာလတွင် ပြည်သူ့ဝန်ထမ်းများ၏ကဏ္ဍသည်လည်း အရေးကြီးသည့်ကဏ္ဍ၌ ပါဝင်နေ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ဝန်ထမ်းများသိရှိနားလည်စေရန် စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်းသူ ဆရာကိုကို(စက်မှုတက္ကသိုလ်)က "အခုစာအုပ်မှာပါတဲ့ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေအပေါ် အမြင်မတူမှုတွေရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အခုဆွေးနွေးမှုတွေကို တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ နိုင်ငံကို ကောင်းစေချင်တဲ့စိတ်၊ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူက ယုံကြည်အားကိုးမှုရှိလာစေချင်တဲ့ဆန္ဒမွန်တို့နဲ့ ဆွေးနွေးခဲ့တာကတော့ အသေအချာဖြစ်ပါတယ်"ဟု ဆိုသည်။

အဆိုပါစာအုပ်ကို ဝယ်ယူဖတ်ရှုလိုသူများအနေဖြင့် မဖ္စိမစာပေ အမှတ် (၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅ တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

## တပင်တိုင်မြနန်းအစွမ်းအံ့မခန်းနှင့် ဆေးဖက်ဝင်အပင်များ



ပေါက်ပေါက်ရေးသားသော တပင်တိုင်မြနန်းအစွမ်းအံ့မခန်းနှင့် ဆေးဖက်ဝင်အပင်များ စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် အမျိုးသမီးရောဂါများအတွက် တပင်တိုင်မြနန်းအသုံးဝင်ပုံ၊ သားအိမ်ကင်ဆာရောဂါအတွက် ကမ်းဇော်ဆီ၊ ကလီဆာကင်ဆာရောဂါများအတွက် မုန်လာဥနီ၊ ကင်ဆာဆဲလ်တွေသေစေတဲ့ ဒူးရင်း၊ ဩဇာရွက်၊ အစာအိမ်နှင့် အရိုးကင်ဆာများအတွက် ဆေးကောင်းတစ်လက်၊ အူမကြီးကင်ဆာမဖြစ်အောင်ကာကွယ်ပေးမည့် စပါးလင်လေးများအကြောင်း၊ ဆီးကျိတ်ကင်ဆာရောဂါအတွက် ပူစီနံရွက်လေးများ၊ အဆုတ်ကင်ဆာဆဲလ်တွေသေစေတဲ့ ပြိုင်စံရှားဖျော်ရည်၊ ကင်ဆာရောဂါများအတွက် လိမ္မော်သီး၊ ကန်စွန်းရွက်က ကင်ဆာဆဲလ်တွေကိုထိန်းချုပ်ခြင်း စသည့်အကြောင်းအရာများစွာပါဝင်သည်။ မဖ္စိမစာပေ အမှတ် (၂၃၇) (ပထမထပ်-ဝဲ) (၃၉) လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

# ရပ်ရွာအကျိုးသယ်ပိုးမည့်ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ကြ

ရန်ကုန် အောက်တိုဘာ ၂၅

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်း၍သိရှိနိုင်ရန် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်ခိုင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်။**

မေး၊ ရေး၊ ဓာတ်ပုံ - ရီရီမြင့်၊ ဥမ္မာသန့်

**မေး။ ။ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် ဘယ်နှမြို့နယ်မှာ ရွေးမှာပါလဲ။**

ဖြေ။ ။မြို့နယ် ၃၃ မြို့နယ်မှာ ရွေးချယ်သွားမှာပါ။ ပထမတစ်ခါက ၃၂ မြို့နယ်ပဲ လုပ်မယ်။ ဆိပ်ကမ်းမြို့နယ်က အရင်တုန်းကမလုပ်ဘူးလို့ အကြမ်းဖျင်းသတ်မှတ်ခဲ့တာ၊ အခု တကယ်လုပ်တော့ ဆိပ်ကမ်းမြို့နယ်အပါအဝင် ၃၃ မြို့နယ်လုံးကနေ ရွေးမှာပါ။

**မေး။ ။အရွေးခံမယ့်သူတွေရဲ့ အရည်အချင်းသတ်မှတ်ထားတာကို ပြည်သူတွေသိအောင် ပြောပြပေးပါဦး။**

ဖြေ။ ။အရည်အချင်းသတ်မှတ်ချက်က သက်ဆိုင်ရာမြို့နယ်အတွင်းမှာ ၁၀ နှစ် နေထိုင်သူဖြစ်ရမယ်။ နောက်တစ်ခုက အသက်ကန့်သတ်ချက်ပါ။ မြို့နယ်အဆင့်ဆိုရင် အသက်(၃၅)နှစ်ကနေ (၅၅)နှစ်၊ ခရိုင်အဆင့်ဆိုရင် အသက်(၄၀)နှစ်ကနေ (၆၀)နှစ်၊ ကော်မတီဝင်အဆင့်ဆိုရင် အသက်(၄၅)နှစ်ကနေ (၆၅)နှစ်ပါ။ အဲဒီလိုမျိုး သတ်မှတ်ထားပါတယ်။ ကျန်တဲ့ကိစ္စတွေမှာ ထွေထွေထူးထူးသတ်မှတ်ချက်မရှိပါဘူး။

**မေး။ ။အရွေးခံပြီးတဲ့ ကော်မတီဝင်တွေအနေနဲ့ ရပ်ရွာအကျိုးကို ဘယ်လိုဆောင်ရွက်ကြမှာလဲ။**

ဖြေ။ ။စည်ပင်သာယာဥပဒေပြဋ္ဌာန်းပြီးပြီ၊ စည်ပင်သာယာရေးဥပဒေအတိုင်း လုပ်ပေးရမယ်။ စည်ပင်သာယာလုပ်တဲ့အလုပ်တွေ လုပ်ပေးရမှာပါ။

**မေး။ ။မဲပေးဖို့ ဆောင်ရွက်ထားရှိမှုကို ရှင်းပြပေးပါဦး။**

ဖြေ။ ။မဲပေးတဲ့အချိန်ကျရင် အားလုံးလာပြီး မဲပေးစေချင်တယ်။ မဲပေးတဲ့နေ့ ကြေညာမယ်။ သွားပြီး လေ့လာရမယ်။ ကိုယ့်အမည်ပါလား သွားကြည့်ရမယ်။ ရပ်ကွက်ရုံးမှာ ကပ်ထားမယ်။ မဲစာရင်းပေးတဲ့နေ့မှာ အမည်စာရင်းပေးထားတဲ့လူ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အားလုံးလာပြီး မဲပေးစေချင်တယ်။



ဦးအောင်ခိုင်

**မေး။ ။ကော်မတီဝင်တွေဖြစ်လာရင် ရပ်ရွာအကျိုးကို ဘယ်လိုဆောင်ရွက်ကြမှာလဲ။**

ဖြေ။ ။ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့အတွက် အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ မြို့အင်္ဂါရပ်နဲ့အညီ တိုးတက်အောင်လုပ်နေတယ်။ အစတုန်းကတော့ အစိုးရအဖွဲ့အစည်းအနေနဲ့ တည်ရှိနေတာ။ အခု ပြည်သူလူထုက မဲထည့်ပြီးတော့ ရွေးပေးစေချင်တယ်။ ပြည်သူရွေးကောက်တဲ့သူတွေပါလာရင် ရပ်ထဲရွာထဲမှာ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေအားလုံးကို သူတို့ ပိုပြီးဖြေရှင်းပေးနိုင်တာပေါ့။ ပြည်သူကို အခြေပြုတာပေါ့။

**မေး။ ။ရွေးချယ်တင်မြှောက်ပွဲနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။မြို့နယ်၊ ခရိုင်ကော်မရှင်တွေက လျှောက်တဲ့သူတွေ အများကြီး၊ အခုအချိန်ဆိုရင် နေရာတွေ ပြည့်ကုန်ပြီ၊ ဒီနေ့ စာရင်းလုပ်မှာပါ။ တစ်မြို့နယ် သုံးဦးနဲ့ ၃၃ မြို့နယ်ဆို ၉၉ ဦး၊ တစ်ခရိုင်မှာ သုံးဦးနဲ့ လေးခရိုင်ဆိုတော့ ၁၂ ဦး၊ ရန်ကုန်မြို့တော်ကော်မတီဝင်က ခရိုင်ကိုယ်စားပြု လေးဦး အားလုံးပေါင်း ၁၁၅ ဦး ယှဉ်ပြိုင်အရွေးခံရမှာပါ။ စာရင်းတင်ပြီးရင် ဝင်ရောက်ယှဉ်ပြိုင်မယ့်နေ့ ကြေညာမယ်။ အချိန်နဲ့တစ်ပြေးညီထုတ်ပြန်နေတဲ့ သတင်းထုတ်ပြန်ချက်တွေကို ယှဉ်ပြိုင်တဲ့သူတွေက လေ့လာထားစေချင်တယ်။ အချိန်နဲ့တစ်ပြေးညီလုပ်နေပါတယ်။ ပြည်သူကတော့ မဲပေးဖို့တာဝန်ရှိတယ်။ ၃၃ မြို့နယ်က ပြည်သူတွေက သူ့မြို့နယ်အလိုက် မဲပေးပိုင်ခွင့်ရှိတယ်။ တစ်အိမ်ထောင် တစ်ယောက်နှုန်း မဲပေးရမှာပါ။

မြို့နယ်က သက်ဆိုင်တဲ့သူက သူ့မြို့နယ်အတွက် ရွေး၊ ခရိုင်ကဆိုရင် ခရိုင်နဲ့သက်ဆိုင်တဲ့ မြို့နယ်တွေက ရွေး၊ လူဦးရေက ရပ်ကွက်မှာပဲ ရှိတာလေ။ မြို့နယ်၊ ခရိုင်မှာ လူဦးရေမရှိဘူး။ ရပ်ကွက်က လူတွေကပဲ တိုက်ရိုက်တစ်ခါတည်း ရွေးရမယ်။ အဲဒီရွေးလိုက်တဲ့မဲတွေကို အကုန်လုံးပေါင်းပြီးတော့ များတဲ့သူနိုင်သွားမှာပါ။ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နေ့မှာ လုပ်မှာပါ။

မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ပြည်သူတစ်ဦးက ကော်မတီမှာလည်း မဲပေးမယ်။ ခရိုင်မှာလည်း သုံးဦးကို မဲပေးခွင့်ရှိမယ်။ မြို့နယ်က သုံးဦးကိုလည်း မဲပေးမယ်။ မဲပေးသူတစ်ဦးက ခရိုင်တစ်ခုထဲမှာ လူခုနစ်ဦးကို မဲပေးရမယ်။ အဲဒီ ခုနစ်ဦးက မြို့နယ်အတွက် သုံးဦး၊ ခရိုင်အတွက် သုံးဦး၊ ကော်မတီဝင်အတွက် တစ်ဦး စုစုပေါင်း ခုနစ်ဦး ရွေးပေးရမယ်။ ခုနစ်ကြိမ် မဲပေးရပါမယ်။

လက်ရှိ စည်ပင်သာယာရေး ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးတွေက အဲဒီအဖွဲ့မှာ အတွင်းရေးမှူးအဖြစ်နဲ့ ဆက်လက်ဆောင်ရွက်မှာပါ။ ၂၀၁၃ စည်ပင်သာယာရေးဥပဒေအရပေ့ါ။ အဲဒီလိုရွေးချယ်ပြီးရင် ခရိုင်နဲ့မြို့နယ်မှာ ငါးဦးစီ ဖြစ်လာမယ်။ လက်ရှိ မြို့တော်ကော်မတီမှာ မြို့တော်ဝန်အပါအဝင် ငါးဦးရှိတယ်။ နောက်ထပ် လေးဦးနဲ့ ပေါင်း ကိုးဦးဖြစ်လာမယ်။

**မေး။ ။ပြည်သူတွေသိအောင် ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ရွေးကောက်ပွဲအချိန်တိုအတွင်းမှာ ပြည်သူလူထုက ဒီမိုကရေစီနည်းကျကျ လွတ်လပ်စွာရွေးချယ်လိုက်တဲ့သူတွေက စည်ပင်သာယာရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်စေချင်တယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ပိုပြီးဆောင်ရွက်နိုင်မယ်လို့ထင်ပါတယ်။ မဲပေးသူများကလည်း မိမိတို့ရပ်ရွာအကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်တဲ့ သူကိုသာ ရွေးချယ်ကြစေချင်ပါတယ်လို့ပြောချင်ပါတယ်။

သို့ဖြစ်ရာ မြို့တော်နေပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာလှပရေး၊ မြို့တော်နေ ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝဖူလုံပြည့်စုံရေးကို စွမ်းစွမ်းတမံဆောင်ရွက်ပေးမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်အဆင့်ဆင့်ကို ဒီမိုကရေစီနည်းလမ်းကျကျ တက်တက်ကြွကြွ လွတ်လွတ်လပ်လပ်ရွေးချယ်ပေးကြရန်သာ လိုပါတော့သည်။ ။







သွေးသည် အသက်

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် အောက်တိုဘာ ၂၅**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာကျူးကျော်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သယ်ယူရောင်းချမည့်သတင်းအရ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက မော်ဝမ်လှုပ်ရှားအဖွဲ့မှ ဒုတိယရဲမှူးဇော်မျိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပူးပေါင်း၍ ကျူးကျော်ရပ်ကွက်ရှိ ပုံကျတဲငယ်များအား ဝင်ရောက်ရှင်းလင်းစဉ် CNDA အမျိုးအစား 125 ဆိုင်ကယ်စီးနင်းလာသူ ဇော်ထွန်းအား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းရှိ အစိမ်းရောင်တောစီးဖိနပ်အတွင်းမှ အစိမ်းရောင်ခြေအိတ်တွင် အနက်ရောင်အိတ်ဖြင့်ထုပ်လျက် အပြာရောင်ကပ်ခွာအိတ်များအတွင်း WY စာတန်းပါ အနီရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါနှစ်ထုပ်၊ ၁၉၀ ပါ တစ်ထုပ်တို့မှ စိတ်ကြွဆေးပြား စုစုပေါင်း ၅၉၀ သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်အတူ လက်ဝယ်တွေ့ရှိသူ ဇော်ထွန်း (၃၃)နှစ် တနိုင်းမြို့နယ်နေသူအား လုံးခင်းနယ်မြေရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

❑

## မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် အောက်တိုဘာ ၂၅**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၁၀-၂၀၁၄ ရက်အထိ ၃၆ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၃၆၇၈၈၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၄၉၆၅၆၅ ဒသမ ၈၇ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၄၈၈၆၁၈ ဒသမ ၄၉ ကျပ်သန်း စုစုပေါင်း ၉၈၅၁၈၄ ဒသမ ၃၆ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် ၉၄၆၉၀ စီး၊ ကားအရောင်းပြခန်းများအတွက် ၈၀၆၄၄ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြည်ပနေအလုပ်လုပ်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၈၆၅၆၈ စီးတို့ဖြစ်ကြောင်း သိရသည်။


**(ဝင်းလှိုင်)**

















# မြဝတီမြို့တွင် ကျပ်သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ လောင်းကစားကွန်ပျူတာဂိမ်းစက်များ တတိယအကြိမ် မီးရှို့ဖျက်ဆီး



**မြဝတီ အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း ပြီးခဲ့သည့် ဧပြီလမှ အောက်တိုဘာလအထိ ဖမ်းဆီးရမိခဲ့သော ကွန်ပျူတာလောင်းကစားဂိမ်းစက်မျိုးစုံ ၂၃၅ လုံးကို အမှတ်(၄)ရပ်ကွက် မိဋ္ဌာန်အောင်ဘုရား ပရိဝုဏ်အတွင်း၌ ယနေ့ နံနက်ပိုင်းက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဖမ်းဆီးရမိခဲ့သည့် လောင်းကစား ဂိမ်းစက်များအား တတိယအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်းဖြစ်ပြီး ကျပ်သိန်းပေါင်း ၃၄၇၀ ရှိကြောင်း၊ ပထမအကြိမ် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဂိမ်းစက်မျိုးစုံ ၈၉ လုံးနှင့် ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် မတ်လတွင် ၁၉၉ လုံး မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြင့်၏ ပြောကြားချက်အရ သိရသည်။

"လောင်းကစားပစ္စည်းတွေ အကြိမ်ကြိမ်မီးရှို့ဖျက်ဆီးခဲ့ရတာကိုကြည့်ခြင်းအားဖြင့် နယ်စပ်ဒေသမှာအကြိမ်ကြိမ် လောင်းကစားပြုလုပ်နေတယ်ဆိုတာ သုံးသပ်ရပြီး သက်ဆိုင်ရာကလည်း စဉ်ဆက်မပြတ် ဖမ်းဆီးအရေးယူမှုဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ လောင်းကစားဂိမ်းကစားခြင်းဟာ လူကြီးတွေကအစပြုပြီး ကျောင်းသားကျောင်းသူတွေပါ ပါဝင်လာတဲ့အထိ အကျင့်စာရိတ္တ ပျက်ပြားစေတယ်။ ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးသုံးစွဲသည်ထိ ဖြစ်ပေါ်လာတဲ့အတွက် အမျိုးသားရေး စိတ်ဓာတ်တွေ ပျက်ပြားစေတဲ့ လောင်းကစားဂိမ်းဆိုင်တွေကို ပြည်သူလူထုမှ ပူးပေါင်းပါဝင်အမြစ်ပြတ် ချေမှုန်းကြဖို့လိုပါတယ်" ဟု ခရိုင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**(ကြေးမုံ)**



# အသက်(၇၅)နှစ်အရွယ် အမေရိကန်နိုင်ငံသူ ခရီးသွားတစ်ဦး ကျန်းမာရေးအခြေအနေကြောင့် မကွေးမြို့တွင် ဆေးကုသမှုခံယူနေရ

**မကွေး အောက်တိုဘာ ၂၅**

အမေရိကန်နိုင်ငံသူ ကမ္ဘာလှည့်ခရီးသည်တစ်ဦး မကွေးမြသလွန်စေတီတော်အား ဖူးမြော်လေ့လာပြီး သင်္ဘောပေါ် ပြန်အရောက်တွင် မူးလဲသွားသဖြင့် မကွေးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။ **(ဝဲပုံ)**

အောက်တိုဘာ ၂၃ ရက်က ကမ္ဘာလှည့်ခရီးသည်များ တင်ဆောင်လာသည့် Orient Pandaw ရေယာဉ်သည် မန္တလေးမြို့မှ မကွေးမြို့သို့ ထွက်ခွာလာရာ ညနေ ၃ နာရီခွဲတွင် မကွေးမြို့သို့ရောက်ရှိခဲ့သည်။

ယင်းကမ္ဘာလှည့်ခရီးသည်အဖွဲ့တွင် ပါဝင်သူ အမေရိကန်နိုင်ငံသူ Mrs.Bolte Elfriede (၈၅)နှစ်သည် မြသလွန်စေတီတော်ပေါ်သို့ ခြေကျင်တက်၍ ကြည့်ရှုခဲ့ပြီး စေတီတော်မှအပြန် ညနေ ၆ နာရီခွဲတွင် ၎င်းစီးနင်းလာသည့် သင်္ဘောပေါ်အရောက်တွင် မူးလဲသွားခဲ့သဖြင့် တာဝန်ရှိသူများက မကွေးမြို့ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့သည်။ Mrs.Bolte Elefriede သည် ဆေးရုံသို့ရောက်ရှိချိန်တွင် သွေးပေါင်ချိန် ၁၈၀၊ ၁၁၀ ဖြင့် သတိလစ်မေ့မြောနေပြီး မကွေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးခဲ့ရာ နှလုံးသွေးကြောကျဉ်းရောဂါတွေ့ရှိခဲ့ပြီး အထူးကြပ်မတ်ဂရုစိုက်ကုသပေးခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက် ၁ နာရီတွင် ပြန်လည်သတိရကာ သွေးခုန်နှုန်းပုံမှန်ရှိပြီး လူနာမှာ စကားပြောဆိုလာနိုင်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောပေါ်တွင် အမေရိကန်နိုင်ငံသား ၃၅ ဦး၊ ကနေဒါနိုင်ငံသားလေးဦး၊ ဂျာမနီနိုင်ငံသား လေးဦး၊ ဗြိတိန်နိုင်ငံသား သုံးဦးလိုက်ပါလာကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း လူသားအားလုံးအန္တရာယ်ကင်း

**ရန်ကုန် အောက်တိုဘာ ၂၅**

မော်တော်ယာဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနေသည့် အချက်များရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အဆိုပါ မော်တော်ယာဉ်များအား စည်းကမ်းတကျလိုက်နာဆောင်ရွက်မှုအားနည်းသည့် လူတချို့ကြောင့် ယာဉ်များမတော်တဆတိုက်ခိုက်မှုများ၊ အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများမှာလည်း ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်တိုးပွားဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘေးအန္တရာယ်တစ်ခုအဖြစ် ကြေညာပြီး ၂၀၀၄ ခုနှစ်တွင် WHO ၏ ဆောင်ပုဒ်အဖြစ် "Road Safety is No Accident" (ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း လူသားအားလုံးအန္တရာယ်ကင်း) ဟု သတ်မှတ်၍ လှုပ်ရှားဆောင်ရွက်မှုများလုပ်ခဲ့ကြသည်။

သို့ပါ၍ ASEAN Summit မတိုင်မီ ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းပိုင်းဆိုင်ရာ တိုးတက်ထိန်းကျောင်းမှု အခြေအနေနှင့် စပ်လျဉ်း၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှု အခန်းကဏ္ဍအား ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွန်းအား သွားရောက်တွေ့ဆုံမေးမြန်းရာ-

"ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ တာဝန်တွေထဲမှာ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးနဲ့ ယာဉ်ကြောသွားလာမှု လွယ်ကူစွာသွားလာနိုင်ဖို့ ဆောင်ရွက်ပေးရတဲ့ အပိုင်းကဏ္ဍတစ်ခုရှိပါတယ်။ ယာဉ်မတော်တဆဖြစ်ပွားမှုတွေမဖြစ်ပွားစေဖို့ ဥပဒေနဲ့အညီ ထိန်းကျောင်းပေးရသလို ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုတွေကိုလည်း ဥပဒေနဲ့အညီ စုံစမ်းဖော်ထုတ်တရားစွဲတင်ပို့ပေးတဲ့ တာဝန်ကိုထမ်းဆောင်ပေးရပါတယ်။ ဒါကတော့ ယာဉ်မတော်တဆမှုအပိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ယာဉ်ကြောသွားလာမှုလွယ်ကူစွာ သွားလာနိုင်မှုအတွက် ဆောင်ရွက်ပေးတဲ့ နေရာမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ လုပ်ငန်းစဉ်(၃)ရပ်ကို အဓိကထားပြီး ဆောင်ရွက်ပေးပါတယ်။ ဒါတွေကတော့ လမ်းဆုံ၊ လမ်းခွ၊ အဝိုင်း၊ မီးပွိုင့်၊ လူကူးမျဉ်းကြားစတဲ့ ယာဉ်သွားလမ်းနဲ့ ဆက်စပ်မှုရှိတဲ့ နေရာတွေမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ ချထားပြီး လက်အချက်ပြစနစ်၊ အင်ဂျင်နီယာနည်းစနစ်၊ အထောက်အကူပြုကိရိယာတွေကို အသုံးပြုပြီး ယာဉ်သွားလာမှုကို ထိန်းကျောင်းပေးခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိတာကို စစ်ဆေးတွေ့ရှိလျှင်လည်း တည်ဆဲဥပဒေဖြစ်တဲ့ မော်တော်ယာဉ်နည်းဥပဒေများနဲ့အညီ အရေးယူခြင်းနဲ့ လမ်းအသုံးပြုသူများဖြစ်တဲ့ ယာဉ်မောင်းတွေ၊ ခြေကျင်ခရီးသွားတွေ၊ ဘတ်စ်ကားစီးခရီးသည်တွေ၊ အနေးယာဉ်မောင်းတွေ အပါအဝင် လူတန်းစားအလွှာအားလုံး ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိတွေ ရရှိစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုယ်တိုင် အသိပညာပေးဟောပြောခြင်း၊ သတင်းစာ၊ ဂျာနယ်၊ အသံလွှင့်ဌာနအစရှိတဲ့ မီဒီယာအသီးသီးကတစ်ဆင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။


ယာဉ်ကြောသွားလာမှု လွယ်ကူစွာသွားလာနိုင်ရန်အတွက် အဓိကကျတဲ့အချက်တစ်ခုကတော့ လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို တိကျစွာလိုက်နာဖို့ လိုအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းအပေါ် မူတည်နေပါတယ်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုအားနည်းတဲ့ အတွက်ကြောင့် ယာဉ်ကြောသွားလာမှု ကျပ်တည်းခက်ခဲမှုတွေဖြစ်လာသလို ယာဉ်မတော်တဆမှုတွေလည်းဖြစ်လာပါတယ်။ ဒါကြောင့်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို အများပြည်သူလိုက်နာနိုင်စေဖို့ အသိပညာပေးခြင်းအပိုင်း၊ ဥပဒေနဲ့ထိန်းကျောင်း အရေးယူခြင်းအပိုင်းတွေကို အရှိန်မြှင့်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီး လင်းထွန်းက "ဒီနေရာမှာ ယာဉ်သွားလမ်းပေါ် ယာဉ်ကြောရှင်းလင်း

အမေး အဖြေ ›› အေးကို(သတင်းစဉ်)

ထိန်းသိမ်းခြင်း တာဝန်အတွက် တပ်ဖွဲ့ဝင်အင်အား အများဆုံးအသုံးပြုတာ ၅၃ ရာခိုင်နှုန်း အထိရှိပြီး ကျန်တဲ့ ၄၇ ရာခိုင်နှုန်းကိုတော့ အခြားအပိုင်းတွေမှာ အသုံးပြုထားရပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ယောက်ဟာ ယာဉ်စီးရေ ၁၀၀၀ လောက်ကို ထိန်းသိမ်းနေရတဲ့ အနေအထားမှာရှိပါတယ်။ တပ်ဖွဲ့ဝင်အားလုံးကို ယာဉ်ကြောရှင်းလင်းထိန်းသိမ်းခြင်းအတွက် အသုံးပြုနိုင်ခြင်းမရှိတာကြောင့် မြေပြင်မှာ တာဝန်ပေးအပ်ထားတဲ့ အင်အား ၅၀၀ ကျော်နဲ့ ၂၀၁၄ ဩဂုတ်လအထိ မှတ်ပုံတင် ယာဉ်စီးရေ ၄၆သိန်း ရှစ်သောင်းကျော်ကို အချိုးချကြည့်မယ်ဆိုရင် ၁း၁၀၈၇ လောက်ဖြစ်နေတာတွေ့ရပါတယ်။ တပ်ဖွဲ့ဝင် အင်အားတစ်ထောင်ကျော်စလုံးကို မြေပြင်မှာ တာဝန်ပေးရမယ်ဆိုရင်တောင် အချိုးဟာ ၁း၅၀၀ ခန့်ရှိနေပါတယ်။ဒါကတော့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ တာဝန်ထမ်းဆောင်နေတဲ့အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

သို့ပါ၍ မြို့တော်သူ မြို့တော်သားများအနေဖြင့် နေ့စဉ် ယာဉ်အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် မြန်မာ့အသံမှ ယခုတိုင်မဆုံးနိုင်သေးသော "ယာဉ်အန္တရာယ် စုပေါင်းကာကွယ်ပါမည်၊ လမ်းစည်းကမ်းကိုလည်း လိုက်နာဖို့လိုပါသည်" အသိပေးနှိုးဆော်တင်ပြလိုက်ရပါသည်။ ။




# ကင်းထောက်လူငယ် အခြေခံသင်တန်းဆင်းပွဲကျင်းပ

**မော်လိုက် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ကင်းထောက်လူငယ်အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်လဝကဦးစီးမှူး ဦးသိန်းတန်က သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက သင်တန်းတွင် ဝိုင်းဝန်းကူညီခဲ့ကြသော ဆရာ ဆရာမများအား ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။

ယင်းနောက် ကင်းထောက်လူငယ်မောင်မယ်များက သရုပ်ဖော်ပြကွက်များဖြင့် ဖျော်ဖြေခဲ့ကြသည်။ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီအဖွဲ့ဝင်များနှင့် ကင်းထောက်လူငယ်မောင်မယ်တို့ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ကျော်ပွား(မော်လိုက်)**

## ဖိတ်ကြားစာ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ မင်္ဂလာဇေယျကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး၊ ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ်အား ဦးထိပ်ထား၍ ပင့်သံဃာတော်(၁၀၈)ပါးတို့အား ရန်ကုန်မြို့နေ One Flower (အထည်ချုပ်လုပ်ငန်း) မိသားစုတို့မှ ကထိန်လျာသင်္ကန်းနှင့် အခြံအရံ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသဖြင့် မိသားစုတို့နှင့်အတူ အလှူတော်မင်္ဂလာမဏ္ဍပ်သို့ တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေ များအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကထိန်အကြိုတရားပွဲများ
၂၆-၁၀-၁၄ရက်မှ ၃၀-၁၀-၁၄ရက်ထိ
ညစဉ် ၇း၀၀ နာရီ
အလှူတော်မင်္ဂလာအချိန်
၃၁-၁၀-၁၄ ရက် နံနက် ၈း၀၀ မှ ၁၂း၀၀ ထိ
One Flower အထည်ချုပ်လုပ်ငန်း






စာအုပ်စာပေလှူမိတ်ဆွေ












## အိမ်နှင့်ခြံရောင်းမည်

2RC၊ ပေ(၆၀×၈၀) H-Lot,FMI City, လှိုင်သာယာမြို့နယ်၊ Master Bedroom (၄)ခန်း၊ အခန်းကျယ်(၂)ခန်း၊ ကားဂိုဒေါင်(၂)စီး၊ လိုင်းဖုန်း(၂)လုံး၊ aircon (၃)လုံး၊ ပါကေး၊ ကြွေပြားနှင့် အဆင်မြင့်ပြင်ဆင်ပြီး နေထိုင်ရန်အသင့်။ သိန်း(၆၀၀၀)

ဆက်သွယ်ရန်
ဖုန်း **09-254045672 & 09-420130828**
အကျိုးဆောင်(၂%)

## အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီးအောင်သင်း ကွယ်လွန်



သေကိန်းဆိုက်တဲ့ညနှင့် အခြားဝတ္ထုတိုများ၊ အမွေ၊ စဥ်းစားစရာလေးတွေ၊ အနာဂတ်ကို မကြောက်နဲ့ မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်၊ ကံ့ကူလက်လှည့်၊ စာပေလူကြမ်းမင်းသား၊ ရည်မှန်းချက်နဲ့ပြဿနာ အထွေထွေ၊ သရက်ထောင်ဖောက်ခဲ့စဥ်က၊ သူတို့နှင့်ကျွန်တော်၊ အတွေးစကား စသည့် လုံးချင်းစာအုပ် ၅၀ ကျော် ရေးသားထုတ်ဝေခဲ့ကာ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ခဲ့သည့် အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး အောင်သင်းသည် ယနေ့နံနက် ၁၁ နာရီအချိန်ခန့်တွင် ရန်ကုန်မြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီဖြစ်သည်။

ဆရာကြီးကိုအဘ သခင်ညီမောင်၊ အမိ ဒေါ်ရွှေကြင်တို့က ၁၉၂၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် တောင်တွင်းကြီးမြို့၌ မွေးဖွားခဲ့ပြီး တောင်တွင်းကြီးမြို့ မိုးထိမြန်မာကျောင်းတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် မကွေးကောလိပ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ စတင်၍ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် နည်းပြဆရာမှ လက်ထောက်ကထိက ရာထူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ကျင့်ဝတ်နီတိဆိုင်ရာများ၊ ယဥ်ကျေးမှုဆိုင်ရာ သုတစာပေများစွာကို ရေးသားခဲ့သည့်အပြင် လူငယ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝများ ကိုယ်ရည်ကိုယ်သွေး တောက်ပြောင်စေရန်အတွက် စာပေရေးသားခြင်းနှင့်အတူ စာပေဟောပြောခြင်းများကို ဘဝတစ်လျှောက်လုံးမြုပ်နှံကာ ရှင်သန်နေထိုင်ခဲ့သူဖြစ်သည်။

ဆရာကြီးသည် ဇနီး ဒေါ်တင်တင်ကြိုင်နှင့် သားသမီးသုံးဦးထွန်းကားခဲ့ကာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဓမ္မိကဝတီလမ်း အမှတ်(၄၆)တွင် နေထိုင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သားသမီး သုံးဦး၊ မြေးလေးဦးနှင့် မြစ်နှစ်ဦး ကျန်ရစ်ခဲ့သည်။ စာရေးဆရာကြီးအောင်သင်း အသက် (၈၈)နှစ်အရွယ်တွင် ကွယ်လွန်သွားသည့်အတွက် ကြေးမုံမှ ဝမ်းနည်းကြေကွဲရပါသည်။

**(ကြေးမုံ)**

## အိမ်ဖော်အလုပ်ရမည်ဟု လိမ်လည်၍ ပြည့်တန်ဆာအဖြစ်ခိုင်းစေခဲ့သူ နှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၂၅**

မုံရွာမြို့ နန္ဒဝန်ရပ် နယ်မြေ(၆)နေ အသက်(၁၆)နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးကို အိမ်ဖော်အလုပ်ရမည်ဟု သွေးဆောင်စည်းရုံးကာ ပြည့်တန်ဆာလုပ်ငန်းကို စေခိုင်းခဲ့သူအမျိုးသမီးနှစ်ဦးအား မုံရွာမြို့နယ် ရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အောက်တိုဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဥ်မှာ အောက်တိုဘာ ၁၉ ရက် ညနေ ၆ နာရီခွဲတွင် မ---- (၁၆)နှစ်သည် အိမ်နီးချင်း ဒေါ်အေးမြအိမ်သို့ တီဗွီသွားကြည့်စဥ် ဒေါ်အေးမြက ဟုမ္မလင်းမြို့နယ် နမ့်တောတွင် အိမ်ဖော်လုပ်လျှင် တစ်လကျပ်ခြောက်သောင်းရမည်ဟုပြောရာ မိခင်နှင့်တိုင်ပင်၍ သဘောတူကာ ထိုနေ့ညတွင်းချင်းပင် မစံပယ်နှင့်အတူ ဒေါ်အေးမြပါလိုက်၍ သူမအား ခေါ်ဆောင်သွားခဲ့ကြသည်။ ထိုသို့ခေါ်ဆောင်ရာတွင် ဟုမ္မလင်းသို့မဟုတ်ဘဲ သပိတ်ကျင်းမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ခေါ်ဆောင်ကာ ပြည့်တန်ဆာလုပ်ငန်းတွင် အခြားမိန်းမငယ် ၁၄ ဦးနှင့်အတူ လုပ်ကိုင်နေရစဥ် အောက်တိုဘာ ၂၃ ရက်တွင် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူ မစံပယ်အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးမှုများရှိနေသောကြောင့် မစံပယ်၏သားမောင်ရဲလင်းက ဆိုင်ကယ်ဖြင့် မုံရွာသို့လိုက်ပို့စဥ် ထန်းတောရပ် ဆယ်ပေချောင် ကန်ပတ်လမ်းအနီးချထားခဲ့ရာ နယ်မြေမှူး ဦးကျော်မြင့်ထွန်းနှင့် ရာအိမ်မှူး ဦးအေးတို့ထံ အကူအညီတောင်း၍ နေအိမ်သို့ပြန်ကာမိခင်နှင့်အတူ နယ်မြေရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သဖြင့် တာဝန်ရှိသူများက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တောင်ကြီးနှင့် ဖားကန့်မြို့များ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က တောင်ကြီးမြို့အဝင်လမ်းတွင် တောင်ကြီးမြို့နယ် ဇလဲကျေးရွာမှ မောင်အေး(ခ)တအေးမောင်းနှင်ပြီး ဇနီး မနန်းမူလှိုင်(ခ) မူလှိုင်စီးနင်းလာသည့် ဆိုင်ကယ်အား ရှာဖွေရာ မောင်အေး၏အကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် မနန်းမူလှိုင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀တို့ကို သိမ်းဆည်းရမိသဖြင့်၎င်းတို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပအရ အရေးယူထားသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၃ ရက်က သတင်းအရ ဖားကန့်မြို့နယ် တာမခန်ကျေးရွာ လင်းရောင်ခြည် တည်းခိုခန်း၌ တည်းခိုနေသူ ဝင်းနိုင်အား ရှာဖွေရာ အခန်းအတွင်းရှိ ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း အလေးချိန် ၅ ဒသမ ၆ ကီလို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မူးယစ်ကိုပစ်ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**



## မိဘရပ်ရွာ အသိပညာပေး စကားဝိုင်း ဗဟန်းတွင် ကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၂၅**

လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းရှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သော ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မူကြိုကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန် အနီးကပ်ဆုံးဖြစ်သော မိဘအုပ်ထိန်းသူများနှင့် အသိပညာပေး ဆွေးနွေးခြင်းဖြစ်သည့် မိဘရပ်ရွာ အသိပညာပေး စကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ် (၁) ဗဟန်းတွင် ပြုလုပ်ရာ မူကြိုကလေးငယ် ၁၆၀ တို့၏ အုပ်ထိန်းမိဘ ၁၀၀ ကျော် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ကျောင်းအုပ် ဒေါ်လွင်လွင်နွယ်က ရှင်းလင်းပြောကြားပြီး အုပ်စုသုံးစုခွဲကာ အစောပိုင်းကာလစာတတ်မြောက်မှုအကြောင်းကို ဆရာမဒေါ်ခိုင်သဇင်နှင့် ဒေါ်ပပမောင်တို့ကလည်းကောင်း၊ ကစားခြင်းမရှိလျှင် ဖွံ့ဖြိုးခြင်းမရှိနိုင်ဟူသော ခေါင်းစဉ်ဖြင့် ဆရာမဒေါ်မြကေခိုင်နှင့် ဒေါ်သူဇာလင်းတို့ကလည်းကောင်း၊ ကလေးများ ခံနိုင်ရည်စွမ်းအား လေ့ကျင့်ပြုစု ပျိုးထောင်ပေးခြင်းအကြောင်းကို ဆရာမဒေါ်နီနီအေးနှင့် ဒေါ်ခင်မာမွန်တို့ကလည်းကောင်း တက်ရောက်လာသော မိဘအုပ်ထိန်းသူများနှင့် မိသားစုအသွင် စကားဝိုင်း ပုံသဏ္ဌာန်ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။ **အောင်သန်း (မင်္ဂလာတောင်ညွန့်)**

## မန္တလေးမြို့ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ စာကြည့်တိုက်သုံး Mini e-library စက်လှူဒါန်းပွဲကျင်းပ

**မန္တလေး၊ အောက်တိုဘာ ၂၅**

မန္တလေးမြို့ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်သုံး Mini e-library အသေးစား သတင်းနှင့် စာပေဆိုင်ရာ လေ့လာကြည့်ရှုစက် လှူဒါန်းပွဲအခမ်းအနားကို ဖြဟ္မစိုရ်ရုံးခန်း၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဖြဟ္မစိုရ် လူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက စက်လှူဒါန်းရခြင်းအကြောင်းနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပြီး ဖြဟ္မစိုရ်အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့် (ရုံပိုင်ချုပ်ငြိမ်း)က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ချီးမြှင့်ခဲ့သည်။

**စိုးဝင်းဗိုလ်(အရာတော်)**



## ကလေး–ကလေးဝလမ်း အန္တရာယ်ကွေ့တောင်စောင်း လမ်းတိုးချဲ့

**ကလေး၊ အောက်တိုဘာ ၂၅**

ကလေး-ကလေးဝလမ်းမ မိုင်တိုင်အမှတ် (၁၃/၂) မှ (၁၃/၃) ကြားရှိ လမ်းကွေ့နေရာသည် လမ်းအကျဉ်းဆုံးကွေ့နှင့် ယာဉ်အန္တရာယ်အများဆုံးလမ်းကွေ့နေရာ ဖြစ်သည့်အတွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အောက်တိုဘာ ၂၄ ရက်မှ တောင်စောင်းကို စတင်ဖြိုဖျက်၍ လမ်းဖောက်လုပ်ပြီး လမ်းတိုးချဲ့လျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်း ဆောင်ရွက်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် လမ်းတိုးချဲ့ ဖောက်လုပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းလမ်းကွေ့ နေရာသည် ကတ္တရာလမ်းအကျယ် ၁၈ ပေသာရှိကြောင်း သိရသည်။

ယင်းလမ်း လမ်းကွေ့တောင်စောင်းကို အကျယ်ပေ ၅၀ ထိ သုံးရက်အတွင်း အမြန်ဆုံးပြီးစီးအောင် တိုးချဲ့ဖောက်လုပ်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်ကပြောသည်။

အဆိုပါ မိုင်တိုင်အမှတ် ၁၃/၂ မှ ၁၃/၃ ကြားရှိ လမ်းကွေ့တောင်စောင်းကိုဖြိုဖျက်ဖောက်လုပ်ခြင်းအားဖြင့် အလွန်အန္တရာယ်များသည့် အဆိုပါလမ်းကွေ့နေရာသည်လမ်းအကျယ် ၆၈ ပေရှိလာမည်ဖြစ်သည့်အတွက် ယာဉ်ကြီး ယာဉ်ငယ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်းသိရသည်။ **ဂျူနိုင်း**

# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ လမ်းဆုံများ၌ဆိုလာသုံး အချက်ပြမီးများတပ်ဆင်

**ပြင်ဦးလွင်၊ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ကြီး ၁၀ အုပ်ချုပ်ရေးအဖွဲ့ ပူးပေါင်းကာ ယာဉ်များဖြတ်သန်းသွားလာမှုများသည့် ချယ်ရီလမ်း၊ နဝရတ်လမ်းဆုံရာလမ်းလေးဆုံ၌ အများပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်း သွားလာနိုင်ရေးအတွက် ဆိုလာပြားသုံးအချက်ပြမီး တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်သည် ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလျက် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်ဖြတ်သန်းသွားလာမှုလည်း နေ့စဉ်များပြားလျက်ရှိကြောင်းတွေ့ရသည်။

ရပ်ကွက်ကြီး ၁၀ ချယ်ရီလမ်းနှင့် နဝရတ်လမ်း လမ်းလေးဆုံတွင် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ် မောင်းနှင်သူများသည် အရှိန်ဖြင့် ဖြတ်သန်းမောင်းနှင်နေမှုကြောင့် ယာဉ်ချင်းတိုက်မှု၊ ဆိုင်ကယ်တိုက်မှုများ၊ လမ်းဖြတ်ကူးသူ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်တိုက်ခံရမှုများ မကြာခဏဖြစ်ပွားခဲ့မှုများရှိခဲ့သည်။

သေဆုံးမှုနှင့် အနာတရဖြစ်ပွားမှုလည်းရှိနေသည့်အတွက် ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရန်နှင့် ပြည်သူများအသက်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်တို့ပူးပေါင်းကာ ဆိုလာပြားသုံး အချက်ပြမီး တပ်ဆင်ပေးရခြင်းဖြစ်ကြောင်း ရပ်ကွက်ကြီး ၁၀ အုပ်ချုပ်ရေးမှူးက ပြောပြသည်။

ပြင်ဦးလွင်မြို့နယ်သည် ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးဌာန ဦးဆောင်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ မထသအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်လျက် လမ်းဆုံများ၌ ဆိုင်ကယ်ဦးထုပ် မဆောင်းခြင်း၊ သုံးယောက်စီးခြင်းတွေ့ရှိက ဒဏ်ငွေပေးဆောင်စေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာစောင်များဖြန့်ဝေခြင်း၊ အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးနေသော်လည်း ဆိုင်ကယ်မောင်းနှင် သူများ အရှိန်နှင့်မောင်းနှင်ခြင်း၊ ဦးထုပ်မဆောင်းခြင်းကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားလျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေကြောင်း တွေ့ရှိရသည်။ **၅၈၁**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၁၀၉၄)၊ မြေကွက်တည်နေရာအမှတ်(၁၀၉၄)၊ နဝရတ်(၁)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းအေးထံမှ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း ၁၃၃၄၅/၁၉-၅-၂၀၁၄ ရရှိသူ ဦးစိုးနိုင်[၁၂/မဂတ(နိုင်)၀၂၂၂၄၅]က ၂၄-၄-၂၀၁၄ ရက် လျှောက်ထားခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွန်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်(၁၅၀၂/က)၊ မြေကွက်တည်နေရာအမှတ်(၁၅၀၂/က)၊ သာလွှာဝတီလမ်း၊ ၁၀ တောင် (၁၄)ရပ်ကွက်၊ (ဦးတွတ်၊ ဒေါ်နီနီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတွတ်နှင့်ဒေါ်နီနီအား အရောင်းစာချုပ်ရန် တရားစွဲဆိုခဲ့ရာ အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၂၆၈/၂၀၁၄)ဖြင့် ဦးတွတ်နှင့်ဒေါ်နီနီမှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ပေးရန် ဦးစိုးသိန်းမှ တရားစွဲဆိုရရှိသည့် ၁၂-၈-၂၀၁၄ စီရင်ချက်နှင့် အနိုင်ဒီကရီ၊ ယင်းရုံး၏ ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်(၁၀၀/၂၀၁၄)အမိန့်ကိုတင်ပြပြီး တရားရုံးအမည်ပေါက် ဦးတွတ်နှင့်ဒေါ်နီနီ(ကိုယ်စား)ဘီလစ် ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွန်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### တစ်ချက်တည်းကျင်းဝင်
### (ရန်ကုန်ဂေါက်အသင်း၊ တည်င်းကုန်း)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်င်းကုန်း)၌ ဦးစိန်ဝင်း(ခ)အေဝမ်းသည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဦးချစ်ခိုင်၊ ဗိုလ်ကြီးသန်းလွင်၊ ဦးကျော်ဦးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၅၃)ကိုက်အကွာမှ Titleist PRO V1(7)ဘောလုံးအား WOOD (9)တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

### အများသိစေရန်ကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မြေအကျယ်အဝန်းပေ(၃၀×၅၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ခြေရင်းခြမ်း ပေ(၁၆ × ၅၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ မေတ္တာလမ်းသွယ်(၁)၊ အမှတ်(၂)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ပိုင်ဆိုင်သူထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ထားသူ ဒေါ်လှလှမြင့်[၁၂/ဒဂန(နိုင်)၀၀၃၂၃၈]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့် တန်ဖိုးငွေ၏တစ်ဝက်တိတိအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာချုပ်စာတမ်းများယူဆောင်၍ ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေဇူလိုင်လင်း အထက်တန်းရှေ့နေ(စဉ်-၃၀၄၉၃)

တိုက်(၂)၊ အခန်း(၀၀၄)၊ အုတ်ကျင်းပါရမီအိမ်ရာ၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဖုန်း-၀၉-၄၂၀၀၇၈၈၁၉၊ ၀၉-၃၂၁၉၂၂၉၃

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ(၃)လမ်း၊ အမှတ်(၁၈၀/ခ)၊ ပေ(၁၀×၆၀)ကျယ်ဝန်းသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ဖြစ်သူ ခင်ပွန်းသည် ကွယ်လွန်၍ တရားဝင်ဇနီးဖြစ်သူ ဒေါ်အုန်းသန်း[၁၂/ဥကမ(နိုင်)၀၉၁၄၉၄]က အရပ်စာချုပ်ဖြင့် အဆင့်ဆင့်ရောင်းချခဲ့ပြီး လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်စိုးက ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း မြွတ်ဟကြေညာကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများပြသ၍ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဇာနည်သီဟ
[၇/ဖမန(နိုင်)၀၀၁၈၅၈]


လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိမျိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၀၅၈၉)
အမှတ်(၄၂၆)၊ သန္တာ(၅)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပ
ဖုန်း-၀၉-၅၀၉၁၂၄၂၊ ၀၉-၂၅၃၂၂၅၁၆၄

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀၉)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်စိုး(T.T.E. ၀၇၉၉၆၃)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်သူဇာဖြိုး[၁၄/ဟသတ(နိုင်)၂၁၈၉၈၆]က ပိုင်ရှင်အမည် ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



ကျန်းမာရေးဆောင်းပါး

# သွေးတိုးရောဂါသည် ကြောက်စရာရောဂါထဲတွင် ထိပ်ဆုံးမှပါဝင်

**à lunf(Gifnk)**

သွေးတိုးရောဂါသည် အသက် (၄၀) ကျော်လာသည့် လူကြီးအတော်များများတွင် ဖြစ်လေ့ရှိသော ရောဂါဖြစ်သည်။ သွေးတိုးရောဂါဟုဆိုသဖြင့် ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေသောသွေးလွှတ်ကြော၊ သွေးပြန်ကြောများမှ သွေးများတိုးပွားလာခြင်း မဟုတ်ပါ။ ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးရောက်ရှိစေရန် နှလုံးမှ သွေးကိုညှစ်ပို့ရသည်။ ထိုသို့ညှစ်ပို့ရသောသွေးဖိအားသည် ပုံမှန်မဟုတ်တော့ဘဲ ပုံမှန်ထက်ပို၍ တိုးလာခြင်း၊ သွေးပို့ညှစ်သည့် ဖိအားတိုးလာခြင်းကို သွေးတိုးရောဂါဟုခေါ်သည်။

လူ့သက်တမ်းတိုစေသော အကြောင်းအမျိုးမျိုးတို့တွင် သွေးတိုးရောဂါသည် ထိပ်ဆုံးမှ ပါဝင်သည်။ သွေးတိုးခြင်း၏နောက်ဆက်တွဲအဖြစ် လေဖြတ်ခြင်းရောဂါကြောင့်ပင် ကမ္ဘာပေါ်တွင် လေးစက္ကန့်တိုင်းတွင် လူတစ်ဦးမသန်မစွမ်းဘဝသို့ရောက်လျက်ရှိသည်ဟုဆိုသည်။

သွေးတိုးကြောင့်လေဖြတ်ပြီး ဦးနှောက်သွေးကြောပြတ်ကာ အသက်သေဆုံးရသူများရှိသည်။ အသက်မသေသူများမှာလည်း ပကတိပြန်ကောင်းသူ အလွန်ရှားသည်။ ကျန်ရှိသောဘဝတစ်လျှောက်လုံး မသန်မစွမ်းဘဝနှင့် နေသွားရသဖြင့် သွေးတိုးရောဂါသည် အလွန်ကြောက်စရာကောင်းသော ရောဂါဖြစ်သည်။

အနောက်တိုင်း သွေးပေါင်ချိန် ကိရိယာတွင် ပြဒါးနှင့်တိုင်းသော ဖိအားအပေါ် ၁၄၀ မီလီမီတာ၊ ပြဒါးနှင့် အောက် ၉၀ မီလီမီတာ၊ ပြဒါးအထက်ကျော်လွန်သွားလျှင် သွေးတိုးရောဂါဝင်လာပြီဟု သတ်မှတ်ပေသည်။ ပုံမှန်လူကောင်းတစ်ယောက်၏ နှလုံးမှညှစ်သောသွေးဖိအားမှာ အပေါ် ၁၂၀ မီလီမီတာ ပြဒါး၊ အောက် ၈၀ မီလီမီတာ ပြဒါး ဟု သတ်မှတ်ထားပေသည်။ တစ်နည်းအားဖြင့် Bp ၁၂၀၊ ၈၀ mmHg သည် အကောင်းဆုံးဟု ဆိုသည်။

တိုင်းရင်းမြန်မာ ဆေးပညာတွင်လည်း သွေးစမ်းပညာရှိသည်။ လက်မဆစ်အရင်း လက်ကောက်ဝတ် အခြေတွင်ရှိသော သွေးကြောသည် နှလုံးမှထွက်လာသော ပင်မသွေးကြောကြီးနှင့်ဆက်လျက်ရှိသည်။ ထိုသွေးကြောတွင် သွေးတိုးပုံအနေအထား အမျိုးမျိုးကိုလေ့လာရာတွင် သွေးလုံးကြီးသော သွေးတိုး၊ သွေးလုံးငယ်သောသွေးတိုး၊ အလယ်အလတ်သွေးတိုးဟူ၍ အခြေခံသုံးမျိုးကို တွေ့ရသည်။ ထိုသုံးမျိုးတွင်ပူ၍သွေးလုံးကြီးသော သွေးတိုးသည်မကောင်းပေ။ အေး၍ အလယ်အလတ်ရှိသော သွေးတိုးသာ အကောင်းဆုံးဖြစ်သည်။ သွေးတိုးရောဂါရင့်လာလျှင် လက်ကောက်ဝတ်တွင် ဆောင့်တိုးပြီး မြွေကဲ့သို့တိုးသော သွေးတိုး၊ ဖားကဲ့သို့ခုန်သော သွေးတိုး၊ ပုစွန်ဆိတ်ကဲ့သို့ခုန်၍တိုးသော သွေးတိုးများသည် သွေးစမ်းပညာရပ်တွင် မကောင်းသော သွေးတိုးများဖြစ်သည်။

သွေးတိုးဝေဒနာခံစားနေရသူ၏ ရုပ်လက္ခဏာမှာလည်း မျက်နှာ မကြည်လင်ခြင်း၊ ခေါင်းအုံခေါင်းခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ နားထင်နှင့် မျက်ခုံးအကြောများ တင်း၍ ကိုက်ခြင်း၊ အိပ်ချင်ခြင်း၊ သမ်းဝေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ မျက်စိအမြင်အာရုံ မကြည်လင်ခြင်း ဝေဒနာများကို ခံစားနေရတတ်သည်။ အလွန်သွေးတက်နေလျှင် မျက်စိထောင့်မှ သွေးကြောလေးများ နီရဲနေသည်ကို တွေ့ရနိုင်သည်။ သွေးဖိအားအလွန်အမင်းတိုးခြင်းကြောင့် မျက်စိသွေးကြောငယ်လေးများပေါက်ခြင်း၊ ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းအထိ ဖြစ်နိုင်ပေသည်။

## မြန်မာနိုင်ငံတွင် လေဖြတ်မှုနှုန်းကို ဆန်းစစ်ကြည့်သောအခါ ငါးပိ၊ ငါးခြောက်ထွက်သော ဧရာဝတီတိုင်းတွင် အများဆုံးဖြစ် . . .

လေဖြတ်ရောဂါဖြစ်ရသူ အတော်များများသည် သွေးတိုးရောဂါအကြောင်းအရင်းခံကြောင့်ဖြစ်ရသည်။ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါတို့သည် ညီနောင်ရောဂါများဖြစ်သည်။ တစ်ခုဖြစ်လျှင် တစ်ခုဆက်၍ လာတတ်သည်။ အစားအသောက်၊ အနေအထိုင် ခေတ်နှင့်အညီ ပြောင်းလဲလာမှုကြောင့် ရှေးက အသက်ကြီးသူများတွင်သာဖြစ်လေ့ရှိသော လေဖြတ်ရောဂါမှာ ယခုအခါ အသက် (၃၀) ကျော်လူငယ်လူရွယ်များတွင်ပါ ဖြစ်လာသည်ကို တွေ့ရသဖြင့် တရားခံကိုရှာဖို့ လိုလာသည်။

သွေးတိုးအကြောင်းပြောရလျှင် မျိုးရိုးကြောင့်ဖြစ်သော သွေးတိုးရောဂါအကြောင်း အရင်ဦးဆုံး ပြောရမည်ဖြစ်သည်။ ကံကြောင့်ဖြစ်သောသွေးတိုးဟုလည်း ဆိုနိုင်ပေသည်။ မျိုးရိုးလိုက်ဝသူများတွင် ပို၍တွေ့ရသည်။ အချိုရှောင်၊ အငန်ရှောင်၊ အနေအထိုင်ဆင်ခြင်၊ စိတ်သောကမများအောင် ဆင်ခြင်နေထိုင်ခြင်းဖြင့်သာ လေဖြတ်ခြင်းမှ ကာကွယ်ပြီး အသက်ရှည်ရှည် နေနိုင်မည်ဖြစ်သည်။

လမ်းလျှောက်ခြင်း၊ အဆီကျအောင်ကြိုးစားခြင်း၊ အပူအအေးမျှတအောင် နေထိုင်ခြင်းဖြင့် သက်တမ်းစေ့နေနိုင်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးများစွာတွင် အငန် စားသုံးမှုအများဆုံးကို သုတေသနပြုကြည့်ရာ မြန်မာလူမျိုးများသည် ဒုတိယလိုက်သည်ဟု ဆိုသည်။ ဟင်းခတ်ဆားကို အလွန်အကျွံသုံးစွဲမှုကို လေ့လာသောအခါတွင်လည်း ဒုတိယ ဆားအစားဆုံးလူမျိုးဖြစ်သည်ဟု ဆိုသည်။ စားသုံးသည့်ရိုးရာဓလေ့ အစားအစာများမှာလည်း ငါးပိ၊ ငါးခြောက် စသည့် ဆားများစွာနှင့်နှပ်ထားသော အစာမျိုးဖြစ်သည်ကိုတွေ့ရပြန်သည်။ မြန်မာနိုင်ငံတွင် လေဖြတ်မှုနှုန်းကို ဆန်းစစ်ကြည့်သောအခါ ငါးပိ၊ ငါးခြောက်ထွက်သော ဧရာဝတီတိုင်းတွင် အများဆုံးဖြစ်သည်ဟု မြန်မာတိုင်းမ်သတင်းစာတွင် လွန်ခဲ့သော ငါးနှစ်ခန့်က ဖတ်လိုက်ရဖူးသည်။

ဆားသည် လူသားနှင့်တိရစ္ဆာန်များတွင် မရှိမဖြစ် လိုအပ်သောအာဟာရမျိုးဖြစ်သည်။ ဘုရားရှင် လက်ထက်ကပင် တောထဲတွင် တရားအားထုတ်ကြသော ရသေ့ရဟန်းများသည် ဆားအလှူခံရန် သပိတ်ဖြင့် လူများရှိရာအရပ်သို့ တစ်နှစ်တစ်ကြိမ် ကြွလာရသည်ဟုဆိုသည်။ တောတွင်းရှိ တိရစ္ဆာန်များမှာ ဆားကျင်းရှိရာမြေကြီးသို့ လာရောက်တူးဆွပြီး ဆားစားကြသည်ဟုဆိုသည်။

လူ၏ခန္ဓာကိုယ်ရှိ ကြွက်သားမှန်သမျှ နှလုံးကြွက်သားအပါအဝင် ဆားဓာတ်ဖြင့် အလုပ်လုပ်ရသည်ဟုဆိုသည်။ အားကစားသမားများ ချွေးထွက်လွန်ပြီး ဆားဓာတ်ဆုံးရှုံးသောအခါ ကြွက် တက်တတ်သည်။ ထိုအခါ ဆားကို ရေဖျော်ပြီး ချက်ချင်းတိုက်ပေးလျှင် ကြွက်တက်သက်သာသည်။ အချို့သွေးတိုး၊ နှလုံးရောဂါရှိသူများ ဆားကိုရှောင်လွန်းလျှင်လည်း ညအိပ်ရာဝင်ချိန် အိပ်ရာထဲတွင် ကြွက်တက်တတ်သည်ကို တွေ့ရသည်။ သွေးချိုဆီးချိုရောဂါရှိသူများ ရုတ်တရက်မူးလဲသောအခါ သွေးစစ်ကြည့်လျှင် သွေးထဲတွင် သကြားဓာတ်အလွန်နည်းနေသည်ကိုတွေ့ရသဖြင့် သကြားလုံးစသော အချိုဓာတ်ပါသည့်အစာကို ချက်ချင်းကျွေးရသည်။ အချို့ဆိုလျှင် အချိုရည်သွင်းရသည်အထိဖြစ်တတ်သည်။ ထို့အတူပင် သွေးတိုးမှာစိုးရိမ်ပြီး အငန်ကို အလွန်ရှောင်ရာမှ နှလုံးကြွက်သားနှင့်အခြားခန္ဓာကိုယ်မှ ကြွက်သားများအားနည်းလာမှာကို စိုးရိမ်ရသည်။ အငန်ရှောင်ရသူတစ်ဦးအတွက် ဟင်းများကို အပေါ့ချက်သောအခါ ကျန်သောအိမ်သားများပါ ခံတွင်းမတွေ့တော့ဘဲ မိသားစုထမင်းဝိုင်းတွင် အစားအသောက်များ စားမကောင်းဖြစ်သွားလေ့ရှိသည်။

ရိုးရာဆေးပညာရှုထောင့်မှ အငန်မှန်သမျှ သွေးတိုးသည်ဟုမယူဆ။ ပုပ်ငန်သော အစာများကသာ သွေးတိုးသည်။ အပုပ်နံ့ရှိသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိကောင်၊ ငန်သော ပုစွန်ခြောက်တို့အပြင် အချဉ်နံ့ရှိသောအစာများ ငါးချဉ်၊ နှမ်းဖတ်ချဉ်၊ ပုစွန်ချဉ် စသည်များလည်း သွေးတိုးစေနိုင်သည်။ မသန့်ရှင်းသောအစာများတွင်လည်း အတွင်းတွင် အပုပ်ဓာတ်၊ အချဉ်ဓာတ်တို့ ကိန်းအောင်းနေသဖြင့် မငန်ဘဲ သွေးတိုးစေနိုင်သည်။

ရိုးရာဆေးပညာအယူအဆတွင် လေစာသည်လည်း အဓိကကျသည်။ သွေးတိုးရောဂါကိုကုသသော ရှေးမြန်မာဆရာကြီးများက သွေးတိုးဟူသည် လေတိုးပင်ဖြစ်သည်။ ခန္ဓာကိုယ်တွင်းရှိ ဝါယောဓာတ် တွန်းအားကြောင့် နှလုံးမှသွေးများသည် ခန္ဓာကိုယ်အနှံ့အပြားသို့လည်ပတ်ပြီး နှလုံးသို့ပင်ပြန်လည် ရောက်ရှိလာသည်ဟု ယူဆကြသည်။ ထို့ကြောင့် လေစာများများစားလျှင် ဝါယောဓာတ် တွန်းကန်အားများပြီး သွေးတိုးလာမည်ဟုယူဆကြသည်။

လေစာမှန်သမျှ သွေးတိုးစေနိုင်သည်ဟု မြန်မာ့ဆေးပညာရှင်များက ယူဆသည်။ သွေးတိုးသည် လေတိုးဖြစ်သည်။ သွေးဖိအားကို လေကတွန်းသောကြောင့် သွေးတိုးရခြင်းဖြစ်သည်ဟု ယူဆသည်။ လေပွလေပျက်စေသော အစာများကြောင့် သွေးတိုးနိုင်သည်။ ခွေးတောက်ရွက်၊ တမာရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါး၊ မျှစ်ချဉ်၊ ဆူးပုပ်ကြီး၊ တညင်းသီး၊ လက်ဖက်၊ ဝက်သား စသည်များကို သွေးတိုးစေသည့် အစာများအဖြစ်ယူဆသည်။ တစ်နေ့တည်းတွင် လေစာနှစ်မျိုးတွဲစားသူများသည် သွေးတိုးတက်ပြီး ဦးနှောက်သွေးကြောပေါက်ကာ လေဖြတ်သည်ကိုတွေ့ရဖူးသည်။


တက်စာဟူ၍လည်း ရှိသေးသည်။ ငါးသလောက်၊ ငါးမြင်း၊ ငါးတန်၊ ငါးပတ်တို့ကို တက်စာများဟုယူဆသည်။ အုန်းနို့ပါသောအစာ၊ အုန်းထမင်း၊ ဒန်ပေါက် ၊ အဆီများသော ဝက်သားနှင့် ဖား၊ ပုရစ် စသော မြေအောင်းသားများကိုလည်း တက်စာဟုယူဆလေသည်။ ထိုတက်စာမှန်သမျှသည် သွေးတိုးစေနိုင်သည်။ ရေသတ္တဝါများတွင် ငါးသလဲထိုး၊ ငါးရှဉ့်၊ ငါးမြွေတိုး၊ ပုစွန်ဆိတ်ကလေး၊ ဂုံးစသော အစာများကိုလည်း တက်စာများဟု အချို့ဆရာကြီးများက ယူဆသည်။

တက်စာမှန်သမျှ သွေးတိုးတက်စေသည်ဟု ယူဆရမည်ဖြစ်သည်။ မြေအောင်းသားများနှင့် မြေအောင်းသည့် ဉများကိုလည်း အကြောတက်စာများဟု ယူဆသည်။ အကြောတက်စေရုံမက အခန့်မသင့်လျှင် သွေးကိုလည်းတက်စေသည်။ အနောက်တိုင်းနည်းဖြင့်ဆိုလျှင် Bp ၁၄၀ ၊ ၉၀ mmHg အထက်သို့ရောက်စေနိုင်သောအစာများဖြစ်သည်။

**သွေးတိုးရောဂါဘေးမှကင်းဝေးစေရန်**

(၁) စိတ်သောကများကို လျှော့ချပါ။
(၂) ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
(၃) အိမ်သုံးဆားအငန်ကို လျှော့၍ စားသုံးပါ။
(၄) အသားနှင့်အသီးအနှံကို မျှတစွာစားသုံးပါ။
(၅) လမ်းလျှောက်ခြင်း(သို့မဟုတ်) ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်ပါ။
(၆) အလွန်ပြင်းထန်သော အားကစား မလုပ်ပါနှင့်။
(၇) ဝမ်းမချုပ်အောင် အစဉ်ဂရုပြုပါ။ ဝမ်းနုတ်ဆေးကို စွဲ၍စားသုံးခြင်းမပြုဘဲ သဘာဝအတိုင်း ဝမ်းမှန် အောင် ပြုပြင်ပေးပါ။ အသီးအနှံ များများစားခြင်း၊ အိပ်ရာဝင် ရေအဝသောက်ခြင်းဖြင့် ဝမ်းမှန်စေနိုင်ပါသည်။
(၈) အအေးဓာတ်များသော နေရာများတွင် အိပ်စက်ခြင်း မပြုပါနှင့်။ အိပ်စက်လျှင်လည်း စောင်၊ အနွေးထည်များ ဝတ်ဆင်ရန်မမေ့ပါနှင့်။
(၉) အရက်သေစာ၊ ဘီယာ စသည်များကို ရှောင်ကြဉ်လျှင် အကောင်းဆုံးဖြစ်ပါသည်။

**စာမျက်နှာ ၁၈ သို့**




**Y.L.C.C International Foreign Language Center**

* Korean စကားပြော 4Skills ကိုရီးယားနိုင်ငံသို့ EPS (TOPIK) အလုပ်လုပ်ရန်၊ ကျောင်းတက်ရန်၊ အနုပညာ လေ့လာရန်အတွက် ဆောင်ရွက်ပေးခြင်း။
* ဂျပန်စကားပြော 4 Skills, JIPT (N5, N4, N3, N2) NET- TEST စာမေးပွဲ၊ အလုပ်လုပ်ရန်၊ ကျောင်းတက်ရန် အတွက် ဆောင်ရွက်ပေးခြင်း။
* English (4 Skills, IELTS, TOEFL)
* Chinese 4 Skills, HSK စာမေးပွဲ၊ Singapore တွင် အလုပ်အကိုင်စီစဉ်ပေးခြင်း။ Myanmar Language for Foreigner

Center (1) - အမှတ် (၈၂)၊ ပထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။09-73219896
Center (2) - အမှတ် (၂/၇)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်။ 09-73087241

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝါဆို၊ မြေကွက်အမှတ် ၂၄၁၊ မြေကွက်တည်နေရာအမှတ်(၃)၊ ပုလဲရတနာလမ်း၊ ဝါဆိုရပ်ကွက်၊ဒေါပုံမြို့နယ်။ (ဦးထွန်းရှိန်) [၁၂/ဒပန(နိုင်)၀၁၂၉၅၇]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန်(ဖခင်) နှင့် ဒေါ်ကြိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ဝင်းကြည်[၁၂/သဃက (နိုင်)၀၈၅၄၂၉]၊ ဒေါ်ဝင်းမြင့် [၁၂/ဒပန(နိုင်)၁၀၂၉၈၃]၊ ဒေါ်မြင့်မြင့်အေး [၁၂/သဃက(နိုင်)၀၆၂၁၆၂]၊ ဒေါ်ခင်ခင်အေး[၁၂/သဃက(နိုင်)၀၆၃၇၇၅]၊ ဦးချစ်လွင်[၁၂/ဒပန(နိုင်)၀၆၀၁၉၈]၊ ဒေါ်ခင်ခင်ဌေး[၁၂/ဒပန(နိုင်)၀၁၃၈၀၄]၊ ဒေါ်ယဉ်ယဉ်ဌေး[၁၂/ဒပန(နိုင်)၀၁၃၄၆၂]၊ ဒေါ်စန်းစန်းထွေး[၁၂/ဒပန(နိုင်)၀၁၃၄၆၃]တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မီး သတိပြု**

**ကန့်ကွက်နိုင်ပါကြောင်း**


ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးပလာဇာ။ အမှတ်(၉၀၄)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဦးသန်းအောင်[၁၂/လသန(နိုင်)၀၁၃၂၀၂]နှင့်ဒေါ်သီတာအောင်[၁၂/လသန(နိုင်)၀၀၇၆၅၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးမြင့်အောင်(**LL.B**)
စဉ်-၂၅၁၆၅

ဦးအေးမင်းသူ(**LL.B**)
စဉ်-၂၆၁၉၉

ရိုးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၄၅၇၆၇၊ ၀၉၄၂၀၀၂၈၃၆၆



# မကွေးမြို့သို့ ဒေသအတွင်း ဘုရားဖူးပြည်သူများအပြင် နိုင်ငံခြားသား ခရီးသွားများပါ လာရောက်လည်ပတ်

**မကွေး၊ အောက်တိုဘာ ၂၅**

မကွေးမြို့သို့ ရက်ခြားဆိုသလို နိုင်ငံခြားခရီးသွားဧည့်သည်သင်္ဘောများ ဆိုက်ကပ်လျက်ရှိပြီး မကွေးမြို့ ညောင်ကိုးပင်ဆိပ်ကမ်းသို့ အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီက အမေရိကန်နိုင်ငံသား ၄၈ ဦး လိုက်ပါလာသည့် သင်္ဘောဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲ့ မြေလတ်ဒေသကြီးဖြစ်သည့် မကွေးတိုင်းဒေသကြီး၌ ပွင့်လင်းရာသီတွင် ပွဲတော်များဖြင့် စည်ကားလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများအပြင် နိုင်ငံခြားသား ခရီးသွားများပါလာရောက်လည်ပတ်လျက်ရှိကြောင်း ယင်းဒေသခံများကပြောသည်။

ထို အမေရိကန်နိုင်ငံသား ဧည့်သည်များသည် မကွေးမြို့အတွင်းသို့ ဆိုက်ကားများဖြင့် လှည့်လည် လည်ပတ်လျက်ရှိပြီး ဗိုလ်ချုပ်ကြေးရုပ် ပန်းခြံ၊ မြသလွန်စေတီတော်၊ မြို့မဈေးကြီးများအတွင်းသို့ လေ့လာလည်ပတ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသော နိုင်ငံခြားသားခရီးသွားဧည့်သည်များ သွားလာရေးအဆင်ပြေ လွယ်ကူစေရန်အတွက် အနေးယာဉ် (ဆိုက်ကား)များကို အသင့်ထားရှိပြီး တူညီဝတ်စုံများဖြင့် စည်းကမ်းတကျ လိုက်လံ ပို့ဆောင်ပေးလျက်ရှိသည်။

အနေးယာဉ်မောင်းနှင်သူ တစ်ဦးက "အခုရက်ပိုင်း နိုင်ငံခြားသင်္ဘောတွေ ဝင်တာများတော့ ကျွန်တော်တို့ အလှည့်ကျ လိုက်ပို့ပေးရပါတယ်။ တစ်နေ့ ကျပ် ၃၅၀၀ နဲ့ ကျပ် ၄၀၀၀ လောက်ရပါတယ်။ ဧည့်သည်တွေက အသက်ကြီးပိုင်းတွေ ပိုများလို့ ဂရုတစိုက် ပို့ဆောင်ပေးပါတယ်။ ဆိုက်ကားပေါ် တက်တာ၊ ဆင်းတာကအစ ဂရုစိုက်ပေးလို့ သူတို့က အရမ်းကို ကျေနပ်ကြပါတယ်။ ကျွန်တော်တို့ကလည်း ကိုယ့်နိုင်ငံလာတဲ့ဧည့်သည်ကို လိုက်ပို့ပေးရလို့ ပိုပြီး ဝမ်းလည်းသာတယ် ဂုဏ်လည်းယူမိပါတယ်" ဟု ပြောပြခဲ့သည်။



ထိုသို့ ပြည်ပ နိုင်ငံခြားသား ဧည့်သည်များ မကွေးမြို့သို့ မကြာခဏ လာရောက်လည်ပတ်ခြင်းကြောင့် ဒေသခံများ၏ ယင်းဒေသမှ ဒေသထွက် ကုန်ပစ္စည်းများ၊ ဒေသတွင်းရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာခြင်းကြောင့် လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ဧည့်သည်များကိုလည်း ဂရုတစိုက် ပြန်လည်ဝန်ဆောင်မှုပေးကြောင်း ဒေသခံတစ်ဦးကပြောသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ယင်းမာပင်မြို့နယ်တွင် မွေးရေး၊ ကျေးလက်လူငယ်သင်တန်း ဖွင့်လှစ်

**ယင်းမာပင်၊ အောက်တိုဘာ ၂၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ၏လမ်းညွှန်ချက်ဖြင့် မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေး ဦးဆောင်ပြီး ယင်းမာပင်ခရိုင်အဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ယင်းမာပင်ခရိုင်အဆင့် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်လူငယ်သင်တန်းဖွင့်ပွဲကိုအောက်တိုဘာ ၂၄ရက်၊ နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနောက် မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဒေါ်သန်းသန်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ဆောင်ရွက်နေသည့် လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော်မှု လုပ်ငန်းများကိုသိရှိနိုင်စေရန်နှင့် အဓိကအနေဖြင့် ကျေးလက်ဒေသတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်ဒေသရှိ လူငယ်များစွမ်းဆောင်ရည်မြင့်မားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်းကို ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ အင်အား ၅၀ ခန့် တက်ရောက်ခဲ့သည်။

ထိုမွေးမြူရေးနှင့် ရေလုပ်ငန်းကျေးလက်လူငယ်သင်တန်းကို ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင် ငါးဦး၊ ပုလဲငါးဦး၊ ဆားလင်းကြီး ငါးဦး၊ ကနီ ငါးဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၂၀ အား ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ သင်တန်းဆရာ၊ ဆရာမ ငါးဦးနှင့်မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနတို့မှ သင်တန်းဆရာ၊ ဆရာမ နှစ်ဦး စုစုပေါင်း သင်တန်းဆရာ ခုနစ် ဦးတို့က သက်ဆိုင်ရာဦးစီးဌာနများ၏ ဘာသာရပ်များအလိုက် အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်အတွင်းမွေးမြူရေးနှင့် ရေလုပ်ငန်းကျေးလက်လူငယ်သင်တန်းကို ပထမအကြိမ်မှစတင်ပြီးသတ္တမအကြိမ်အထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အပြီး ဆက်လက်သင်ကြားပို့ချပေးမည်ဖြစ်၍ စိတ်ပါဝင်စားကြသည့် ကျေးလက်လူငယ်များ တက်ရောက်နိုင်ကြောင်းသိရသည်။

"အခု သင်တန်းကိုလည်း ကျွန်မတို့ဌာနအနေဖြင့် သင်တန်းသား ၂၀ ဦးအတွက် နေ့စဉ် သင်တန်းစရိတ်ငွေကျပ် ၃၀၀၀ နဲ့ စာရေးကိရိယာများကို ထောက်ပံ့ကူညီပေးပါတယ်" ဟု အဆိုပါ သင်တန်းမှ တာဝန်ရှိသူကပြောသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ စာသင်ကျောင်းများသို့ဗလာစာအုပ်များလှူဒါန်း

**ကြို့ပင်ကောက်၊ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးသည် ကြို့ပင်ကောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးစောကျော်မိုးနှင့် မြို့မိမြို့ဖ ဦးယဉ်ထွေးတို့လိုက်ပါလျက် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် စိုင်ဂေါင်းအခြေခံပညာမူလတန်းကျောင်းသို့ ဗလာစာအုပ် ၃၆ ဒါဇင်၊ ပုဏ္ဏားရိပ်အခြေခံပညာမူလတန်းကျောင်းသို့ ၁၅ ဒါဇင်၊ ဘုန်းကြီး အခြေခံပညာ မူလတန်းကျောင်းသို့ ၄၄ ဒါဇင် အသီးသီး ပေးအပ်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ရှားပင်ထကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို လိုက်လံကြည့်ရှုပြီး ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့သည်။

ယင်းနောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၏လမ်းညွှန်မှုဖြင့် ကိုယ်ထူကိုယ်ထ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် MPT တာဝါတိုင် စိုက်ထူတည်ဆောက်မည့်မြေနေရာ အား ကြည့်ရှုကာ မြေကွက်နေရာအား ရှားပင်ထကျေးရွာနေ ဦးကျောက်ဒိုးမိသားစုက လှူဒါန်းပြီး ဆေးခန်းအတွက်လိုအပ်ချက်များအား ထူးကုမ္ပဏီ ဒေါ်သီတာမိသားစုက မတည်လှူဒါန်း မည်ဖြစ်ကြောင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ထူးကုမ္ပဏီမိသားစုတို့က ဆေးပဒေသာပင် များကို မတည်စိုက်ထူမည်ဖြစ်သည်။

ယခုအခါ ရှားပင်ထဘုန်းတော်ကြီးကျောင်းအတွင်း ယာယီဆေးခန်းဖွင့်လှစ်ပြီး ဆေးကုသမှုကို အပတ်စဉ် တနင်္လာနှင့် သောကြာနေ့များတွင် ကျေးလက်သားဖွားဆရာမ ဒေါ်သန္တာလှိုင်က အခမဲ့တာဝန်ယူကုသပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ နတ်တလင်းမြို့နယ်၌ကျင်းပ

**နတ်တလင်း၊ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်အုပ်စု၌ အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို တာပွန်အုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာ ၂၄ နံနက်၉နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးမြင့်က ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားရာတွင်၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ပြည်သူများလိုအပ်လျက်ရှိသည့် အိမ်ထောင်စုဇယားများကို အိမ်ထောင်စုတိုင်းရရှိစေရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုဇယားများကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် မိတ္တူများထားရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

တာပွန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးထံသို့ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၁၁၈၅ စောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝ၇၁**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြား(တောင်)၊ မြေကွက်အမှတ်-၃၀၀၊ မြေကွက်တည်နေရာအမှတ်(၃၀၀)၊နဝရတ်(၂)လမ်း၊ ပတ္တမြားမြို့သစ်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ အမည်ပေါက်အစိုးရမြေအား အမည်ပေါက်ဒေါ်သင်းသင်းထွန်း[၁၄/ပသန(နိုင်) ၁၆၇၉၆၀]က (၂၀၀၁)ခုနှစ်မှယနေ့အထက်ပါလိပ်စာတွင် နေထိုင်သည်မှာမှန်ကန်ကြောင်း ရွှေနံ့သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ဌာနမှမြေချပါမစ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




**ကန့်ကွက်ရန်ကြေညာစာ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိပ်ကုန်းကျေးရွာမှ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)ပြောင်းရွှေ့နေရာ ချထားပေးခံရသူများအနက်

၁။ မြေကွက်အမှတ်(၁၉၈၈-က) အမည်ပေါက် ဒေါ်မြင့်မြင့်ကြူ
စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထက်လင်း[၁၄/ဓနဖ(နိုင်) ၁၀၅၈၉၃]
၂။ မြေကွက်အမှတ်(၁၉၂၀-က) အမည်ပေါက် ဦးရင်မောင် စာချုပ်ဖြင့်ဝယ်ယူ
ပိုင်ဆိုင်ထားသူဒေါ်နှင်းဟေဇာ[၁၂/ရပသ(နိုင်) ၀၅၂၄၄၁]
၃။ မြေကွက်အမှတ်(၁၉၈၃-က) အမည်ပေါက် ဦးထွန်းကြည်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထား
သူ ဦးအေးချို[၁၄/ဇလန(နိုင်)၀၅၇၅၈၁]
၄။ မြေကွက်အမှတ်(၂၀၁၃-က) အမည်ပေါက် ဦးချစ်သွင် စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ
ဦးတင်အောင်[၁၄/ဇနလ (နိုင်)၁၄၁၉၈၄]

တို့သည်မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားပါသည်။ မြေချပါမစ်ထုတ်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၄)၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
လှိုင်၊ မရမ်းကုန်း၊ အင်းစိန်

# အိန္ဒိယတစ်ဆစ်ပျိုးကြံ စိုက်ပျိုးစနစ် အောင်မြင်

**တိုက်ကြီး၊ အောက်တိုဘာ ၂၅**

ကြံစိုက်တောင်သူများအတွက် ကုန်ကျစရိတ်များသက်သာပြီး အထွက်တိုးကာ အကျိုးအမြတ်ရရှိစေနိုင်သည့် အိန္ဒိယတစ်ဆစ်ပျိုး ကြံစိုက်ပျိုးရေးစနစ်ကို မြန်မာနိုင်ငံအနှံ့ ဒေသအနှံ့အပြားတွင် ကျယ်ကျယ်ပြန့် ပြန့် စိုက်ပျိုးသွားစေရန် ရည်ရွယ်၍ ကြံတစ်ဧကလျှင် ၈၀ တန်အထက် ထွက်ရှိနိုင်သည်။

အထူးအထွက်တိုး သိပ္ပံနည်းကျ တစ်ဆင့်ခြင်းပျိုးထောင် စိုက်ပျိုးနည်းစနစ် သင်တန်းများဖွင့်လှစ်၍ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

"ကြံစိုက်ပျိုးနည်းစနစ်ကို အရင်က (Good Agriculture Practice, GAP) စိုက်နည်းစနစ်နှင့် စမ်းသပ်စိုက်ပျိုးပြီး တောင်သူတွေကို မျိုးဖြန့်ခဲ့တယ်။ အထွက်နှုန်းကတော့ တစ်ဧက တန် ၅၀ ကျော်လောက်ထွက်တယ်။ အခု အိန္ဒိယတစ်ဆစ်ပျိုးစနစ်ကတော့ တစ်ဧကတန် ၈၀ ထွက်နှုန်းရှိတယ်။ ဒီစနစ်ကို ကျွန်တော်တို့ ဥက္ကံသကြားစက်နယ်မြေမှာ နှစ်ဧကတောင်သူပညာပေးအဖြစ် လာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာမှာ စမ်းသပ်စိုက်ပျိုးမှာပါ။ ထွက်ရှိလာတဲ့အခါ တောင်သူတွေကို ဖြန့်ပြီး ဆက်လက်စိုက်ပျိုးသွားမှာပါ" ဟု တိုက်ကြီးမြို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုဦးစီးမှူး ဦးသူရထွန်းက ပြောသည်။

အထွက်တိုး သိပ္ပံနည်းကျ အိန္ဒိယတစ်ဆစ်ပျိုးထောင်နည်းစနစ် စိုက်ပျိုးခြင်းဖြင့် မျိုးအတွက် ကုန်ကျစရိတ် သက်သာခြင်း၊ ကြံတစ်ဆစ်ပိုင်း မျိုးခုတ်ပြီး ထွက်ရှိလာသော ဆစ်ကြားကြံအပိုင်းအစများကို ကြိတ်ဝါးကြံအဖြစ် ပေးသွင်းရ၍ အပိုဝင်ငွေရရှိခြင်းများရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် အပင်များမှာ အပင်ပေါက်နှုန်း ညီညာကောင်းမွန်ခြင်း၊ ပင်ပွားညီ၍များခြင်း၊ စိုက်ခင်းမြေပြုပြင်ချိန် ပိုမိုရရှိခြင်း၊ မြေဩဇာ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ လေနှင့် နေရောင်ခြည် ပိုမိုရရှိစေခြင်း၊ ထိရောက်စွာ ပေါင်းရှင်းနိုင်၍ ရေသွင်းရေထုတ် လွယ်ကူခြင်း၊ တစ်ဧက တန် ၈၀ အထွက်တိုးရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေသည်။

သို့သော် ကြံစိုက်ပျိုးချိန်မှာ ခြအန္တရာယ်ကာကွယ်နိုင်ရန် မြေခံမှာ အဓိက ခြသတ်ဆေးထည့်ဖို့ လိုအပ်ကြောင်းသိရသည်။

"ယခင်တုန်းက စိုက်ပျိုးတဲ့ ကြံက မျိုးညံ့လာပြီ တစ်ဧကအထွက်နှုန်း တန် ၂၀၊ ၂၅ လောက်ပဲ ထွက်တော့ တယ်။ ထွက်တဲ့ကြံကို ဥက္ကံသကြားစက်က တစ်ဧကကို မနှစ်က ကျပ် ၃၀၀၀၀ ဝယ်တယ်။ ဒီနှစ်တော့ ဘယ်လောက်ဝယ်မယ်မသိဘူး။ ကျွန်တော်တို့ကတော့ ပိုလိုချင်တာပေါ့ဗျာ။ တချို့ ကြံစိုက်တောင်သူတွေက သယ်ယူရေးခက်ခဲတော့ ကိုယ်တိုင်ကြံသကာချက်ကြတယ်။ စက်ရုံကသာ ကြံခင်းအရောက်လာဝယ်မယ်ဆိုရင် ကြံသကာမချက်ဘဲ စက်ရုံမှာ ရောင်းမှာပါဗျာ" ဟု ကြံစိုက်တောင်သူ တစ်ဦးက ပြောကြားသည်။

**ထွန်းလှိုင်(မြိုင်)**

# စစ်ကိုင်းတွင် ပြည်တွင်းဖြစ် နွားစာစဉ်းစက်နှင့်ခြွေလှေ့ပုံးများ တွင်ကျယ်



**တံတားဦး၊ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊တံတားဦးမြို့နယ် အောင်ကမ္ဘာစက်မှုလက်မှုလုပ်ငန်းမှ ဓားခုံ၊ သီးနှံခြွေလှေ့ပုံးများတွင်ကျယ်စွာထုတ်လုပ်၍ မြို့နယ်အနှံ့ ပို့ဆောင်ပေးလျက် ရှိကြောင်း သိရသည်။

ပြည်တွင်း စက်မှုလုပ်ငန်းအနေဖြင့် အစိတ်အပိုင်းအားလုံးနီးနီး ပြည်တွင်းတွင် ပြုလုပ်ကာ ကျေးလက်ဒေသအတွက် လိုအပ်နေသော နွားစာစဉ်းစက်များ၊ ခြွေလှေ့စက်များကို ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများမှ တွင်ကျယ်စွာ ထုတ်လုပ်ပြီး မြို့နယ်အနှံ့ တင်ပို့ပေးကြကြောင်း သိရသည်။

လက်ရှိကာလတွင် ဓားခုံများ၊ သီးနှံခြွေလှေ့ပုံးများကို ပုံသဏ္ဌာန်အရွယ်အစား၊ အရည်အသွေးအလိုက် အနည်းဆုံးငွေကျပ် လေးသိန်းခွဲမှ ခုနစ်သိန်းငါးသောင်းအထိ ပေးရပြီး မှာယူသူစိတ်ကြိုက် ပြုလုပ်ပေးရသည်များလည်းရှိကြောင်း လေ့လာသိရှိရသည်။

စိုက်ပျိုးရေးကို အခြေခံကာ အခြားစီးပွားရေးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုတွင် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများမှာ အားတစ်ခုအဖြစ်ပါဝင်နေသည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် လက်မှုလယ်ယာမှသည် စက်မှုလယ်ယာဆီသို့ ချီတက်လာနိုင်ပြီဟုဆိုနိုင်ပြီး ယခင်စက်ဓားဖြင့် နွားစာစဉ်းခြင်းမှသည် နွားစာစဉ်းစက်များကို အသုံးပြုကာ နွားစာသိုလှောင်ခြင်းများကို ပြုလုပ်လာကြသည်။

နွားစာစဉ်းစက်များကို အညာဒေသတွင် ဂျုံအစေ့ထုတ်ရာ၌ တွင်ကျယ်စွာသုံးလျက်ရှိပြီး ဂျုံများကို နွားစာစဉ်းစက်ဖြင့်စဉ်းကာ မှုတ်စက်ဖြင့် မှုတ်၍ ဂျုံစေ့ကိုယူပြီးဂျုံစဉ်းဖတ်ကိုမူ နွားစာအဖြစ် အသုံးပြုကြကြောင်းသိရသည်။ **တိမ်တမန်**

# ဗန်းမော်မြို့နယ် စာပေရေချမ်းစင် ကိုးခုသို့ စာအုပ်အသစ်များ သွားရောက်ဖြည့်ဆည်း

**ဗန်းမော်၊ အောက်တိုဘာ ၂၅**

ဗန်းမော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်း စာပေရေချမ်းစင် (၉ယ်)များထားရှိသည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်ပြီး အသစ်ရောက်ရှိလာသည့် အတွဲ (၂)၊ အမှတ် (၉) စာအုပ်များကို သွားရောက်ဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လက်လှမ်းမီရာ နေရာများမှ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုပြီး အသိပညာဗဟုသုတရရှိစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာပေရေချမ်းစင် (ကြီး/ငယ်)များကို ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်းသိရသည်။

ထိုသို့ဆောင်ရွက်ပေးမှုအတွက် ဒေသခံပြည်သူများမှာ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုနိုင်ပြီဖြစ်သည်။ **မေသူ(ဗန်းမော်)**

## ao,Gk&m*jonfumuf&ma&m*jxv7Gkyf;kS0if. pmrsufS6rS

(၁၀) ဆေးလိပ်အငွေ့၊ ခြင်ဆေး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ လောင်ကျွမ်းရာမှထွက်သော အငွေ့များမှ ရှောင်ကြဉ်ပါ။

(၁၁) အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အရောင်ဆိုးဆေး၊ ဓာတုပစ္စည်းသုံးစွဲသောအစာများကို ရှောင်ကြဉ်ပါ။

(၁၂) သဘာဝ နေရောင်ခြည်နှင့် လေကောင်းလေသန့် ရသော နေရာတွင် နေထိုင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ဆားနှင့်အင်န်ဓာတ်သည် လူ့ခန္ဓာကိုယ် လိုအပ်ချက်ဖြစ်သဖြင့် ရှောင်လွန်းလျှင်လည်းမကောင်း၊ စားလွန်းလျှင်လည်း မကောင်းပေ။ ဆားရှောင်ပါသည်ဆိုသူများသည် ဟင်းခတ်မှုန့်များသုံးစွဲပြီး ဟင်းအရသာကောင်းအောင်ချက်ကြသည်။ ထိုဟင်းခတ်မှုန့်သည် အရသာချိုစေသော်လည်း မူလအရင်းခံမှာ ဆားများသာဖြစ်ကြောင်း သတိမမူမိကြပေ။ အချိုမှုန့်နှင့် ဟင်းခတ်မှုန့် သုံးစွဲသောနေရာတိုင်းတွင် သွေးတိုးရောဂါရောက်ရှိလာသည်ကို သတိပြုကြဖို့လိုသည်။

သွေးတိုးရောဂါဘေးမှ ကင်းဝေးလိုသူတိုင်း၊ အင်န်ဓာတ်နှင့် ဆားကို ရှောင်သလို အချိုမှုန့်၊ ဟင်း ခတ်မှုန့်တို့ကိုလည်း ရှောင်ကြဉ်ဖို့လိုသည်။ တစ်နေ့လျှင် ဇွန်းတစ်ဝက်စာမျှဖြင့် ခန္ဓာကိုယ်အတွင်းသို့ တစ်နှစ်ကြာလျှင် ရောက်ရှိမည့် ဟင်းခတ်အချိုမှုန့်ပမာဏကို တွက်ဆကြည့်လျှင် သွေးတိုးရောဂါအတွက် ရှောင်ကြဉ်သင့်သည်ကို ဆင်ခြင်နိုင်ပေလိမ့်မည်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၅၈၉၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကညန(ရွှာသာကြီး)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/၄၉၈၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကညန(ရွှာသာကြီး)





# ကလောမြို့နယ်၌ တရားမဝင်ဘိန်းစိုက်ခင်းပေါင်း ၃၈ ဧကကျော် ပူးပေါင်းဖျက်ဆီး

**ကလော၊ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အနောက်တောင်ပိုင်း နန်းနိုင်ကျေးရွာအုပ်စု တောင်ကွဲကျေးရွာအုပ်စုများရှိ တရားမဝင် ဘိန်းစိုက်ခင်းပေါင်း ၃၈ ဧကကျော်ကို အောက်တိုဘာ ၁၅ ရက်နှင့် ၂၃ ရက်များတွင် ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း ဦးဆောင်သော ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တို့ သုံးမြို့နယ်ကြား ခန့်မှန်းမြေပုံအညွှန်း KC-43796479, KC-43636154 KC-41096722 တို့အတွင်း ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုပ်ကျေးရွာ စလုံးတောင်ကျေးရွာ၊ ကျောက်ရင်ရွာပျက်နှင့် တောင်ကွဲကျေးရွာအုပ်စု ပင်စိမ်းပင်ကျေးရွာ၊ မြောင်ချောက်ကျေးရွာတို့၏ ဝန်းကျင်တဝိုက်တွင် ၃၈ ဧကကျော်ခန့် တရားမဝင် ဘိန်းများ စိုက်ပျိုးထားသည်ကို တာဝန်သိပြည်သူများ သတင်းပေးချက်အရ သတင်းရရှိခဲ့သည်။

သတင်းအရ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူးဦးဇေယျာလင်း၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူးဆွေဦး၊ ရဲအုပ်ကျော်သူ၊ ဒုရဲအုပ်မင်းကိုကို၊ ဒုရဲအုပ်ပြည့်စုံနောင်၊ ဒုရဲအုပ်ဝင်းမိုးဇော်၊ တပ်ကြပ်ကြီးလှမိုး၊ စိုးမြင့် တပ်ကြပ်ဇော်မျိုးဦး၊ ဒုတပ်ကြပ်မောင်မောင်အေး၊ အောင်မိုးခိုင်၊ မျိုးဇော်၊ ဝင်းကျော်သန်း တပ်သားနိုင်နိုင်လင်း၊ ဖွဲ့ကျော်လင်း၊ ဇော်မင်းသိုက်၊ ကျော်မျိုးဇော်၊ ဒုမြို့နယ်ပညာရေးမှူး ဦးမောင်မောင်လွန်း၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးသိန်းကျော်အေး၊ ဥပဒေဌာန ဦးဇရာမောင်၊ ကျန်းမာရေးဌာန ဦးစိုးလှိုင် စိုက်ပျိုးရေးဌာနဦးရဲမင်းနိုင်၊ သစ်တောဦးစီးဌာနတောခေါင်း ဦးစန်းအောင်လင်း၊ ဦးထိန်လင်း၊ မူးယစ်(အထူး)အဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အင်အား ၃၄ ဦး ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးပူးပေါင်းအဖွဲ့တို့ ဖွဲ့စည်းပြီး ကွင်းဆင်းကာ တောနင်းဖျက်ဆီးခဲ့ကြသည်။

ယင်းနောက် တရားမဝင် ဘိန်းစိုက်ခင်းများ အနီးဝန်းကျင်ရှိ ကျေးရွာသူ၊ ကျေးရွာသား ၆၀ ဦးခန့်ကို တောင်ကွဲကျေးရွာအုပ်စု မြင်းက ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စုဝေးကြပြီး မြို့နယ်ရဲမှူးတင်ဝင်းက မူးယစ်ဆေးဝါး ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ဒုမြို့နယ်ပညာရေးမှူး ဦးမောင်မောင်လွန်းက မူးယစ်ဆေးဝါးသုံးစွဲ၊ သောက်စားမှုကြောင့် ပညာရေး အသိဉာဏ်ထုံထိုင်းချို့ယွင်း ပျက်စီး ဘဝတုံးရပုံအဆင့်ဆင့် အကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းမှုကျော်က ပြောသည်။ **ဇော်သိန်းရည်**

# ကနီမြို့နယ်၌ သောက်သုံးရေအခက်အခဲမရှိစေရန် စက်ရေတွင်းတူးဖော်

**ကနီ၊ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဖြစ်သည့် လယ်ရှည်ကျေးရွာအုပ်စု လယ်ရှည် အနောက်ကျေးရွာတွင် လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးရာတွင် လယ်ရှည် အနောက်ကျေးရွာရှိ အိမ်ထောင်စု ၂၃ စုနှင့် လူဦးရေ ၁၀၀ ကျော်ရှိကျေးလက်နေပြည်သူများ သောက်ရေသုံးရေ အခက်အခဲမရှိစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုး၊ မြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ရွာဟာ ရေအလွန်ရှားပါးပါတယ်။ အရင်ကဆိုဒီတို့ကျေးရွာနဲ့ နှစ်မိုင်ကျော်၊ သုံးမိုင် ဝေးကွာတဲ့ လင်ပုန်းရည်ကျေးရွာနဲ့ ယင်းမာပင်မြို့နယ်အတွင်းက တရော်ကျင်းကျေးရွာတွေအထိ ရေစည်နွားလှည်းများနဲ့ မနက်လေးနာရီဆို သွားရောက်သယ်ယူ အသုံးပြုရပါတယ်။ မိုးရာသီဆို ကန်များက ရေကို သယ်ယူအသုံးပြုရတဲ့အတွက် တောင်သူတွေ လုပ်ငန်းခွင်ဝင်ဖို့ အချိန်ကုန်ပြီး နွားများလည်း ပိုမိုပင်ပန်းရပါတယ်။ အခုဆို ကျွန်တော်တို့ရွာကို လေးလက်မ စက်ရေတွင်းတူးဖော်ပေးတော့ ရွာမှာရှိတဲ့ လူတွေရဲ့ သောက်သုံးရေသာမက ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ အခက်အခဲမရှိ ရာသီမရွေး ရေကိုလုံလောက်စွာ အသုံးပြုနိုင်တော့မှာဖြစ်လို့ အလွန်ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု အဆိုပါကျေးရွာမှ ဦးချစ်လင်းက ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်နှင့် အဖွဲ့များသည် သင့်ဝင်ကျေးရွာနှင့် ကျွဲသောက်ကန်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်မည့်နေရာများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

## မျိုးစေ့စိုက်ခင်းများအား ပညာရှင်များ စစ်ဆေး

**ဘိုကလေး၊ အောက်တိုဘာ ၂၅**


၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရာသီတွင် ဘိုကလေးမြို့နယ်အတွင်း ဒေသခံတောင်သူများစိုက်ပျိုးထားသော မျိုးသန့်၊ မျိုးပွားနှင့် မျိုးစေ့စိုက်ခင်းများအား ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်ဝင်းဝင်းကြည်ဦးဆောင်၍ ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိန်သန်း၊ မြို့နယ်မျိုးစေ့တာဝန်ခံ ဦးအောင်လှဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးပညာရှင်များသည် WHH , G.R.E.T , INGO အဖွဲ့အစည်းများမှ စိုက်ပျိုးရေးပညာရှင်များပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီမှ စတင်ကြည့်ရှုကြပြီး တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။


အဆိုပါ ကွင်းဆင်းစစ်ဆေးခဲ့ကြသည့် စပါးမျိုးများမှ ဈေးကွက်နှင့် စားသုံးမှုအရည်အသွေးများ ရွေးချယ်ရန်နှင့်ဒေသရေမြေနှင့် ကိုက်ညီသော တောင်သူအကြိုက်ဆုံး စပါးမျိုးများကို ရွေးချယ်ပြီး တောင်သူများ၏ လယ်မြေများတွင် စပါးစိုက်ဧရိယာတိုးချဲ့၍ စိုက်ပျိုးသွားကြရန် ရည်ရွယ်၍ ဖျာပုံခရိုင်နှင့် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးမျိုးစေ့ပညာရှင်များကဦးဆောင်ကာကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မော်ကျွန်းမြင့်အောင်**


**ပန်းခင်းလမ်း** ဘုရားဖူးပို့ဆောင်ရေး

- တောင်ကြီး-အင်းလေး-ပင်းတယ-ကုံလုံ-ကလော-မွေတော်ကက္ကူ-မြင်းမထိ-ထမ်းစမ်း ခရီးစဉ် (၄ညအိပ်-၅ရက်)၊ စားစရိတ်ငြိမ်း-၆၀၀၀၀/- **Nov-4**
- ပုဂံ-ညောင်ဦး-ပုပ္ပါး-စွယ်တော်လေးဆူ ခရီးစဉ် (၃ညအိပ်-၄ရက်)၊ စားစရိတ်ငြိမ်း-၃၅၀၀၀/- **Nov-14**
- ဘီးလင်း-မဲလံဆံတော်ရှင်-ကျောက်ပိရဟန္တာ-ကုသိန္နာရုံ-ကျိုက်ထီးဆောင်း-ကျိုက်ပေါလောမှဲ့ရှင်-ပဲခူးဘုရားခရီးစဉ်
  နံနက်/နေ့လယ်စားငြိမ်း-၁၆၀၀၀/- (အပတ်စဉ် - စနေ)

**Ph : 09-8632692, 09-448046619, 09-254378530,**





**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၄၈)ရပ်ကွက်၊ မြေကွက်အမှတ် (၄၄၄) ဟုခေါ်တွင်သော အလျား ပေ၆၀× အနံပေ၄၀ အကျယ်အဝန်းရှိ မြေချပါမစ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်းထံမှ တစ်ဆင့် ဝယ်ယူထားသူ ဒေါ်မိုးမိုးလွင် [၁၂/ဗဟန(နိုင်) ၀၃၇၅၁၈]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဦးကျော်သူ (၁၂/သလန(နိုင်)၀၉၈၈၁၀)
ဖုန်း-၀၉-၄၄၈၀၁၃၄၉၄၊ ၀၉-၄၃၀၆၆၃၂၃

**ဘီလူးကျွန်း ချောင်းဆုံမြို့နယ်အသင်း(ရန်ကုန်)**

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ တတိယအကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲ၊ အသက်(၈၀)နှစ်နှင့်အထက်ရှိ ရန်ကုန်နေ ဘီလူးကျွန်းချောင်းဆုံမြို့နယ်သား/သူ သက်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ၂၀၁၄ ခုနှစ်၊ စီးပွားရေး ထူးချွန်၊ လူရည်ချွန်၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရအသင်းသား/သူ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်ပြီးသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်၊ အချိန် - ၂-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)
နံနက်(၈း၃၀)နာရီ

နေရာ - မွန်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်
(နံနက်စာ ထမင်းဖြင့်ဧည့်ခံကျွေးမွေးပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဆက်သွယ်ရန် -

| | | | |
|---|---|---|---|
| ဦးတင်လှိုင် | ၀၉-၅၁၆၆၀၇၁ | ဦးခင်မောင် | ၀၉-၃၀၀၀၇၆၈၁ |
| ဦးတင်အုန်း | ၀၉-၈၆၁၆၅၃၅ | ဦးမြင့်သိန်း | ၀၉-၅၄၀၁၀၇၉ |
| ဦးခင်မောင်ကြီး | ၀၉-၇၃၀၂၃၂၁၉ | ဒေါ်ခင်အုန်းမြင့် | ၀၉-၅၁၈၇၄၀၆ |
| ဒေါ်ခင်ခင်ပြုံး | ၀၉-၄၂၀၁၀၀၉၀၈ | ဦးစိုးသန်း | ၀၉-၄၂၀၀၃၇၄၄၅ |

# ခြံစည်းရိုးလည်းဖြစ် စားသုံး၍လည်းရသည့် မန်ကျည်း



**ရေစကြို၊ အောက်တိုဘာ ၂၅**

မန်ကျည်းပင်သည် လူတို့အတွက် အသုံးဝင်သော စားသုံးသီးပင်ဖြစ်သည်။ မန်ကျည်းရွက်နုနုကို ချဉ်ရည်ချက်၍ လည်းကောင်း၊ ဟင်းချိုချက်၍ လည်းကောင်း၊ ပဲပြုတ်နှင့် သုပ်၍လည်းကောင်း၊ ငရုတ်သီးနှင့် ထောင်း၍လည်းကောင်း စားသုံးမှုပြုနိုင်သလို မန်ကျည်းရွက်နုနုကို အချဉ်စိမ်ထားခြင်းဖြင့် မန်ကျည်းချဉ်ကို ရာသီမရွေး စားသုံးနိုင်သည်။ မန်ကျည်းဖူးကို ရွေးနွေးဖြော၍ သုပ်စားနိုင်သည်။

မန်ကျည်းသီးနုနုကို ငါးပိဖုတ်၊ ငရုတ်သီးစိမ်းမီးကင်နှင့် ထောင်း၍လည်းကောင်း၊ မန်ကျည်းသီးကြက်ဆူ(မမှည့်တမှည့်) ကို ငါးခြောက်နှင့် ချက်၍လည်းကောင်း၊ ငါးရံ့ခေါင်း၊ ငါးပတ်ခေါင်း၊ ချဉ်ရည်ဟင်းအဖြစ် စားသုံးနိုင်သည်။ မန်ကျည်းသီးမှည့်ကို ဘဲဥချဉ်ဟင်းချက်ရာတွင်လည်းကောင်း၊ တမာချဉ်သိပ်ရာတွင်လည်းကောင်း၊ ဘူးသီးကြော်နှင့် တွဲဖက်စားသုံးသည့် အချဉ်ရည်တွင်လည်းကောင်း၊ မန်ကျည်းလိပ်တွင်လည်းကောင်း၊ ဆေးဖော်ရာတွင်လည်းကောင်း အသုံးဝင်သည်။

မန်ကျည်းစေ့ကို ကော်လုပ်ရာတွင်လည်းကောင်း၊ သွားနာပျောက်ဆေးဖော်ရာတွင်လည်းကောင်း၊ ကနခိုနာဆေးဖော်ရာတွင်လည်းကောင်း၊ အသုံးပြုနိုင်သလို မန်ကျည်းစေ့ကို လှော်၍လည်း စားသုံးနိုင်သည်။ မန်ကျည်းသားသည် မာကျောသည့် သဘာဝရှိ၍ ထွန်တုံးအဖြစ်လည်းကောင်း၊ စဉ်းတီတုံးအဖြစ်လည်းကောင်း၊ ထင်းအဖြစ်လည်းကောင်း အသုံးဝင်သည်။

အဆိုပါ အဘက်ဘက်မှ အသုံးဝင်သည့် နှစ်ရှည်အရိပ်ရပင်ကို ပုံဖော်အလှစိုက်ပျိုးပါက တစ်နှစ်ပတ်လုံး မန်ကျည်းရွက်နုနုကိုစားသုံးနိုင်သည်။ အနံသုံးပေခန့်ထား၍ အလျားကို လိုသလိုထား အပင်စိပ်စိပ် စိုက်ပျိုးခြင်းဖြင့် လိုသလို ပုံသွင်းနိုင်ပြီး ခြံစည်းရိုးအဖြစ်လည်း အသုံးဝင်သည်။

သို့အတွက် မျိုးစေ့လည်းမရှား စိုက်ပျိုးရာတွင်လည်း လွယ်ကူ ရာသီမရွေး မြေမရွေး စိုက်ပျိုး၍ရသော မန်ကျည်းပင်ကို မိမိတို့အိမ်တွင် ပုံဖော်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားမည်ဆိုလျှင် မျက်စိပသာဒအလှအပလည်း ခံစားနိုင်သလို ခြံစည်းရိုးအဖြစ်လည်းအသုံးဝင် မန်ကျည်းရွက်နုနုကိုလည်း တစ်နှစ်ပတ်လုံး စားသုံး၍ရနိုင်ပါသည်။

**ဖေထွေးဇော်(ရေစကြို)**

# ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**ကျွန်းလှ၊ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ်အတွင်း သစ်သားတံတား ၂၈ စင်းအား ငွေကျပ်သန်း ၂၄၇ ဒသမ ၃၈ ဖြင့်လည်းကောင်း၊ မူးမြစ်ကူး (ကွန်ကရစ်) တံတားအမှတ်(၂) အရှည်ပေ ၆၅၀ အား ငွေကျပ်သန်း ၁၄၁၅ ဖြင့်လည်းကောင်း၊ ရေကျော် ၁၉ ခုကို ငွေကျပ်သန်း ၁၄၂ ဒသမ ၉၄ သန်းအကုန်ကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် လေးလက်မ၊ ပေ ၆၀၀ စက်ရေတွင်း ရှစ်တွင်းအား ရေစက်ရုံ၊ ရေစက်၊ ရေစင်၊ ပိုက်သွယ်တန်းခြင်း အပါအဝင် တစ်တွင်းလျှင် ငွေကျပ်သန်း၂၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မြေသားလမ်း ၈၈ မိုင်အား ငွေကျပ်သန်း ၉၁၃ ဒသမ ၉၇ ဖြင့်လည်းကောင်း၊ ကျောက်ချောလမ်း မိုင် ၄၀ အား ငွေကျပ် ၁၀၇၂ ဒသမ ၁၄ သန်းဖြင့် တင်ဒါရကုမ္ပဏီများကလည်းကောင်း၊ ကျေးရွာ ၁၂ ရွာ မီးလင်းရေးအတွက်ငွေကျပ် ၂၃၄ ဒသမ ၄ သန်း အကုန်ကျခံ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မိုးစပါးရိတ်သိမ်းခြင်း မျိုးသန့်စင်မှုအတွက် မျိုးခွဲနုတ်ပယ်ခြင်းနှင့် ပညာပေးသရုပ်ပြပွဲ ကျင်းပ

**မုဒုံ၊ အောက်တိုဘာ ၂၅**

မွန်ပြည်နယ်၊ မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံတွင် သိပ္ပံနည်းကျ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါး ပေါ်ဆန်းရင် (ဆင့်ပွားမျိုးစေ့) နှင့် ဗီယက်နမ်မျိုးသစ်စိုက်ခင်းတွင် မျိုးစေ့အရည်အသွေး ထိန်းသိမ်းနိုင်ရန် ခေါင်နှံ၊ အမနှံ ရွေးချယ်ခြင်း၊ မျိုးစေ့သန့်စင်ရန် မျိုးကွဲနုတ်ခြင်း၊ ဗီယက်နမ်မျိုးသစ် စက်ကွက်ရိတ်သိမ်းပြခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီက ဗဟိုစိုက်ပျိုးရေးခြံတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တောင်သူလယ်သမားများအား မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုပြည်နယ်ဦးစီးမှူး ဦးအောင်မြင့်က ဗဟိုခြံမှ ထုတ်လုပ်သော အရည်အသွေးကောင်းစပါး၊ ပေါ်ဆန်းရင်နှင့် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးသစ် ဗီယက်နမ်မျိုးကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့နှင့် စိုက်နည်းစနစ်များကို စိုက်ပျိုးရေးပညာရှင်နှင့် တစိုက်မတ်မတ် အကြံဉာဏ်များရယူပြီး မျိုးကောင်းမှ အပင်သန်၊ အပင်သန်မှ အနှံကောင်း၊ အနှံကောင်းမှ ရောင်းပန်းလှမည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေးသည် အလွန်အရေးကြီးသည့် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း သို့မှသာ တောင်သူလယ်သမားများ အထွက်တိုးပြီး ဈေးကောင်းရရှိနိုင်မည် ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

ယင်းနောက် မော်လမြိုင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ဦးက မျိုးစေ့မျိုးသန့်ရရှိရန် မျိုးကွဲနုတ်ပယ်ခြင်း၊ အမနှံ၊ ခေါင်နှံ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ရိုးရိုးစိုက်ပျိုးသည်ထက် တစ်ဧက ၃၀ တင်း ထွက်ရှိသည့် လယ်တွင် တင်း ၅၀၊ တင်း ၂၀ ခန့် ပိုမိုထွက်ရှိနိုင်မည်ဖြစ်ကြောင်း တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးဌာန (ရုံးချုပ်) မှ ဒေါ်ခင်နှင်းသန့်က မျိုးစေ့သန့်စင်မှု ရရှိရန်အတွက် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို အပင်ပွားစုံချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် ဆောင်ရွက်ရ သဖြင့် အရည်အသွေးကောင်းသော မျိုးစေ့မှသည် သီးနှံ၏ မျိုးဗီဇများ သွေဖည်မသွားဘဲ အရည်အသွေး ကောင်းသော ဆန်ကို ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

အဆိုပါ ဗီယက်နမ်စပါးမျိုးသစ်သုည ဒသမ ၁၀ ဧက စက်ကွက် ရိတ်သိမ်းခြင်းကို Combine Harvesters ဖြင့် ၆ ဒသမ ၆ ပေပတ်လည် စံပြကွက်ငယ် သုံးကွက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပြီး အစိုထွက်နှုန်း ၁၁၁ တင်း ရရှိပြီး အခြောက်ထွက်တင်း ၁၀၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများ၊ ခရိုင်မျိုးစေ့ တာဝန်ခံ၊ မော်လမြိုင်ခရိုင်ခြောက်မြို့နယ်မှ ဝန်ထမ်းများ၊ အရည်အသွေးကောင်းပေါ်ဆန်းရင်နှင့် ဗီယက်နမ်စပါးမျိုးသစ် စိုက်ကွက်တွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့ရိတ်သိမ်းခြွေလှေ့ သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ရာ တက်ရောက်လာသူ ဝန်ထမ်းများနှင့် တောင်သူများက သိရှိလိုသည့် အချက်များ ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်**

# ရွှေဘိုမြို့နယ်မှ စွန့်လွှတ်စွန့်စားသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်

**ရွှေဘို၊ အောက်တိုဘာ ၂၅**


နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် အသက်ကိုပဓာနမထားဘဲ စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ကိုယ်ကျိုးစွန့်ပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များထဲမှ စွန့်လွှတ်စွန့်စားသည့် ရွှေဘိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်သန်းမင်းဦးအား ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် ညနေ ၅ နာရီက ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုစွန့်လွှတ်စွန့်စားသည့် ရွှေဘိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်သန်းမင်းဦးက ရွှေဘိုမြို့အမှတ်(၂)ရပ်ကွက်ရှိဦးအောင်ကျော်စိုးဝင်း၏နေအိမ်မြေအောက်ရေကန်အတွင်းထဲတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက အလုပ်သမားနှစ်ဦး အောက်ဆီဂျင်ပြတ်လပ်၍ သတိလစ်မေ့မျောနေမှုကို မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးစန်းဦး၊ တပ်ကြပ်ကြီးစိုးမင်းသိန်းတို့ ကြီးကြပ်၍ ဒုတပ်ကြပ်သန်းမင်းဦးက ဝင်ရောက်ကယ်ဆယ်ခဲ့ခြင်းကြောင့် အဆိုပါ အလုပ်သမားနှစ်ဦး အသက်ချမ်းသာရာရခဲ့သည်။

ထိုသို့မြေအောက်ရေကန်အတွင်းသို့ မိမိအသက်ကို ပဓာနမထားဘဲ ဝင်ရောက်ကယ်ဆယ်ခြင်းကို ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ပြည်သူကိုအသက်စွန့်၍ ကူညီစောင့်ရှောက်သူများအား အသိအမှတ်ပြုပေးရေးအဖွဲ့(မုံရွာ) မှ ဒုတပ်ကြပ်သန်းမင်းဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီ ဉက္ကဋ္ဌ ဒေါက်တာတင်ဝင်းက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဦးအောင်ကျော်စိုးဝင်းနှင့်မိသားစုမှ ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဦးအောင်ကျော်စိုးဝင်းနှင့်မိသားစုမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသုံးပြုရန်အတွက် အလှူငွေ ကျပ်ခုနစ်သိန်းကိုပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာနမှမြို့နယ်မီးသတ်ဦးစီးမှူးဦးစန်းဦးကလက်ခံရယူခဲ့သည်။

**စိုးသီဟ(ပြန်/ဆက်)**



## (ယခင်)မက်သဒစ်၊ ရေကျော်အစိုးရအထက်တန်းကျောင်း အထက(၃)ပိုလ်တထောင် (၂၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှည် မက်သဒစ်ရေကျော်အစိုးရ အထက်တန်းကျောင်း အထက(၃) ဗိုလ်တထောင်ဟူ၍ သုံးမည်ရ ကျောင်းတော်ကြီး၏ မက်သဒစ်ကျောင်းတော်ကြီးမှစ၍ ယနေ့တိုင် တစ်မိနစ် တစ်စက္ကန့်မျှ သင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ/ဆရာမကြီးပေါင်း (၁၃၃)ဦး၏ ဂုဏ်ကျေးဇူးအား ဦးထိပ်ထား၍ ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ ကျောင်းတော်ကြီး၏ ခန်းမဆောင်တွင် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား/သူ ဟောင်းများ ပြန်လည်ဆုံစည်းကာ ပျော်ရွှင်တက်ကြွစွာ ပါဝင်ပူဇော်ကန်တော့ကြပါရန် နှိုးဆော်အပ်ပါသည်။

လှူဖွယ်ပစ္စည်းများ ပေးပို့လိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးမြင့်ဆွေ ၀၉-၅၁၆၃၂၂၃၊ ၂။ ကိုကျော်ဝင်း ၀၉-၄၂၀၂၆၁၅၄၆၊ ၃။ ဦးစိုးမြင့်၀၉-၇၃၀၅၈၉၆၃၊ ၀၉-၅၁၂၃၃၀၀၊ ၄။ ကိုလှသိန်း ၀၉-၅၀၆၇၀၃၀၊ ၅။ ကိုမူဆာ ၀၉-၅၀၉၂၃၉၁၊ ၆။ ကိုသန်းမြင့် ၀၉-၇၃၂၄၃၇၂၂၊ ၇။ ကိုနေဝင်း ၀၁-၅၈၄၁၁၃၊ ၈။ ဒေါက်တာ ဦးလှမြင့် ၀၁-၂၀၁၈၈၇၊ ၉။ ကိုခင်မောင်ဦး-မသိန်းသိန်းရင် ၀၉-၃၁၅၆၂၀၂၈၊ ၀၁-၅၇၂၃၅၂) ၁၀။ မလှဲ့လှဲ့ဝင်းဟန် ၀၉-၅၀၀၆၈၄၃၊ ၁၁။ ကိုကျော်မြ ၀၉-၈၅၀၂၂၇၉၊ ၁၂။ ဒေါ်မြမြသန်း ၀၉-၃၁၀၃၃၈၅၃၊ ၁၃။ ဆရာမဒေါ်တင်တင်ဝင်း အထက-၃၊ ဗိုလ်တထောင် ၀၉-၅၁၄၈၆၅၇၊ ၁၄။ ကိုသန်းဇော်-မန္တလေးသီတာခိုင် ၀၉-၅၁၁၄၇၅၇၊ ၁၅။ မအေးသီတာအောင် ၀၉-၅၁၇၃၁၀၁၊ ၁၆။ မထက်ထက်စိုး ၀၉-၃၁၀၄၀၇၄၀၊ ၁၇။ ကိုသက်ပိုင်စိုး- မဆုမွန်အေး ၀၉-၇၃၁၀၄၄၁၃၊ ၁၈။ မချစ်ငြိမ်းချမ်း ၀၉-၄၂၀၀၈၂၉၉၆၊ ၁၉။ ကိုဂွန်တင်အောင် ၀၉-၃၁၆၉၃၀၂၅၊ ၂၀။ ကိုငွေစိုး ၀၉-၇၃၀၆၈၇၉၀၊ ၂၁။ ဆရာဦးဆန်းထူး ၀၉-၃၀၂၂၇၄၃၁။

အပတ်စဉ် (တနင်္ဂနွေနေ့) မွန်းလွဲ (၂း၀၀)နာရီတိတိတွင် အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်များ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်(၃၂၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၂၄/ခ)၊ ရှင်စောပုလမ်း၊ ကြီးပွားရေးမြောက်၊ သဃ်န်းကျွန်းမြို့နယ် ဦးရေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရေး [၁၂/သဃက(နိုင်)၀၅၈၃၃၁]က မြေချပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာတွင် မြို့မြေစာရင်း၌ ဦးရေး အမည်ဖြင့် နှစ်(၆၀)ဂရန်မှတ်သားထားသဖြင့် ဂရန်လက်ဝယ်ရှိသူမှ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၈၁၃/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၁၃/ခ)၊ ဇဋိလ(၄) လမ်း၊ ၁၆/၁ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးလှကြိုင် [၁၂/သဃက(နိုင်)၀၀၅၂၂၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးလှကြိုင် ကွယ်လွန်သဖြင့် ဒေါ်တင်အုံးမြင့် [၁၂/သဃက(နိုင်)၀၀၅၃၇၇]က တစ်ဦးတည်း သော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်မတော်တဆမှုလျော့ကျရေး နည်းပညာသစ်သုံးတော့မည်

**နေပြည်တော်　　အောက်တိုဘာ　၂၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများအနက် အများစုမှာ ယာဉ်မောင်းများ၏ အရှိန်လွန်မောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး အဆိုပါယာဉ်မတော်တဆမှုများ လျော့ကျစေရေး စည်းကမ်းကြပ်မတ်မှုများပြုလုပ်ခဲ့ပြီးနောက် ယာဉ်မတော်တဆမှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် လျော့ကျလာခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး နေဝင်းက ပြောကြားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အဓိကအကြောင်းခြင်းရာများမှာ လူ၊ ယာဉ်၊ လမ်းနှင့် ရာသီဥတုတို့ကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး လူကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုများတွင် အရှိန်လွန်မောင်းနှင်ခြင်း၊ ယာဉ်မောင်းနှင်နေစဉ်အိပ်ငိုက်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ လမ်းကူးသူပေါ့ဆမှု၊ တိရစ္ဆာန်၊ ဆိုင်ကယ်နှင့် အနှေးယာဉ်၊ ယာဉ်မောင်းမကျွမ်းကျင်မှုနှင့် မဆင်မခြင်မောင်းနှင်မှုတို့ပါဝင်သည်။ ယာဉ်ကြောင့်ဖြစ်ရသော မတော်တဆမှုများတွင် တာယာများကောင်းမွန်မှု မရှိ၍ ဘီးပေါက်ခြင်းနှင့် ယာဉ်ကြံ့ခိုင်မှုမရှိ၍ စက်ချွတ်ယွင်းခြင်းတို့ကြောင့် ဖြစ်ပွားရပြီး လမ်းကြောင့်ဖြစ်ရသော မတော်တဆမှုများတွင် တံတားနှင့် လမ်းချော်မှုတို့ကြောင့် အများဆုံးဖြစ်ပွားရသည်။ ယင်းတို့အနက် လူကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် အများဆုံးဖြစ်ပြီး လမ်းကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် အနည်းဆုံးဖြစ်ကြောင်း လေ့လာဆန်းစစ်ချက်များအရသိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ အောက်တိုဘာ ၂၄ ရက်အထိ အမြန်လမ်းမကြီးပေါ်၌ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လူကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် ၂၇၈ မှု၊ ယာဉ်ကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် ၆၁ မှု၊ လမ်းကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် တစ်မှုနှင့် ရာသီဥတုကြောင့်ဖြစ်ရသော ယာဉ်မတော်တဆမှုသည် လေးမှု စသည်ဖြင့် အသီးသီးရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့၏ ပြောကြားချက်အရသိရသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

# ကုန်ကြမ်းအရည်အသွေးမကောင်းခြင်းက ဈေးကွက်မထိုးဖောက်နိုင်သည့် အချက်တစ်ချက်ဖြစ်

သတင်း - နိုင်လင်းကြည်
ဓာတ်ပုံ - ရာမည

ပိန်းဇလုပ်　　အောက်တိုဘာ　၂၅

**ဆန်၏သွင်ပြင်လက္ခဏာများ ကောင်းခြင်းနှင့် သန့်စင်မှုရှိခြင်းတို့သည် ဆန်အရည်အသွေးကောင်းခြင်း၏ အရေးပါသောအချက်ဖြစ်သည်။ ဆန်အရည်အသွေးကောင်းမှသာ ပြည်တွင်းစားသုံးမှုရော ပြည်ပတင်ပို့မှုတွင်ပါ မျက်နှာပန်းလှမည်ဖြစ်သည်။**

မြန်မာနိုင်ငံအတွင်း၌ ဆန်စပါးထွက်ရှိမှုနှုန်း မြင့်မားနေသော်လည်း ကုန်ကြမ်းအရည်အသွေး မကောင်းခြင်းကြောင့် အရည်အသွေးကောင်းသည့် ဆန်အမျိုးအစား မထွက်ရှိသည့်အပြင် ဈေးကွက်ထိုး ဖောက်နိုင်မှုအတွက် အဟန့်အတားဖြစ်စေကြောင်း ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ သမစိတ္တဆန်စက်တာဝန်ခံ ဦးအေးထက်ထွန်း၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံအတွင်း ဆန်အထွက်နှုန်းမြင့်မားနေသော်လည်း ပြည်ပဈေးကွက်ဝင် တန်းမြင့်ဆန်များကြိတ်ခွဲရန်အတွက် အရည်အသွေးမြင့်မားစွာ စိုက်ပျိုးထုတ်လုပ်နိုင်မှုနည်းပါးသည်ကတစ်ကြောင်း၊ လက်ရှိကာလတွင် ဆန်ဈေးနှုန်း ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်သမားများ အနေဖြင့်လည်း ပြည်တွင်းစားသုံးမှုနှင့် ကိုက်ညီသော ဆန်အဖြစ်သာကြိတ်ခွဲနေကြကြောင်း၊ ယင်းသို့သောအချက်များကြောင့် ပြည်တွင်းပြည်ပဈေးကွက်များသို့ ဝင်ရောက်ထိုးဖောက်မှုအတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ရှိ သမစိတ္တဆန်စက်ကို တွေ့ရစဉ်။




# နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာလက်ဝှေ့သမားများနှင့် နိုင်ငံတကာလက်ဝှေ့ကျော်များ ယှဉ်ပြိုင်မည်

သတင်းနှင့် ဓာတ်ပုံ -အောင်ကျော်ဦး

**ရန်ကုန်　　အောက်တိုဘာ　၂၅**

မြန်မာလက်ဝှေ့ဝါသနာရှင်များ နှစ်ခြိုက်စွာအားပေးလေ့ရှိသော နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးက ကြီးမှူး၍ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ စီစဉ်ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

## ယနေ့မာတိကာ

**အရှုံးထဲက အမြတ်**
စာမျက်နှာ - ၂

**သားငါးသယံဇာတ ရှားပါးမှုများ မရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်လို**
စာမျက်နှာ - ၈

**ရပ်ရွာအကျိုးသယ်ပိုးမည့် ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်**
စာမျက်နှာ - ၁၀

**အမေရိကန်နိုင်ငံသား ခရီးသွားတစ်ဦး ကျန်းမာရေးအခြေအနေကြောင့် မကွေးမြို့တွင် ဆေးကုသမှုခံယူ**
စာမျက်နှာ - ၁၁

**နောက်ခံလူပီကေး ဘာစီလိုနာ၌သာ ကစားသမားဘဝ အဆုံးသတ်မည်ဟုဆို**
စာမျက်နှာ - ၁၃



ကြေးမုံ Mirror

တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL

2014 OCTOBER 26, SUNDAY




ဖွံ့ဖြိုးရေး

# ရှေ့သို့လှမ်းချီ အမျိုးသားစာကြည့်တိုက်ဆီ

စာပေသမိုင်းကြောင်းရှည်လျားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် သမိုင်းတန်ဖိုး၊ စာပေတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် စာပေပစ္စည်းများစွာကို ယခုကာလတိုင် ဘုန်းတော်ကြီးကျောင်းများ၊ စာပေချစ်မြတ်နိုးသူများ၊ စာကြည့်တိုက်များတွင် စုဆောင်းထားကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရှိရသည်။

အမှန်စင်စစ် စာအုပ်၊ စာပေဆိုသည်မှာ လူသားတို့၏ ဘဝသက်တမ်းတစ်လျှောက်တွေ့ရှိရသည့် အတွေ့အကြုံများ၊ ရှာဖွေတွေ့ရှိချက်များ၊ သုတေသနပြုမှုများကို မမေ့မလျော့စေရန်နှင့် နောင်လာနောက်သားတို့ လေ့လာဖတ်ရှုအသုံးပြုနိုင်စေရန် စာပေအဖြစ် ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့ မှတ်တမ်းတင်ရာတွင် စာရေးသားရာပစ္စည်းအဖြစ် ရွှေ၊ ကျောက်၊ ကြေး၊ ဆင်စွယ်၊ သားရေ၊ ပေရွက်၊ ဝါး၊ စက္ကူ စသည်တို့ကို အသုံးပြုခဲ့ကြကြောင်း သမိုင်းအထောက်အထားများနှင့် ယခုခေတ်ကာလတိုင်အောင် တည်တံ့မှုများအရ တွေ့ရှိရသည်။ ယဉ်ကျေးမှုရှိသည့်နိုင်ငံတိုင်း အဆိုပါယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်သော လူသားတို့၏ အသိဉာဏ်များကို မှတ်တမ်းတင်ထားသည့် စာကြည့်တိုက်များကို ဖွဲ့စည်းတည်ထောင်ထားလေ့ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် တည်ထောင်ထားရှိသော စာကြည့်တိုက်အမျိုးအစား များစွာရှိနိုင်သော်လည်း နိုင်ငံတော်အဆင့် စာကြည့်တိုက်ဟုဆိုလျှင် နိုင်ငံတော်မှ Depository Library အဖြစ် သတ်မှတ်ပေးထားသော "အမျိုးသားစာကြည့်တိုက်"ကိုသာ ညွှန်ပြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၅၂ ခုနှစ် ဇွန် ၂၂ ရက်နေ့က "နိုင်ငံတော်စာကြည့်တိုက်"ဟူသော အမည်ဖြင့် "ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန"၏ အုပ်ချုပ်မှုအောက်တွင် တည်ထောင်ခြင်းမှစတင်ကာ အမျိုးသားစာကြည့်တိုက်၏သမိုင်းကို စတင်ခဲ့သည်။ စတင်တည်ထောင်စဉ်က "ဘားနဒ်အခလွတ် စာကြည့်တိုက်"မှ စုဆောင်းထားမှုအဝဝဖြစ်သည့် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသောစာအုပ်များ၊ မြန်မာပြည်အရပ်ရပ်မှ စုဆောင်းထားသော ပေ၊ ပုရပိုက်များ၊ ပုဂံဝန်ထောက်မင်းဦးတင်၊ ကင်းဝန်မင်းကြီးဦးကောင်း အစရှိသူတို့၏စာစုအပြင် တစ်သီးပုဂ္ဂလမှလှူဒါန်းသော စာစုများဖြင့် စာပေပစ္စည်းအင်အားကို ဖြည့်တင်းခဲ့သည်။ ယခင်က ဂျူဗလီဟော (ယခုတပ်မတော်ခန်းမ)တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း နေရာအဆင့်ဆင့်သို့ ပြောင်းရွှေ့ခဲ့ပြီး ရွှေ့ပြောင်းခဲ့သည့် ကာလတစ်လျှောက် အခြားအစိုးရရုံးများနှင့်ပူးတွဲကာ အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်သာ ရပ်တည်ခဲ့ရသည်။


ထို့နောက် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့် တာမွေမြို့နယ် ရန်ကုန်မြို့တွင် ကိုယ်ပိုင်အဆောက်အအုံအဖြစ် တည်ဆောက်နိုင်ခဲ့၍ ၁၉၉၉ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက်အား အဆိုပါ အဆောက်အအုံသို့ ပြောင်းရွှေ့ကာ စာဖတ်သူများကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည့်အတွက် ပီတိဖြစ်ခဲ့ရသော်လည်း မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ် "နာဂစ်"အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီး၏ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် အညှာအတာမဲ့ တိုက်ခတ်မှုကြောင့် ကုန်းမြင့်ပေါ်တွင် ထီးတည်းတည်ဆောက်ထားသော အမျိုးသားစာကြည့်တိုက်အဆောက်အအုံ၏ စာပေပစ္စည်းထားရာ အခန်းများ၏အစိတ်အပိုင်းအချို့ပျက်စီးခဲ့ရသည်။ အဆိုပါ ကာလသည် မိုးဦးကျကာလဖြစ်သည့်အားလျော်စွာ ကျန်ရှိသောအဆောက်အအုံလုံခြုံမှုမရှိ၍ လေဘေးနှင့် ရေဘေးများ ထပ်မံကျရောက်နိုင်ခြင်း၊ ပျက်စီးသွားသော အဆောက်အအုံအား ပြုပြင်ရန် နိုင်ငံတော်ဘဏ္ဍာများစွာ ကုန်ကျမည့်အပြင် အချိန်များစွာပါ လိုအပ်မည်ဖြစ်သဖြင့် အမျိုးသားစာကြည့်တိုက်တွင် ထိန်းသိမ်းထားသော စာပေပစ္စည်းများ၏ လုံခြုံမှုနှင့် စာဖတ်သူတို့အား ကာလတိုအတွင်း ပြန်လည်ဝန်ဆောင်မှုပေးနိုင်ရန်တို့ကို ရှေးရှုလျက် ယခု အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တည်ရှိရာ အမှတ် ၈၅(အေ) သီရိမင်္ဂလာရိပ်သာလမ်း ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ်သို့ ပြောင်းရွှေ့ဝန်ဆောင်မှုပေးခဲ့သည်။

ယနေ့လူမှုအသိုက်အဝန်းသည် "ဗဟုသုတကို အခြေခံသော လူမှုအသိုက်အဝန်း" (Knowledge-based Society)ဖြစ်သည့် အားလျော်စွာ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှသည် နိုင်ငံတော်အဆင့်အထိ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဘက်ပေါင်းစုံခေတ်မီတိုးတက်စေရန် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် လူသားတစ်ဦးချင်း အသိပညာပြည့်ဝခြင်း၊ ရှိပြီးသောအသိပညာကို မှန်ကန်စွာအသုံးပြုတတ်ခြင်း တည်းဟူသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍဖြစ်လာခဲ့သည်။ ထို့ကြောင့် တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ခေတ်အဆက်ဆက်မှ လူသားတို့၏မှတ်ဉာဏ်များကို

စာမျက်နှာ ၃ သို့ » »



ဒေါက်တာ ကေသီထွေး




ရွှေစာရံစေတီတော်မြတ်ကြီး ဆွမ်းကြီးလောင်းနှင့် ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်ပွဲ စည်ကားစွာ ကျင်းပမည်

စာမျက်နှာ ၂ » »

မွန်ပြည်နယ်

# ရွှေစာရံစေတီတော်မြတ်ကြီးဆွမ်းကြီးလောင်းနှင့် ရွှေကြာသက်န်းတော်များဆက်ကပ်ပွဲ စည်ကားစွာကျင်းပမည်

**သထုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲနှင့် ရွှေကြာသက်န်းတော်များ စုပေါင်းဆက်ကပ်ပွဲကို နိုဝင်ဘာ ၆ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက် ၆ နာရီမှစတင်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၁၆ ကျောင်းမှ သံဃာတော် ၁၆၆၉ ပါးနှင့် သီလရှင်ကျောင်း ၅၅ ကျောင်းမှ သီလရှင် ၁၈၈ ပါးတို့အား မြို့ခံပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စာရေးတံမဲဖောက်လှူဒါန်းကြမည်ဖြစ်သည်။

ညနေအချိန်တွင် တိုင်းရင်းသားရိုးရာအစုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများအလိုက် ဘာသာရေးအသင်းအဖွဲ့များက အဖွဲ့အလိုက် ရွှေကြာသက်န်းတော်များကို စေတီတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အစဉ်အလာမပျက် ပိုမိုစည်ကားစွာ ကျင်းပနိုင်ရေး တတ်စွမ်းသမျှ ပါဝင်လှူဒါန်းကြစေရန် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။

**သက်ဦး(သထုံ)**



ယမန်နှစ်က ရွှေစာရံစေတီတော်မြတ်ကြီး ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပစဉ်။

နေပြည်တော်ကောင်စီနယ်မြေ

# သပြေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ Mobile Library ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအား စာအုပ်စာပေများထဲမှ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ပြည်သူ့စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ပေးထားသည့်အပြင် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက သပြေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီ ကျောင်းသား ကျောင်းသူများ ထမင်းစားကျောင်းဆင်းနားနေချိန်တွင် (Mobile Library)ရွေ့လျားစာကြည့်တိုက်ကို ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် စာအုပ်စာပေများထဲမှ အသိပညာဗဟုသုတရရှိသည့် စာပေများဖတ်ရှုနိုင်စေရန် အဆိုပါကျောင်း၌ သွားရောက်ဆောင်ရွက်ခဲ့သည်။

မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က အသိပညာပြန့်ပွားရေး နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ရှင်းလင်း အသိပညာပေးခြင်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကဗျာ၊ ပုံပြင်၊ ပညာပေးရုပ်ပြ စုစုပေါင်း ၃၀၀ ကျော်ကို အခမဲ့ ငှားရမ်းဖတ်ရှုစေခဲ့ကြသည်။ နေ့လယ်ကျောင်းပြန်တက်ချိန်တွင် စာအုပ်များပြန်လည်သိမ်းယူပြီးနောက် သပြေချောင်းကျေးရွာ ဇကရာဇ်လက်ဖက်ရည်ဆိုင်တွင် ထားရှိသည့် စာပေရေချမ်းစင်မှ လျော့နည်းစာစဉ်များ ဖြည့်တင်းပေးပြီး စာဖတ်သူများ၏ အကြံပြုချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(တင်စိုးလွင်)**



ရန်ကုန်တိုင်းဒေသကြီး

# သဃ်န်းကျွန်း၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဗို့အားပြည့်ထရန်စဖော်မာသုံးလုံး တပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်သည် တိုင်းဒေသကြီးအတွင်း (လေး)ခရိုင်အနက် အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ရုံးစိုက်ရာမြို့နယ်ဖြစ်ပြီး ယခုအခါ ရန်ကုန်မြို့တော်၏ ဗဟိုနေရာ၌တည်ရှိပြီး လူမျိုး၊ ဘာသာပေါင်းစုံတို့ လူနေသိပ်သည်းထူထပ်စွာ နေထိုင်ကြသော မြို့နယ်တစ်မြို့နယ်ဖြစ်သည်။ လူဦးရေများပြားလာ၍ ရပ်ကွက်အသီးသီး၌ အထပ်မြင့်အိမ်ရာများ ဆောက်လုပ်နေထိုင်လာကြသောပြည်သူများမှာ လူနေမှုဘဝမြင့်မားလာမှုနှင့်အညီ ခေတ်မီ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းမှာလည်း မြင့်မားလာသည်။



ယင်းသို့ ဓာတ်အားသုံးစွဲမှုမြင့် မားလာမှုကို ခေတ်စနစ်နှင့်အညီ ဖြည့် ဆည်းပေးနိုင်ရန် ရန်ကုန်မြို့တော်ဓာတ်အားပေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ဦးဆောင်၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများသည် အောက်တိုဘာ ၂၀ နှင့် ၂၁ ရက်တို့တွင် မြို့နယ်လျှပ်စစ်ရုံးဓာတ်အားခွဲရုံ၌ ယခင်က 10 MVA ထရန်စဖော်မာဖြင့် ယခင်လူဦးရေအချိုးအစားဖြင့် ဓာတ်အားပို့လွှတ်ရာတွင် လုံလောက်မှုရှိခဲ့ပြီး ယခုအခါ လူဦးရေထူထပ်လာပြီး ဓာတ်အားသုံးစွဲမှုများပြားလာ၍ ဓာတ်အားလိုအပ်ချက်အရ မြို့နယ်ရုံးဓာတ်အားခွဲရုံ၌ 5 MVA ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံတိုးချဲ့ တပ်ဆင်ပေးခဲ့သည်။ **(ဝဲပုံ)**

ဓာတ်အားအလွန်နည်းသော သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် တော်ဝင်လမ်းနှင့် လမ်းသွယ်(၂)လမ်း ဓမ္မသစ္စာဓမ္မာရုံလမ်းထိပ်၌လည်း ပြည်သူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရန် 315 KVA ထရန်စဖော်မာအသစ်တစ်လုံးကိုလည်းကောင်း၊ ၁၆/၁ ရပ်ကွက် သုမနလမ်းနှင့် (၂)လမ်းထိပ်၌လည်း ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေး 315 KVA ထရန်စဖော်မာအသစ်တစ်လုံးတို့ကို တပ်ဆင် သွယ်တန်းပေးခဲ့ကြသည်။

မြို့နယ်လျှပ်စစ်ရုံးပင်မဓာတ်အားခွဲရုံ၌ 5 MVA ထရန်စဖော်မာအသစ်တစ်လုံး ဖြည့်တင်းတပ်ဆင်ခဲ့မှုကြောင့် ၃၈ ရပ်ကွက်ပြည်သူများထံ လျှပ်စစ်ဗို့အားအပြည့်အဝပေးပို့နိုင်ခဲ့သည်။

ဓာတ်အားပြည့်ဝစွာရရှိ၍ သုဝဏ္ဏ ၂၄ ရပ်ကွက်မှ ဝန်ထမ်းအငြိမ်းစား အဘဦးအောင်ခိုင်(ဓမ္မာရုံနာယက) အသက်(၈၀)ကျော်နှင့်အဘဦးငွေရတို့က "ယခင်ဗို့အားဆိုရင် ဗို့အား ၂၀ နဲ့ ၅၀ ကြားပဲရှိတယ်။ မီးလာလို့ ဓာတ်အားစီးဝင်နေရင် လက်နဲ့ကိုင်လို့ရတယ်။ ဓာတ်မလိုက်ဘူး။ အဲဒီလောက်ဗို့အားအလွန်နည်းတာ။ မီးမြင့်စက်မီးသုံးရတယ်။ အခုတော့ မီးအားမြင့်စက်မလိုတော့လို့ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်" ဟု ဝမ်းသာစကားပြောကြားခဲ့သည်။ **(၅၀၆)**

မန္တလေးတိုင်းဒေသကြီး

# မန္တလေးဆိပ်ကမ်း သာယာလှပရေးနှင့် မြို့ပတ်ကမ်းနားလမ်း စိမ်းလန်းစိုပြည် သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးဆိပ်ကမ်းသာယာလှပရေးနှင့် မြို့ပတ်ကမ်းနားလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်သန့်ရှင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၃ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၂)လမ်းနှင့်ကမ်းနားလမ်းထောင့် ဆိပ်ကမ်းအနီး၌ ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံတည်ဆောက်မှုလုပ်ငန်းခွင်၊ ကမ်းနားလမ်းတစ်လျှောက် လမ်းလယ်ကျွန်းတွင် အရိပ်ရပင်နှင့်ပန်းအလှပင်များ ဖြစ်ထွန်းရှင်သန်မှုအခြေအနေများ၊ လမ်းလယ်ကျွန်း ကာရံမှုလုပ်ငန်း၊ (၂၆)လမ်းအထိ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးအား လုပ်ငန်းလိုအပ်ချက်များမှာကြားခဲ့သည်။

**မှာကြား**

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် ပြုပြင်ရန်လိုအပ်သည့် နေရာများတွင် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကမ်းနားလမ်းဘေးဝဲ၊ ယာရှိ ကျူးကျော်ဆိုင်များရှင်းလင်းဖယ်ရှားရေးနှင့် ကျူးကျော်ဆောက်လုပ်နေထိုင်မှုများ မရှိစေရေးတို့အတွက် စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်ကိစ္စရပ်များကို လမ်း၊ တံတားဌာန၊ အခွန်ဌာနတို့မှ ဌာနမှူးတို့အား မှာကြားခဲ့ကြောင်းသိရသည်။

**(မန်းကိုယ်ပွား)**

## ရွှေသို့လှမ်းချီ အမျိုးသားစာကြည့်တိုက်ဆီ

**» » ရွှေဖုံးမှ**

မှတ်တမ်းတင်ထားရာ စာပေပစ္စည်းများကို စနစ်တကျ ထိန်းသိမ်း၍ အလွယ်တကူ ပြန်လည်ရှာဖွေအသုံးပြုနိုင်စေရန် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စာကြည့်တိုက် ပညာရပ်ဆိုင်ရာ စံနှုန်းများဖြင့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စနစ်ကျသော စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လာခဲ့သည်။

ထို့ကြောင့် အမျိုးသားစာကြည့်တိုက်တည်ထောင်ပြီး (၅၈)နှစ်အကြာ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၄ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက်ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ဟူ၍ ဖွဲ့စည်းပုံကို တိုးချဲ့ခဲ့သည်။ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့တွင် ရာဇသင်္ဂဟလမ်းမ ရာဇသင်္ဂဟအဝိုင်းအနီး ဥတ္တရသီရိမြို့နယ် နေပြည်တော်တွင်အုတ်မြစ်ချခဲ့ပြီး (အေ)ဆောင်၊ (ဘီ)ဆောင်နှင့် (စီ)ဆောင်ဟူ၍ အဆောင်သုံးဆောင်ဖြင့် ဖွဲ့စည်းထားရှိသည်။ အဆောက်အအုံသုံးခု၏ ကြမ်းခင်းဧရိယာ စုစုပေါင်းမှာ ၁၇၅၀၇၅ စတုရန်းပေ ဖြစ်ပြီး စတုရန်းပေ ၂၆၄၀၀ ရှိသည့် အဆောင်(အေ)ကို ၂၀၁၃ ခုနှစ် မေ ၃ ရက်တွင် စတင်ဖွင့်လှစ်ကာ “မြန်မာ့ အမျိုးသားစာပေဆုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းဝန်ဆောင်မှုပေးရာ ဗဟိုဌာနဖြစ်စေရန်” ဟူသည့် မျှော်မှန်းချက်ထားရှိကာ ပြည်သူများအား ဝန်ဆောင်မှုပေးခဲ့သည်။

စာအုပ်စာတမ်းများ စုဆောင်းမှုနှင့် ဝန်ဆောင်မှုအနေဖြင့် အမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံမှထုတ်ဝေသော စာပေပစ္စည်းများအား ပြည့်စုံစွာ စုဆောင်းထိန်းသိမ်းရာ နိုင်ငံတော်အဆင့်စာကြည့်တိုက် (Depository Library) ဖြစ်သည့်အားလျော်စွာ ၁၉၆၁ ခုနှစ်မှ စတင်ပြဋ္ဌာန်းထားသော “ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင် အက်ဥပဒေ”အရ မြန်မာနိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသော စာအုပ်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများကို တစ်အုပ်၊ တစ်စောင်စီ အခမဲ့ရရှိသည်။ ထို့အပြင် နိုင်ငံတော်နှစ်စဉ်ခွဲဝေရန်ပုံငွေမှလည်း အမျိုးတူစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို တစ်အုပ်၊ တစ်စောင်စီထပ်မံဝယ်ယူခဲ့သည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်၌ စုဆောင်းထားသော စာပေပစ္စည်းများတွင် အမျိုးအစားတူ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများနှစ်အုပ်၊ နှစ်စောင်စီစုဆောင်းခဲ့သည်။ ထိုကဲ့သို့ အဆက်ဆက်တာဝန်ယူခဲ့ကြသည့် ဌာနအကြီးအမှူးများမှ အမြော်အမြင်ရှိစွာ စုဆောင်းထားခဲ့ခြင်းသည် ယခုအမျိုးသားစာကြည့်တိုက်ကို (နေပြည်တော်)နှင့် (ရန်ကုန်)ဟူ၍ ဖွဲ့စည်းပုံတိုးချဲ့လိုက်သောအခါ ထိရောက်သော အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရသည်။ စုဆောင်းထားသည့်စာစုမှ တစ်အုပ်၊ တစ်စောင်စီသာရှိသော စာစုနှင့် ရှားပါးသော ပေများ၊ ပုရပိုက်များ၊ ကမ္ဗဝါများ၊ စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လူဦးရေများသည့် ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင်ထားရှိခဲ့ပြီး နှစ်အုပ်၊ နှစ်စောင်စီရှိသည့် စာစုမှ တစ်အုပ်၊ တစ်စောင်ကိုသာ နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ ခွဲဝေသယ်ဆောင်ခဲ့သည်။ အမျိုးသားစာကြည့်တိုက်မှ အချို့စာစုများကို နေပြည်တော်သို့ ရွှေ့ပြောင်းမည့်လုပ်ငန်းစဉ် အကောင်အထည်မဖော်မီပင် အမျိုးသားစာကြည့်တိုက်ပိုင် စာစုအားလုံးကို e-book များ၊ e-Periodical များအဖြစ် ပြောင်းလဲသည့် Digitization လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အမျိုးသားစာကြည့်တိုက်ပိုင် စာစုအားလုံးကို Mass Digitization ပြုလုပ်နိုင်ခဲ့ပြီး အဆိုပါ digital format စာပေပစ္စည်းများကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် စုဆောင်းထိန်းသိမ်းထားရှိပါသည်။ ထို့ကြောင့် နိုင်ငံ၏စာပေအမွေအနှစ်ဖြစ်သော အမျိုးသားစာကြည့်တိုက်ပိုင် စာပေပစ္စည်းအများစုကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် တစ်ပြိုင်တည်းလေ့လာဖတ်ရှုနိုင်သည်။ စာပေချစ်မြတ်နိုးသူများအတွက် အကျိုးထူးပေစွ။

စာကြည့်တိုက်ကြီးများ၏ ပုံမှန်ဆောင်ရွက်မှုအနေဖြင့် စာပေပစ္စည်းများစုဆောင်းသည့် စာစုလုပ်ငန်း၊ စုဆောင်းထားသည်များမှ စာဖတ်သူအလိုရှိရာအကြောင်းအရာကို အချိန်တိုအတွင်း မှန်ကန်စွာနှင့်လွယ်ကူစွာ ရှာဖွေဖတ်ရှုနိုင်ရန် နိုင်ငံတကာစာကြည့်တိုက်စံနှုန်းများဖြင့် ဆောင်ရွက်ရသည့် စာပြုလုပ်ငန်းနှင့် စာဖတ်သူများအား ဝန်ဆောင်မှုပေးသည့် စာဖြန့်လုပ်ငန်း (စာကြည့်တိုက်ဝန်ဆောင်မှု) အတိုကောက်အခေါ် စု-ပြု-ဖြန့်ဟူ၍ရှိရာ အမျိုးသားစာကြည့်တိုက်သည်လည်း အဆိုပါလုပ်ငန်းစဉ်များကို နှစ်ကာလများစွာ စနစ်တကျ ဆောင်ရွက်ခဲ့သည်။

သို့သော် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သည် စာဖတ်သူများ၊ ဖြစ်နိုင်ခြေရှိသော စာဖတ်သူများ၊ သုတေသနပြုလုပ်သူများ၊ သုတေသီများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၏ အားကိုးအားထားရာ စာပေများစုဆောင်းထိန်းသိမ်းဝန်ဆောင်မှုပေးနေသည်ကို အများပြည်သူသိရှိအသုံးပြုကာ ဗဟုသုတပွားများနိုင်စေရန်အတွက် စာကြည့်တိုက်ပညာ ပြန့်ပွားရေးလုပ်ငန်းစဉ်များ (Library Awareness သို့မဟုတ် Library Marketing) ကိုလှုံ့ဆော်မှုအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအဖြစ် စီမံချက်လုပ်ငန်းစဉ်ချမှတ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ရည်ညွှန်းရာအုပ်စု၏ အသက်အရွယ်နှင့်လုပ်ငန်းတာဝန်များအရ စာကြည့်တိုက်ပညာရပ်တိုးတက်လာစေရန်နှင့် စာဖတ်သည့် အလေ့အထပြုစုပျိုးထောင်ပေးရန်ဟူသော လုပ်ငန်းစဉ်(၂)ရပ်ကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ပထမလုပ်ငန်းစဉ်ဖြစ်သည့် စာကြည့်တိုက်ပညာရပ်တိုးတက်စေရန်အတွက် ဦးတည်ရာလူမှုအသိုက်အဝန်းကို စာကြည့်တိုက်ပညာရပ် စိတ်ဝင်စားသူများ၊ စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ တာဝန်ထမ်းဆောင်နေသူများနှင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ဘွဲ့တစ်ခုခုရရှိပြီးသူများဟူ၍ ထပ်မံခွဲခြားထားသည်။

စာကြည့်တိုက်ပညာရပ်စိတ်ဝင်စားသူများ၊ လေ့လာလိုသူများ၊ စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်လိုသူများ၊ စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်နေသော်လည်း စာကြည့်တိုက်ပညာရပ်ကို စနစ်တကျ လေ့လာသင်ယူရခြင်းမရှိသေးသူများအတွက် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အခြေခံစာကြည့်တိုက်ပညာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၁၄ ခုနှစ် မေလမှစတင်ကာ ဖွင့်လှစ်ပို့ချလျက်ရှိသည်။ မေလအတွင်း ကရင်ပြည်နယ် ဘားအံမြို့တွင်လည်းကောင်း၊ ဇွန်လအတွင်း ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့တွင်လည်းကောင်း အခြေခံစာကြည့်တိုက်ပညာ ကျွမ်းကျင်မှုသင်တန်းများကို ရက်သတ္တနှစ်ပတ်ကြာ သွားရောက်ဖွင့်လှစ်ပို့ချခဲ့သည်။ ဒေသခံများမှ အဆင့်မြင့်သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချရန် တောင်းဆိုခြင်းခံရသော အောင်မြင်မှုရခဲ့သည့် သင်တန်းများ ဖြစ်ခဲ့သည်။ အလားတူသင်တန်းများကို ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာပေချစ်မြတ်နိုးသော၊ မိမိဒေသတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအား စာပေပညာဖြန့်ဖြူးခြင်းဖြင့် အကျိုးပြုလိုသူများလှပေစွ။

ထို့အပြင် ဝန်ကြီးဌာနအသီးသီးရှိ သုတေသနလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို အထောက်အကူပေးရာ စာပေပစ္စည်းများကို စုဆောင်းထားရှိသည့် ရည်ညွှန်းစာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်နေသူများ၊ တာဝန်ထမ်းဆောင်မည့်သူများအတွက် ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် “အခြေခံစာကြည့်တိုက်ပညာ ကျွမ်းကျင်မှုသင်တန်း”ကို ၂၀၁၄ ခုနှစ် မေလ ၂၇ ရက်မှ ဇွန်လ ၂၇ ရက်အထိ တစ်လကြာသင်ကြားပို့ချပေးခြင်းဖြင့် စာကြည့်တိုက်ပညာ ပြန့်ပွားရေးလုပ်ငန်းစဉ်များကို

> **ရှားပါးပေများ၊ ပုရပိုက်များ၊ မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ အထူးစာစုများ၊ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားသည့် ဓာတ်ပြားများကို ဘာသာရပ်အလိုက် စင်ဖွင့်စနစ်ဖြင့် စီစဉ်ထားရှိသည့်အတွက် စာဖတ်သူများအနေဖြင့် မိမိဖတ်ရှုလိုသည်ကို ကိုယ်တိုင်ယူစနစ်ဖြင့် ထုတ်ယူဖတ်ရှုနိုင်။**

အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါ အခြေခံသင်တန်းပြီးဆုံးသူများသည် မိမိဌာနဆိုင်ရာလုပ်ငန်းများကို မထိခိုက်စေဘဲ စာကြည့်တိုက်ပညာရပ်ကို ကာလတို အဆင့်လေးဆင့် လေ့လာသင်ကြားနိုင်စေရန် စီစဉ်ထားရှိသည်။ အဆိုပါ သင်တန်းတွင် နိုင်ငံတကာစာကြည့်တိုက်ပညာရပ်ဆိုင်ရာ စံနှုန်းများနှင့်အညီ သင်ကြားပို့ချပေးမည်ဖြစ်ပြီး စာတွေ့ထက်လက်တွေ့ဆောင်ရွက်မှုကို ဦးစားပေးမည်ဖြစ်သည်။ ထို့အပြင် စာကြည့်တိုက်အမျိုးအစားအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို သိရှိလေ့လာနိုင်စေရန်အတွက် စာကြည့်တိုက်လေ့လာရေးခရီးစဉ်များ၊ သင်တန်းသားများ တစ်ဦးချင်းစာတမ်းပြုစုတင်သွင်းခြင်းများနှင့် စာကြည့်တိုက်များသို့ လက်တွေ့သင်တန်းဆင်းခြင်းများ ပါဝင်မည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက “ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာဘွဲ့” (Post Graduate Diploma in Library Management Degree) ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းစဉ်၏ ဒုတိယလုပ်ငန်းစဉ်ဖြစ်သော စာဖတ်သည့် အလေ့အထများ ပြုစုပျိုးထောင်ပေးခြင်းတွင် ကျောင်းနေအရွယ်ကလေးများ ငယ်စဉ်မှစ၍ စာကြည့်တိုက်အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေချစ်မြတ်နိုးသည့် အလေ့အထကောင်းများပြုစုပျိုးထောင်နိုင်စေရန်၊ စာပေမှတစ်ဆင့် နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ကောင်းစွာသိရှိပြီး တန်ဖိုးထားထိန်းသိမ်း မြတ်နိုးလာစေရန် ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ နေပြည်တော်ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများမှ ကလေးများအား ဖိတ်ခေါ်ကာ “e-Library အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရန်နှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ”များကို စီမံချက်တစ်ရပ်အသွင်ဖြင့် ကျင်းပလျက်ရှိသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများအလွယ်တကူ စာဖတ်ရှုနိုင်စေရန် ရည်ရွယ်လျက် အခြေခံပညာကျောင်းများသို့ စာပေလေ့လာမှုနှင့် ကိုယ်ကျင့်တရား အထောက်အကူပြု စာအုပ်စာစောင် ၁၀၀ စီကို လစဉ် (Bulk Loan System) ဖြင့် ငှားရမ်းပေးလျက်ရှိသည်။

အမျိုးသားစာကြည့်တိုက် (အေ)ဆောင်အား ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများ၊ စာကြည့်တိုက်ပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် စာကြည့်တိုက်၏ ကျန်အဆောင်များတွင် တည်ဆောက်မှုလုပ်ငန်း အပြီးသတ်ရန် ကျန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စာကြည့်တိုက်၏ ဒုတိယအဆင့်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆောင်(အေ)တွင် Orientation Hall၊ ကလေးစာကြည့်တိုက် (Children Corner)၊ အထူးစာစု (Special Collection)၊ ပြခန်း (Ex hibition Area)၊ နားနေရန်နေရာ (Recreation Area)၊ စာအုပ်ဆိုင် (Book Shop)၊ Wifi Free Zone တို့ပါဝင်သည်။ ထို့အပြင် အဆောင်(အေ)တွင် ရည်ညွှန်းစာစု (Reference Collection) ကိုလည်း သီးသန့်အခန်းတွင်ထားရှိပြီး အဆိုပါအခန်းတွင် အစိုးရဌာနများမှ ထုတ်ဝေသော စာအုပ်များ၊ ဂျာနယ်များ၊ ပြန်တမ်းများ၊ အမျိုးသားညီလာခံဆိုင်ရာ မှတ်တမ်းများ၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်ကျင်းပခြင်းဆိုင်ရာ မှတ်တမ်းများ၊ ယဉ်ကျေးမှုနှင့်စာပေဆိုင်ရာ သုတေသနစာတမ်းများကို စနစ်တကျထားရှိသည်။

အဆောင်(ဘီ)တွင် Online Public Access Catalogue နှင့် e-book များကို ခေတ်မီသတင်းအချက်အလက်နည်းပညာအသုံးပြုကာ အဆင့်မြင့်ဝန်ဆောင်မှုပေးနိုင်သော workstation ပေါင်း ၆၀ ဖြင့်တစ်ပြိုင်နက်ဝန်ဆောင်မှုပေးနိုင်သည့် e-library၊ တိုက်ရိုက်ရည်ညွှန်းစာစု (Direct Reference Sources)များနှင့် သီးသန့်ဖတ်ရှုရန်နေရာများ၊ လက်ရှိကာလထုတ်ဝေသော စာအုပ်များ၊ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများနှင့် ဖတ်ရှုနိုင်သော စာဖတ်ခန်းများအား နေရာချထားသည်။

ထို့အပြင် ရှားပါးပေများ၊ ပုရပိုက်များ၊ မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ အထူးစာစုများ၊ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားသည့် ဓာတ်ပြားများကို ဘာသာရပ်အလိုက် စင်ဖွင့်စနစ်ဖြင့် စီစဉ်ထားရှိသည့်အတွက် စာဖတ်သူများအနေဖြင့် မိမိဖတ်ရှုလိုသည်ကို ကိုယ်တိုင်ယူစနစ်ဖြင့် ထုတ်ယူဖတ်ရှုနိုင်သည်။ ထို့အပြင် Mezzanine Floow တွင် အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာစု (ASEAN Collection)၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ဝေသော စာအုပ်များ၊ ဂျာနယ်များ၊ အစီရင်ခံစာများဆိုင်ရာစာစု (UN and World Bank Publications)နှင့် Asia Foundation မှ လှူဒါန်းသော စာအုပ်များ၊ စာစောင်များကို စနစ်တကျစီစဉ်ထားရှိသည်။

အမျိုးသားစာကြည့်တိုက်တွင်သုတေသီများ၊ စာပေလေ့လာသူများ အေးချမ်းဆိတ်ငြိမ်စွာ စာပေဖတ်ရှုနိုင်ရန်အတွက် ၁၅ ပေပတ်လည် ကျယ်ဝန်းသည့် အထူးစာဖတ်ခန်းနှစ်ခန်းနှင့် ၁၅ ပေ× ပေ ၃၀ ကျယ်သည့် အထူးစာဖတ်ခန်းတစ်ခန်းတို့ကို စီစဉ်ထားရှိသည်။ အထူးစာဖတ်ခန်းတစ်ခန်းစီတွင် သက်သောင့်သက်သာ စာဖတ်နိုင်သည့် စားပွဲ၊ ကုလားထိုင်များ၊ အမြန်သုံးရည်ညွှန်းစာအုပ်များနှင့်ဗီရိုများ၊ ခေတ္တအနားယူနိုင်ရန်နှင့် အပန်းဖြေစေရန်အတွက်ပါ လိုအပ်သည်များ စီစဉ်ထားသည်။

ထို့အပြင် အစည်းအဝေးများ၊ ဟောပြောပွဲများကျင်းပနိုင်သည့် “ဝန်ဇင်းမင်းရာဇာခန်းမ”နှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ရန် အခန်းနှစ်ခန်းကိုလည်း ဖွဲ့စည်းထားရှိသည်။

အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သည် ပြည်တွင်း၊ ပြည်ပစာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပလျက်ရှိရာ အမျိုးသားစာကြည့်တိုက် အဆောင်(ဘီ)တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်နှင့် အခြားစာကြည့်တိုက်များတွင် စုဆောင်းထားသော စာပေပစ္စည်းများ ပျက်စီးမှုမရှိစေရန် သမားရိုးကျနည်းလမ်းများဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားသော်လည်း အချို့သောစာပေပစ္စည်းများမှာ ကာလကြာလာခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် အနည်း၊ အများပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုအပ်လျက်ရှိသည့်အတွက် စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်နေသော စာကြည့်တိုက်ဝန်ထမ်းများ၏ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရန်အတွက် စာပေအထောက်အထားများအား ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံတကာစာကြည့်တိုက်အသင်းများ၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားရန်ရှိသည်။

နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်တွင် စုဆောင်းထားသော ပေ၊ ပုရပိုက်၊ လက်ရေးစာများ၊ ရှားပါးစာပေပစ္စည်းများ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသော သုတ၊ ရသစာအုပ်များ၊ e-books များကို ပြည်သူအများ လေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက်ခွဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအတွက် အသိပညာ၊ ဗဟုသုတနှင့် ဘဝတစ်သက်တာပညာလေ့လာနိုင်စေရန် (For Knowledge, For Wisdom & For Life Long Attainment) တို့ကို ဦးတည်ချက်ထားရှိကာ “ပညာရှာသူတို့ဝိုင်းကူ” (Helping Those Who Seek Knowledge) ဟူသောဆောင်ပုဒ်ကို လက်ကိုင်ထား၍ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စာဖတ်သူများ၊ စာကြည့်တိုက်ဝန်ထမ်းများအတွက် ဝန်ဆောင်မှုများ၊ စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တစ်စိတ်တစ်ဒေသတင်ပြရင်း ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နိုင်ငံတကာအဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီး၏ ဝန်ဆောင်မှုပေးခြင်းနှင့် ဒုတိယအဆင့် ဖွင့်လှစ်ခြင်းတို့ကို လှိုက်လှဲစွာဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# ရှောင်လွှဲနိုင်သော မျက်မမြင်ဘဝ ကာကွယ်စောင့်ရှောက်ကြ

၂၀၁၄ ခုနှစ်၏ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်မှာ **'ရှောင်လွှဲနိုင်သော မျက်မမြင်ဘဝ၊ ကာကွယ်စောင့်ရှောက်ကြ'** ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ကာကွယ်ကုသ၍ရသော မျက်စိရောဂါမှန်သမျှကို ကာကွယ်တားဆီးနိုင်ပြီး အမြင်အာရုံချို့တဲ့ခြင်းမှ ကင်းဝေးစေရန်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့်ရှိပါသည်။ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပါသည်။ အမြင်ချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရနိုင်ကြောင်း သိရှိရပါသည်။ မျက်စိကွယ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ အတွင်းတိမ်၊ ရေတိမ်၊ အသက်ကြီး၍ အမြင်လွှာပျက်စီးခြင်း၊ ဆီးချို၊ သွေးတိုးစသော ရောဂါများကြောင့် မျက်စိအမြင်လွှာထိခိုက်ခြင်းနှင့် မျက်ခမ်းစပ်ရောဂါ၏ နောက်ဆက်တွဲ ရောဂါဖြစ်သော မျက်တောင်စိုက် မျက်မွေးစူးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအမြင်သန်စွမ်းရေး (National Vision Twenty Twenty) မျှော်မှန်းချက် အစီအစဉ်ကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်မှာ စတင်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အဓိကရည်မှန်းချက်မှာ သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်၊ မျက်စိကွယ်နှုန်းကို သုည ဒသမ ၅ ရာခိုင်နှုန်းအောက် လျော့ကျစေရန်ဖြစ်ပါသည်။ ၎င်းရည်မှန်းချက်များအောင်မြင်ရန်အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်း ချမှတ်ခဲ့ပါသည်။ နည်းလမ်းများမှာ ၂၀၂၀ ခုနှစ်တွင် ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံမိစေရန်၊ အတွင်းတိမ်ခွဲစိတ်မှုနှုန်း လူတစ်သန်းလျှင် အနည်းဆုံး ၁၄၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်၊ အတွင်းတိမ်ခွဲစိတ်ရာတွင် မျက်ကြည်မှန်ထည့်သည့်နှုန်း အနည်းဆုံး ၉၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရန်တို့ဖြစ်ပါသည်။ ယခုအခါ လူတစ်သန်းမှာ အတွင်းတိမ်ခွဲစိတ်မှုနှုန်း ၁၄၇၇ ဒသမ ၁၃၊ အတွင်းတိမ်ခွဲစိတ်ပြီး မျက်ကြည်မှန်ထည့်နှုန်း ၉၃ ဒသမ ၆၈ ရာခိုင်နှုန်းရှိနေပြီဖြစ်သည့်အတွက် ရည်မှန်းချက်ပြည့်မီနေပြီဖြစ်ပါသည်။

နိုင်ငံတော်၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုးကြပ်ဆောင်ရွက်မှု၊ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုများကြောင့် မျက်ခမ်းစပ်ကဲ့သို့ကူးစက်နိုင်သော မျက်စိရောဂါများ လျော့နည်းသွားသော်လည်း အတွင်းတိမ်ရောဂါနှင့်အတူ ဆီးချို၊ သွေးတိုး စသည့်ရောဂါများ၏ နောက်ဆက်တွဲ မျက်စိရောဂါပြဿနာများ၊ ကလေးသူငယ်မျက်စိရောဂါများက ဦးမော့လာနေပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ကလေးသူငယ် ၁ ဒသမ ၅ သန်းခန့် မှာ အမြင်အာရုံကွယ်နေကြ၍ တစ်သန်းခန့်မှာ အာရှတိုက်မှ ဖြစ်ကြောင်း သိရသည်။ ၎င်းတို့အနက် ၄၅ ရာခိုင်နှုန်း

> **ကလေးများတွင် အမြင်အာရုံချို့တဲ့ခြင်း၊ မျက်စိကွယ်ခြင်းတို့ကို ဖြစ်စေသော အဓိကအကြောင်းရင်းများမှာ မျက်မှန်လိုအပ်ခြင်းနှင့် မျက်စိစွေစောင်းရောဂါများ၊ မျက်စိအမြင်အာရုံလွှာတွင်ဖြစ်တတ်သော ကင်ဆာရောဂါများနှင့် လမစေ့မီမွေးဖွားသော ကလေးများတွင်ဖြစ်သော အမြင်အာရုံလွှာရောဂါများကြောင့်ဖြစ်။**

ကျော်မှာ ကာကွယ်ကုသ၍ရသောရောဂါကြောင့် မျက်စိကွယ်ရခြင်းဖြစ်ပြီး မျက်စိကွယ်ရသောကလေးငယ်များ၏ ထက်ဝက်ကျော်မှာလည်း အသက်ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။ ကလေးများတွင် အမြင်အာရုံချို့တဲ့ခြင်း၊ မျက်စိကွယ်ခြင်းတို့ကိုဖြစ်စေသော အဓိကအကြောင်းရင်းများမှာ မျက်မှန်လိုအပ်ခြင်းနှင့်မျက်စိစွေစောင်းရောဂါများ၊ ထိခိုက်ဒဏ်ရာနှင့် အာဟာရချို့တဲ့၍ဖြစ်သော မျက်ကြည်လွှာရောဂါများ၊ မွေးရာပါအတွင်းတိမ်၊ မွေးရာပါ ရေတိမ်ရောဂါများ၊ မျက်စိအမြင်အာရုံလွှာတွင်ဖြစ်တတ်သော ကင်ဆာရောဂါများနှင့် လမစေ့မီမွေးဖွားသော ကလေးများတွင်ဖြစ်သော အမြင်အာရုံလွှာရောဂါများကြောင့် ဖြစ်ပါသည်။ ၎င်းရောဂါများကို အချိန်မီ ကာကွယ်ကုသနိုင်မှသာ အမြင်အာရုံဆုံးရှုံးခြင်းမှလည်းကောင်း၊ အသက်အန္တရာယ်ဆုံးရှုံးခြင်းမှလည်းကောင်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးတွင် ကလေးသူငယ်မျက်စိကုဌာန (Children Friendly Care Unit) ကို ၂၀၁၀ ခုနှစ်မတ်လ၌ စတင်ဖွင့်လှစ်ပြီး စောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ ထိုနည်းတူစွာ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင်လည်း ကလေးသူငယ်မျက်စိကုဌာနခွဲ တစ်ခုထပ်မံဖွင့်လှစ်နိုင်ရန်အတွက် ပစ္စည်းကိရိယာများ တပ်ဆင်ပြီးဖြစ်ပါသည်။ ၎င်းအပြင် အခြေခံကျန်းမာရေးဝန်ထမ်းများအား ကလေးသူငယ်များတွင်အဖြစ်များသော မျက်စိရောဂါများအကြောင်း သိရှိစေရန်အတွက် Elimination of Avoidable Childhood Blindness Training များ၊ ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ပို့ချလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မျက်စိအထူးကုဆရာဝန်များ၊ မျက်စိသူနာပြုများ၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များ တိုးမြှင့်မွေးထုတ်ရန်၊ ၎င်းတို့၏ အရည်အသွေးပိုမိုတိုးတက်စေရန်နှင့် အတွင်းတိမ်ခွဲစိတ်မှုနှုန်းတိုးမြှင့်လာစေရန်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မျက်စိကုဌာနအားလုံးနှင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၀၁၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် အတွင်းတိမ်စုစုပေါင်း ၇၅၀၀၀ ကျော်အား အမြင်အာရုံ ပြန်လည်ရရှိအောင် ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်အဖွဲ့အစည်းများနှင့်လုပ်သားပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီလျက်ရှိကြပါသည်။

ဗဟိုအဆင့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၌ အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့ပြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း အဖွဲ့များရှိသော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း တိုင်းဒေသကြီးအဆင့်အခမ်းအနားများ တစ်ပြိုင်နက်တည်းကျင်းပခဲ့ပါသည်။ ထို့အတူ ခရိုင်မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများသည်လည်း ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အဖြစ် မိမိတို့ဒေသအတွင်းရှိကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများတွင် မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ပို့ချပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း တက်ညီလက်ညီအရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ ခုနှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ။

**ဒေါက်တာ လှမာလာ**

# တောင်သာမြို့နယ်တွင် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်သာ အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့ ထည့်ဝင်လှူဒါန်းခဲ့သော မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကန်မြဲကျေးရွာအုပ်စု ဇေယျသုခ(အရှေ့)ကျေးရွာ စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာ စက်ရေတွင်းအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရင်း တကယ်လိုအပ်သော၊ အခက်အခဲဖြစ်နေသော ကျေးရွာများကို ကူညီလှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားပြီး စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် ကန်မြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်လည်ပတ်နေမှုကို ကြည့်ရှုကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာရှိ အဘိုး၊ အဘွားများ၊ ကျောင်းသားကျောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျေးရွာအမျိုးသမီးအဖွဲ့ဝင်များနှင့် ရွာသူရွာသားများအား ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အစားများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းကြပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှတာဝန်ရှိသူများက စက်ရေတွင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့အား ရန်ပုံငွေကျပ် တစ်သိန်း၊ စက်ရေတွင်းစက်သုံးဆီအတွက် ကျပ်နှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် ယခင် မိုးတွင်းကာလက ကျေးရွာအနီးရှိ ဘစီကန်နှင့် ဇလုပ်ကြီးကန်တို့မှ သောက်သုံးရေနှင့် သုံးရေတို့ကို တစ်မိုင်ခန့်ကွာဝေးသော မြို့ဘကျေးရွာမှတစ်ဆင့် သွားရောက်ခပ်ယူသုံးစွဲခဲ့ရပြီး နွေရာသီနှင့် ဆောင်းရာသီကာလတို့တွင်လည်း ကန်ရေများခန်းခြောက်၍ ရေအခက်အခဲများဖြစ်ပေါ်သဖြင့် မြို့ဘကျေးရွာရှိ စက်ရေတွင်းသို့သာ သွားရောက်ခပ်ယူသုံးစွဲနေခဲ့ရသည့် ရေရှားပါးသော အရပ်ဒေသ ဖြစ်သည်။ ယခုအခါ ဇေယျသုခကျေးရွာအတွက် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်တို့ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းတို့မှ စုစုပေါင်းငွေကျပ် ၂၀၁၄၆၂၈၃ အကုန်အကျခံ ထည့်ဝင်လှူဒါန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ယင်းကျေးရွာရှိ အိမ်ခြေ ၁၈၀ နှင့် လူဦးရေ ၉၉၀ တို့မှာ ရာသီမရွေးသောက်သုံးရေကို ဖူလုံစွာရရှိနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းကျေးရွာအတွက် စက်ရေတွင်းကို၂၀၁၄ ခုနှစ် မတ် ၅ ရက်က စတင်တူးဖော်ခဲ့ပြီး စက်ရေတွင်းအနက်မှာပေ ၈၀၀ ရှိကာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိ၍ အုတ်ရေလှောင်ကန်မှာလည်း ဂါလန် ၅၀၀၀ သိုလှောင်ထားနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# 68 RESIDENCE CONDOMINIUM

WE DEFINE LIFESTYLE

SOMERSET SERVICED RESIDENCE



**More than 78% Sold Out**

- INFINITY SKY SWIMMING POOL & GARDEN @ 27[TH] STOREY
- DUAL KEY SYSTEM UNIT
- LOW E-GLASS SYSTEM
- DUPLEX SYSTEM
- SMART HOME SYSTEM · FINGER PRINT ACCESS SYSTEM

CONDOMINIUM LAW

PARTNERS

ZONE · SOMERSET · SOEBUILD




BMW 528 BRAND NEW







SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4300 21758, 09-540 7541, 09-2501 41060

OPEN DAILY

# ကနောင်အဆင့်မြင့်အိမ်ရာ

ဂရိတ်ဝေါလ်မြေ ဆောက်လုပ်ရေးကုမ္ပဏီ









- သားစဉ်မြေးဆက် စိတ်ချမ်းသာမှုနှင့် သာယာပျော်ရွှင်စွာ နေထိုင်ရန်အကောင်းဆုံး အမွေအနှစ်တစ်ခု ဖြစ်ပါသည်။
- ကနောင်အဆင့်မြင့်အိမ်ရာသည် ကနောင်မင်းသားကြီးလမ်းမပေါ်တွင် တည်ရှိပါသည်။
- နံနက်ခင်း ရန်ကုန်မြစ်နှင့် ရွှေလင်ပန်းချောင်းတို့၏ သန့်ရှင်းသော လေနုလေအေးများဖြင့် သာယာကြည်နူးအေးချမ်းမှုကို ခံစားနိုင်သော နေရာ။
- လှပစိမ်းလန်းသော ပန်းခြံများကို အိမ်ရာ၏ ကိုယ်ပိုင်ပန်းခြံတွင် စိတ်ကြည်နူးစွာဖြင့် ကြည့်ရှုခံစားနိုင်သော နေရာ။
- လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေပင်လယ်စက်မှုဇုန် ၊ ရွှေပြည်သာစက်မှုဇုန်တို့၏ ဗဟိုအချက်အချာ အသွားအလာ လွယ်ကူသော Main လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။
- ကျောင်းနှင့် အားကစားရုံ၊ ဆေးရုံများသို့ (၅) မိနစ်ခန့်ဖြင့် ရောက်ရှိနိုင်ပါသည်။
- ပန်းလှိုင်ဆေးရုံကြီးသို့ (၁၀) မိနစ်ခန့်ဖြင့် ရောက်ရှိနိုင်ပါသည်။
- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၅) မိနစ်ခန့်ဖြင့် ရောက်ရှိနိုင်ပါသည်။
- လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၏ စီးပွားရေးအချက်အချာကျသောနေရာ။
- စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်၊ ဆိုင်ခန်းများဖွင့်လှစ်ရန်နှင့် ကုမ္ပဏီကြီးများ၏ရုံးခန်းများဖွင့်လှစ်ရန် သင့်တော်ပြီး အချက်အချာကျသောနေရာ။
- နှစ် (၆၀)ဂရန် အပည်ပေါက်ဖြစ်၍ စိတ်ငြိမ်အေးချမ်းပြီး လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်ရန်ကောင်းမွန်သောနေရာ။

☎ - 09 250500066, 09 250500077, 09 250500088, 09 250500099, 09 31652226 - 9

[illegible]


Enjoy Together ... Enjoy Forever!
ပဏာမအဆင့်ကံထူးရှင် ရွေးချယ်ပွဲ
နှင့်
တို့၏ သီဆိုဖျော်ဖြေမှု
Life & Dance အဖွဲ့၏ ကပြတင်ဆက်မှု
နှင့်အတူ
Dream Boat အဖွဲ့၏ Game အစီအစဉ်များ
Date :26 Oct, 2014 (SUN)
Time : 3:00pm - 6:00pm
Venue : Junction Centre 8 mile
Supported by
www.junctioncentregroup.com
www.facebook.com/junctionshoppingcentre
Junction


SAFETY FIRST


(17-10-2014)
Junction Cineplex (Square)
BEFORE THE CONJURING THERE WAS
ANNABELLE
Junction Cineplex (Square)


Endoscopic Sinus Surgery
Email : enquiry.phhaspa-mm.com

# သံလွင်ကွန်ဒို Than Lwin Condo





*Best, simply...*




- ရန်ကုန်မြို့ ဗဟိုချက်(မ)နေရာ အင်းယားလမ်းမပေါ် (သစ်သီးဈေးအနီး)။
- ၂၈၀၀ စတုရန်းပေ ကျယ်ဝန်းသည့် (၁)ထပ်တွင်(၁)ခန်းသာ ပါဝင်ပြီး ဖွဲ့စည်းထားသည်။ (ရေချိုးခန်းအိမ်သာတွဲပါရှိသော အိပ်ခန်း(၄)ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိမ်အကူအခန်းနှင့် ဝရန်တာ)
- ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အထူးကြည်ညိုဖွယ်ရာ မြင်နိုင်သည်။ အလင်းရောင်၊ လေကောင်းလေသန့် ကောင်းမွန်စွာရရှိနိုင်ရန် အခန်းများကို နိုင်ငံတကာအဆင့်မီ ဖွဲ့စည်းထားသည်။
- ဆောက်လုပ်ရေးလုပ်ငန်းများ (၈၀)ရာခိုင်နှုန်း ပြီးစီးနေပြီး (၇)လ အတွင်းအဆင့် နေထိုင်နိုင်မည်။
- ဓါတ်လှေကား၊ ကားပါကင်နှင့် အခြား facility များကို စီမံခန့်ခွဲမည့် အစီအစဉ်များပါဝင်သည်။
- ဘိုးဘွားပိုင်မြေပေါ်တွင် တည်ဆောက်ထားသည်။

- Best Location in town, On Inya Road (Near fruit market)
- Spacious apartment with 4-bedrooms (bathrooms attached), Study, Shrine, Living, Dinning, Kitchen, Maid room and Balcony; Only 1 unit per floor (2800 sqft per 1 unit)
- Splendid view – View to famous Shwe Dagon Pagoda, Apartment is composed of bright rooms, Laid out in a contemporary style
- 7 months till completion
- Lift, car parking & facilities management are included
- Freehold land

**GREEN VISION Construction Co., Ltd.**

No. 470, Thitsar Road, South Okkalapa Tsp.
Yangon, Myanmar

+95-1-572335
+95-9-254854952
+95-9-421057231



[illegible]

# ဆဌမအကြိမ်မြောက်ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ဆက်သွယ်လှူဒါန်းနိုင်ခြင်း

[illegible]

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှင့် (၅၀) ပြည့်ရွှေရတုအထိမ်းအမှတ်

[illegible]

# စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၅)ကြိမ်မြောက် ဆရာကန်တော့ပွဲ (လ)ပူဇော်ပွဲ ဖိတ်ကြားခြင်း

[illegible] Concert Hall [illegible]

[illegible] Reunion Dinner [illegible] MJ Restaurant [illegible] Dinner Ticket [illegible]

(၃၅)ကြိမ်မြောက်ဆရာကန်တော့ပူဇော်ပွဲကျင်းပရေးကော်မတီ

# Myanma Tourism Bank Public Co.,Ltd
# မြန်မာ့ခရီးသွားဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးစီးကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ်-၃၃၀၇/၁၄-၁၅ ဖြင့် "မြန်မာ့ခရီးသွားဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်"အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**Myanma Tourism Bank Public Co.,Ltd**

**မြန်မာ့ခရီးသွားဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**No.3-A, Corner of Waizayandar Road & Thanthumar Road, Thuwunna**

**Thingangyun Township, Yangon.**

**DUAL TECH Vocational Training Centre**

- Civil (Construction)
- Air-Con & Refrigeration
- Electrical & Electronic
- Welding & Fabrication
- Mechanical Manufacturing
- Maintenance, Installation and Commissioning

DUAL TECH

[illegible]

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**၁။ Honda Fit 2011 - (ရုပ်ပြောင်း) ဈေးနှုန်း-(၁၂၂)သိန်း**

အဖြူရောင်၊ မှန်မဲ၊ မှန်ချိုး၊ မှန်ခေါက်မီးပါ၊ OTV+Backcamera၊ Km-30000 ဝန်းကျင်၊ ဂီယာဝိုင်+အင်ဂျင်ဝိုင်အသစ်၊ ကားအလွန်သန့်သည်၊ ယာယီနံပါတ်။

၂။ အရှေ့ဒဂုံ၊ လူနေရပ်ကွက်(၁၂၂)၊ ခြံအမှတ်-၁၇၃၊ ပေ(၄၂×၆၀)၊ ခြံခတ်ပြီး။ အင်းဝလမ်းမကြီးနှင့်နီး၍ ခြံရှေ့ထိ ကားဝင်၍ရသည်။ အနီးတွင် အစိုးရရုံးများနှင့် လူနေအိမ်များရှိသည်။ **ဈေးနှုန်း-(၃၂၀)သိန်း**

**ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၁၀၃၉၃၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၇၂၅၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညို အိမ်ရာ၊ တိုက်(၃၀၂၊ ပုလဲ) တိုက်၊ အခန်း (၃၀၂)ကို မူလအမည်ပေါက် ပိုင်ရှင် ဒုတိယ ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း) [၁၂/ဒဂန(နိုင်) ၀၁၂၅၄၈]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမောင်မောင်ဇော်[၁၂/သလန(နိုင်)၀၆၁၀၈၃]က ပိုင်ရှင်အမည် ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် ဝတင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ခြံအမြန်ရောင်းမည်။ (ဂရန်)

ပေ(၈၈×၅၆)၊ (အိမ်+ရေ+မီး+ လိုင်းဖုန်း)၊ ကိုးမိုင်၊ ရွှေနှင်းဆီကန်လမ်း (စွယ်တော်ကန်အနီး)

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၅၂၅၅၀၀**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# (အောက်မြန်မာပြည်)
# ရန်ကုန်အဝေးသင်တက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၁၃ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့်သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၂၀-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည် ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့တက်ရောက်ယူသည့်ပွဲများတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်။) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်။) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါ အစီအစဉ်အတိုင်း တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုရှိသူများကိုသာ ဘွဲ့နှင်းသဘင် အခမ်းအနားများ (အစမ်းလေ့ကျင့်ပွဲအပါအဝင်)သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

## ၃။ (၁၄၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(နိုင်ငံခြား) | ၁၃-၁၁-၂၀၁၄ | ၁၅-၁၁-၂၀၁၄ |
| ဥပဒေပညာ(ဒဂုံ) | (ကြာသပတေးနေ့) | (စနေနေ့) |
| (၄ဥ-၂မှ ၁၇၅အထိ) | နံနက်၉နာရီ | နံနက် ၉နာရီ |
| စိတ်ပညာ(ရန်ကုန်အရှေ့ပိုင်း) | ခန်းမ(ရှေ့ခြမ်း) | (ပ-နံနက်) |
| စိတ်ပညာ(ပြည်) | | |
| မြန်မာစာ(တောင်ငူ) | | |
| သမိုင်း(ပဲခူး) | | |
| ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| (၃ရပ-၁မှ ၂၂၇အထိ) | | |

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(ဒဂုံ) | ၁၃-၁၁-၂၀၁၄ | ၁၅-၁၁-၂၀၁၄ |
| (၄ဥ-၁၇၈မှ ၄၃၂အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| ဒဿနိကဗေဒ(ရန်ကုန်အရှေ့ပိုင်း) | နံနက် ၉နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| မြန်မာစာ(မော်လမြိုင်) | ခန်းမ(နောက်ခြမ်း) | (ပ-ညနေ) |
| မြန်မာစာ(ဘားအံ) | | |
| ပထဝီဝင်(ပုသိမ်) | | |
| ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| (၃ရပ-၂၂၈နှင့်အထက်) | | |
| ရုက္ခဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| ဥပဒေပညာ(ဒဂုံ) | ၁၃-၁၁-၂၀၁၄ | ၁၆-၁၁-၂၀၁၄ |
| (၄ဥ-၄၃၄နှင့်အထက်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| ဥပဒေပညာ(မြိတ်) | မွန်းလွဲ ၂ နာရီ | နံနက် ၉နာရီ |
| မြန်မာစာ(မအူပင်) | ခန်းမ(ရှေ့ခြမ်း) | (ဒု-နံနက်) |
| (၃မ-၁ မှ ၆၆၄အထိ) | | |
| စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း) | | |
| (၃စီး-၃မှ၁၁၂အထိ) | | |
| စိတ်ပညာ(မြိတ်) | | |
| ပထဝီဝင်(ပဲခူး) | | |
| ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း) | | |
| ဥပဒေပညာ(ဟသ်ာတ) | ၁၃-၁၁-၂၀၁၄ | ၁၆-၁၁-၂၀၁၄ |
| ဥပဒေပညာ(ထားဝယ်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| ဥပဒေပညာ(ဘားအံ) | မွန်းလွဲ ၂နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း) | ခန်းမ(နောက်ခြမ်း) | (ဒု-ညနေ) |
| (၃စီး-၁၁၃နှင့်အထက်) | | |
| မြန်မာစာ(မအူပင်) | | |
| (၃မ-၆၆၅နှင့်အထက်) | | |
| သမိုင်း(ဘားအံ) | | |
| သမိုင်း(မြိတ်) | | |
| သင်္ချာ(ရန်ကုန်အရှေ့ပိုင်း) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၀-၁၁-၂၀၁၄(တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံ ထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)။

## ၄။ (၁၄၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ (ရန်ကုန်အရှေ့ပိုင်း) | ၂၇-၁၁-၂၀၁၄ | ၂၉-၁၁-၂၀၁၄ |
| (၄ဥ-၁ မှ ၁၄၀ အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| အင်္ဂလိပ်စာ(ရန်ကုန်အနောက်ပိုင်း) | နံနက် ၉း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| ပထဝီဝင် (ဟသ်ာတ) | ခန်းမ (ရှေ့ခြမ်း) | (ပ-နံနက်) |
| မြန်မာစာ(ပြည်) | | |
| (၃မ-၂ မှ ၆၇၇ အထိ) | | |
| ရူပဗေဒ (ပြည်) | | |
| ဥပဒေပညာ (ရန်ကုန်အရှေ့ပိုင်း) | ၂၇-၁၁-၂၀၁၄ | ၂၉-၁၁-၂၀၁၄ |
| (၄-ဥ ၁၄၄ နှင့်အထက်) | (ကြာသပတေးနေ့) | (စနေနေ့) |
| စီးပွားရေးပညာ(မြိတ်) | နံနက် ၉း၀၀ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| မြန်မာစာ (ပြည်) | ခန်းမ (နောက်ခြမ်း) | (ပ-ညနေ) |
| (၃-မ ၆၇၈ နှင့် အထက်) | | |
| သမိုင်း (ရန်ကုန်အရှေ့ပိုင်း) | | |
| ဓာတုဗေဒ(ပြည်) | | |
| ရုက္ခဗေဒ(ပြည်) | | |
| ဥပဒေပညာ (မော်လမြိုင်) | ၂၇-၁၁-၂၀၁၄ | ၃၀-၁၁-၂၀၁၄ |
| ဥပဒေပညာ (ပြည်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| စီးပွားရေးပညာ(ပြည်) | မွန်းလွဲ ၂း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| မြန်မာစာ(ပဲခူး) | ခန်းမ (ရှေ့ခြမ်း) | (ဒု-နံနက်) |
| (၃မ-၂ မှ ၄၆၇ အထိ) | | |
| ပထဝီဝင် (ရန်ကုန်အနောက်ပိုင်း) | | |
| သင်္ချာ(ပြည်) | | |
| သတ္တဗေဒ(ပြည်) | | |
| ဥပဒေပညာ (မအူပင်) | ၂၇-၁၁-၂၀၁၄ | ၃၀-၁၁-၂၀၁၄ |
| ဒဿနိကဗေဒ (ဘားအံ) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| စိတ်ပညာ(တောင်ငူ) | မွန်းလွဲ ၂း၀၀ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| အိမ်တွင်းစီးပွား(ဒဂုံ) | ခန်းမ (နောက်ခြမ်း) | (ဒု-ညနေ) |
| အိမ်တွင်းစီးပွား(ပုသိမ်) | | |
| မြန်မာစာ (ပဲခူး) | | |
| (၃မ-၄၆၈ နှင့် အထက်) | | |
| သမိုင်း(ရန်ကုန်အနောက်ပိုင်း) | | |
| သိပ္ပံဘာသာရပ်အားလုံး (မအူပင်) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံ ထောက်ခံစာကို ၂၄-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

## ၅။ (၁၄၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း) | ၂၅-၁၂-၂၀၁၄ | ၂၇-၁၂-၂၀၁၄ |
| (၄ဥ-၂မှ ၁၄၁ အထိ | (ကြာသပတေးနေ့) | (စနေနေ့) |
| ဒဿနိကဗေဒ(ရန်ကုန်အနောက်ပိုင်း) | နံနက် ၉း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| ဒဿနိကဗေဒ(ပုသိမ်) | ခန်းမ(ရှေ့ခြမ်း) | (ပ-နံနက်) |
| မြန်မာစာ (ဟသ်ာတ) | | |
| (၃-မ ၁မှ ၄၈၁ အထိ) | | |
| ပထဝီဝင် (ရန်ကုန်အရှေ့ပိုင်း) | | |
| ပထဝီဝင် (ထားဝယ်) | | |
| ရူပဗေဒ (မော်လမြိုင်) | | |
| ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း) | ၂၅-၁၂-၂၀၁၄ | ၂၇-၁၂-၂၀၁၄ |
| (၄-ဥ ၁၄၂ နှင့်အထက်) | (ကြာသပတေးနေ့) | (စနေနေ့) |
| ဒဿနိကဗေဒ(ဒဂုံ) | နံနက် ၉း၀၀ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| မြန်မာစာ (ဟသ်ာတ) | ခန်းမ(နောက်ခြမ်း) | (ပ-ညနေ) |
| (၃မ-၄၈၂ မှ ၉၉၅ အထိ) | | |
| အင်္ဂလိပ်စာ (စစ်တွေ) | | |
| ဓာတုဗေဒ(မော်လမြိုင်) | | |
| သင်္ချာ (မော်လမြိုင်) | | |
| သတ္တဗေဒ (မော်လမြိုင်) | | |
| ရုက္ခဗေဒ(မော်လမြိုင်) | | |
| ဥပဒေပညာ(တောင်ငူ) | ၂၅-၁၂-၂၀၁၄ | ၂၈-၁၂-၂၀၁၄ |
| (၄ဥ-၁ မှ ၁၀၃ အထိ) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| စိတ်ပညာ(ပုသိမ်) | မွန်းလွဲ ၂း၀၀ နာရီ | နံနက် ၉း၀၀ နာရီ |
| မြန်မာစာ (ဟသ်ာတ) | ခန်းမ (ရှေ့ခြမ်း) | (ဒု-နံနက်) |
| (၃မ-၁၀၀၀ မှ ၁၅၅၄ အထိ) | | |
| သမိုင်း(နိုင်ငံခြား) | | |
| သမိုင်း(ဒဂုံ) | | |
| (၃သ-၅ မှ ၄၄၅ အထိ) | | |
| သိပ္ပံဘာသာရပ်အားလုံး (ထားဝယ်) | | |
| ဓာတုဗေဒ (ဟသ်ာတ) | | |
| ရုက္ခဗေဒ(ဟသ်ာတ) | | |
| ဥပဒေပညာ (တောင်ငူ) | ၂၅-၁၂-၂၀၁၄ | ၂၈-၁၂-၂၀၁၄ |
| (၄ဥ-၁၀၄ နှင့် အထက်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| စိတ်ပညာ(ဒဂုံ) | မွန်းလွဲ ၂း၀၀ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| စီးပွားစီမံ (ရန်ကုန်အနောက်ပိုင်း) | ခန်းမ(နောက်ခြမ်း) | (ဒု-ညနေ) |
| မြန်မာစာ (ဟသ်ာတ) | | |
| (၃မ-၁၅၅၅ နှင့်အထက်) | | |
| သမိုင်း (ဒဂုံ) | | |
| (၃သ-၄၄၆ နှင့်အထက်) | | |
| ရူပဗေဒ (ဟသ်ာတ) | | |
| သင်္ချာ(ဟသ်ာတ) | | |
| သတ္တဗေဒ (ဟသ်ာတ) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည် မဟုတ်ပါ။)

## ၆။ (၁၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(ပုသိမ်) | ၂၂-၁-၂၀၁၅ | ၂၄-၁-၂၀၁၅ |
| (၄-ဥ၂မှ ၁၁၀အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| စီးပွားရေးပညာ(မအူပင်) | နံနက် ၉း၀၀နာရီ | နံနက် ၉း၀၀နာရီ |
| စီးပွားစီမံ(မော်လမြိုင်) | ခန်းမ(ရှေ့ခြမ်း) | (ပ-နံနက်) |
| စီးပွားစီမံ(ပုသိမ်) | | |
| ဒဿနိကဗေဒ(မအူပင်) | | |
| မြန်မာစာ(စစ်တွေ) | | |
| (၃မ ၂မှ ၃၇၄အထိ) | | |
| ပထဝီဝင်(နိုင်ငံခြား) | | |
| ပထဝီဝင်(ဒဂုံ) | | |
| (၃ပ ၁မှ ၂၈၆အထိ) | | |
| ရူပဗေဒ(ရန်ကုန်အနောက်ပိုင်း) | | |
| (၃ရပ ၂မှ ၂၀၄အထိ) | | |
| ဥပဒေပညာ(ပုသိမ်) | ၂၂-၁-၂၀၁၅ | ၂၄-၁-၂၀၁၅ |
| (၄-ဥ ၁၁၁မှ ၂၂၅အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| စီးပွားစီမံ(မြိတ်) | နံနက် ၉း၀၀နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| မြန်မာစာ(စစ်တွေ) | ခန်းမ(နောက်ခြမ်း) | (ပ-ညနေ) |
| (၃-မ ၃၇၅မှ ၇၆၅အထိ) | | |
| သမိုင်း(မော်လမြိုင်) | | |
| သမိုင်း(ဟသ်ာတ) | | |
| ပထဝီဝင်(ဒဂုံ) | | |
| (၃ပ ၂၈၉နှင့်အထက်) | | |
| ရူပဗေဒ(ရန်ကုန်အနောက်ပိုင်း) | | |
| (၃ရပ ၂၀၅နှင့်အထက်) | | |
| ရုက္ခဗေဒ(ရန်ကုန်အနောက်ပိုင်း) | | |
| ဥပဒေပညာ(ပုသိမ်) | ၂၂-၁-၂၀၁၅ | ၂၅-၁-၂၀၁၅ |
| (၄ဥ ၂၂၆နှင့် အထက်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| စီးပွားရေးပညာ(ဒဂုံ) | မွန်းလွဲ ၂း၀၀နာရီ | နံနက် ၉း၀၀နာရီ |
| (၃စီး ၆မှ ၂၅၃အထိ) | ခန်းမ (ရှေ့ခြမ်း) | (ဒု-နံနက်) |
| စီးပွားရေးပညာ(မော်လမြိုင်) | | |
| မြန်မာစာ(စစ်တွေ) | | |
| (၃မ ၇၆၆မှ ၁၂၄၅အထိ) | | |
| သမိုင်း(တောင်ငူ) | | |
| (၃သ ၂မှ ၃၀၁အထိ) | | |
| ဓာတုဗေဒ(ရန်ကုန်အနောက်ပိုင်း) | | |
| သင်္ချာ(ရန်ကုန်အနောက်ပိုင်း) | | |
| (၃သခ ၁မှ ၃၄အထိ) | | |

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(စစ်တွေ) | ၂၂-၁-၂၀၁၅ | ၂၅-၁-၂၀၁၅ |
| စီးပွားရေးပညာ(ဒဂုံ) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| (၃စီး ၂၅၄နှင့် အထက်) | မွန်းလွဲ ၂း၀၀နာရီ | မွန်းလွဲ၂း၃၀နာရီ |
| စီးပွားရေးပညာ(ထားဝယ်) | ခန်းမ(နောက်ခြမ်း) | (ဒု-ညနေ) |
| ဒဿနိကဗေဒ(ဟသ်ာတ) | | |
| မြန်မာစာ(စစ်တွေ) | | |
| (၃မ ၁၂၄၆နှင့်အထက်) | | |
| သမိုင်း(တောင်ငူ) | | |
| (၃သ ၃၀၂နှင့်အထက်) | | |
| သင်္ချာ(ရန်ကုန်အနောက်ပိုင်း) | | |
| (၃သခ ၃၅နှင့်အထက်) | | |
| သတ္တဗေဒ(ရန်ကုန်အနောက်ပိုင်း) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၉-၁-၂၀၁၅ ရက်(တနင်္လာနေ့) မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

## ၇။ (၁၄၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) | ၅-၂-၂၀၁၅ | ၇-၂-၂၀၁၅ |
| (၃မ ၁မှ ၃၆၁အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| ဒဿနိကဗေဒ(ပြည်) | နံနက် ၉း၀၀နာရီ | နံနက် ၉း၀၀နာရီ |
| စီးပွားစီမံ(ဟသ်ာတ) | ခန်းမ(ရှေ့ခြမ်း) | (ပ-နံနက်) |
| ပထဝီဝင်(မော်လမြိုင်) | | |
| (၃ပ ၁မှ ၄၆၂အထိ) | | |
| ပထဝီဝင်(စစ်တွေ) | | |
| သတ္တဗေဒ(ပဲခူး) | | |
| ရူပဗေဒ(ဘားအံ) | | |
| ရုက္ခဗေဒ(ဘားအံ) | | |
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) | ၅-၂-၂၀၁၅ | ၇-၂-၂၀၁၅ |
| (၃-မ၃၆၃မှ ၇၃၃အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| အရှေ့တိုင်းပညာ(ဟသ်ာတ) | နံနက် ၉း၀၀နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| ဒဿနိကဗေဒ(တောင်ငူ) | ခန်းမ(နောက်ခြမ်း) | (ပ-ညနေ) |
| သမိုင်း(ထားဝယ်) | | |
| ပထဝီဝင်(မော်လမြိုင်) | | |
| (၃ပ ၄၆၃နှင့်အထက်) | | |
| ရူပဗေဒ(ပဲခူး) | | |
| ဓာတုဗေဒ(ဘားအံ) | | |
| သတ္တဗေဒ(ဘားအံ) | | |

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) | ၅-၂-၂၀၁၅ | ၈-၂-၂၀၁၅ |
| (၃မ ၇၃၄မှ ၁၀၁၉အထိ) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| အရှေ့တိုင်းပညာ(ဒဂုံ) | မွန်းလွဲ ၂ နာရီ | နံနက် ၉ နာရီ |
| အရှေ့တိုင်းပညာ (ရန်ကုန်အနောက်ပိုင်း) | ခန်းမ(ရှေ့ခြမ်း) | (ဒု-နံနက်) |
| ဒဿနိကဗေဒ(မော်လမြိုင်) | | |
| ဒဿနိကဗေဒ(မြိတ်) | | |
| စိတ်ပညာ(ထားဝယ်) | | |
| အင်္ဂလိပ်စာ(ထားဝယ်) | | |
| သမိုင်း(ပုသိမ်) | | |
| သင်္ချာ(ပဲခူး) | | |
| ဓာတုဗေဒ(ပဲခူး) | | |
| ဓာတုဗေဒ(မြိတ်) | | |
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) | ၅-၂-၂၀၁၅ | ၈-၂-၂၀၁၅ |
| (၃မ ၁၀၂၀နှင့်အထက်) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| မြန်မာစာ(ထားဝယ်) | မွန်းလွဲ ၂ နာရီ | မွန်းလွဲ ၂း၃၀ နာရီ |
| အင်္ဂလိပ်စာ(တောင်ငူ) | ခန်းမ(နောက်ခြမ်း) | (ဒု-ညနေ) |
| ရုက္ခဗေဒ(ပဲခူး) | | |
| ရူပဗေဒ(မြိတ်) | | |
| သင်္ချာ(မြိတ်) | | |
| သတ္တဗေဒ(မြိတ်) | | |
| ရုက္ခဗေဒ(မြိတ်) | | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂-၂-၂၀၁၅ရက်(တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံ ထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)။

## (၈) (၁၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ဒဂုံ) | ၁၉-၂-၂၀၁၅ | ၂၁-၂-၂၀၁၅ |
| (၃မ ၂မှ ၃၇၅အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| စီးပွားရေးပညာ(စစ်တွေ) | နံနက် ၉နာရီ | နံနက် ၉နာရီ |
| အင်္ဂလိပ်စာ(မော်လမြိုင်) | ခန်းမ(ရှေ့ခြမ်း) | (ပ-နံနက်) |
| ပထဝီဝင်(ဘားအံ) | | |
| သတ္တဗေဒ(ဒဂုံ) | | |
| သတ္တဗေဒ(တောင်ငူ) | | |

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ဒဂုံ) | ၁၉-၂-၂၀၁၅ | ၂၁-၂-၂၀၁၅ |
| (၃မ ၃၇၉မှ ၇၅၂အထိ) | (ကြာသပတေးနေ့) | (စနေနေ့) |
| အရှေ့တိုင်းပညာ(မအူပင်) | နံနက် ၉နာရီ | မွန်းလွဲ ၂း၃၀နာရီ |
| သမိုင်း(စစ်တွေ) | ခန်းမ(နောက်ခြမ်း) | (ပ-ညနေ) |
| အင်္ဂလိပ်စာ(ပုသိမ်) | | |
| ရုက္ခဗေဒ(ဒဂုံ) | | |
| ရုက္ခဗေဒ(တောင်ငူ) | | |
| မြန်မာစာ(ဒဂုံ) | ၁၉-၂-၂၀၁၅ | ၂၂-၂-၂၀၁၅ |
| (၃မ ၇၅၅ မှ ၁၃၃၁အထိ) | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) |
| အရှေ့တိုင်းပညာ(ရန်ကုန်အရှေ့ပိုင်း) | မွန်းလွဲ ၂း၀၀နာရီ | နံနက် ၉း၀၀နာရီ |
| အရှေ့တိုင်းပညာ(ပြည်) | ခန်းမ(ရှေ့ခြမ်း) | (ဒု-နံနက်) |
| အရှေ့တိုင်းပညာ(ပုသိမ်) | | |
| စီးပွားစီမံ(ဒဂုံ) | | |
| စိတ်ပညာ(စစ်တွေ) | | |
| အင်္ဂလိပ်စာ(ဘားအံ) | | |

## ကျောက်ဆည်အသင်း(ရန်ကုန်)
## (၁၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဘုံကထိန်သင်္ကန်းကို အောက်ဖော်ပြပါနေ့ရက် အချိန်နှင့် နေရာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များမှ အသင်းဝင်များအားလုံးနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဒေသနွယ်ဖွားများ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၁၁-၂၀၁၄ရက် (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့)
အချိန် - နံနက် ၉နာရီမှ ၁၂နာရီထိ
နေရာ - ကျောက်ဆည်အသင်း(ရန်ကုန်) ဓမ္မာရုံဗိမာန်တော်ကြီး
(အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။)

လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းရုံး (ဖုန်း-၀၁-၅၅၂၇၃၆)သို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် တက်ရောက်လာသူအားလုံးတို့အား နို့ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး အသင်း၏ ၂၀၁၅ခုနှစ် ပြက္ခဒိန်များကို မေတ္တာလက်ဆောင်ချီးမြှင့်မည်ဖြစ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**



## ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပရေး အစီအစဉ်

1964 - 2014

Old Blue Vs Eco Old Star

Lady Club

Buffet Dinner

0211120026353 0211220118466 0601070600193870 1



## Oryx Institute of Career Development
Unit of Oryx International General Services Co. Ltd

JITCO

Certificate



## "မြန်မာအမျိုးသမီးများလုပ်ငန်းအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း" (MWODA) (ယာယီ)၏
## Myanmar Women's Opportunity Development Association

အမျိုးသမီးသီးသန့်ယာဉ်လိုင်းအကြောင်း သိကောင်းစရာများနှင့် အမျိုးသမီးများလုပ်ငန်းအခွင့်အလမ်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များအပေါ် မူတည်၍ ဖော်ပြပါ အစီအစဉ်အတိုင်း အမျိုးသမီးသီးသန့်ယာဉ်လိုင်း စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သူ ဒေါ်ကေခိုင်အောင်ခင်မှ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အမျိုးသမီးများအရေး ဆွေးနွေးလိုသူများနှင့် စိတ်ပါဝင်စားသူများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၂၉-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)**
**အချိန် - မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ**
**နေရာ - တော်ဝင်နှင်းဆီ " ငြိမ်းချမ်းခန်းမ" ရွှေဂုံတိုင်၊ ဗဟန်း။**

နေရာအခက်အခဲကြောင့် လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်မည့်သူများ ၂၈-၁၀-၂၀၁၄ရက်ထက်နောက်မကျဘဲ နာမည်စာရင်းပေးသွင်းကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

Ph- 01-557095, 01-8603321, 09-420221541, 09-5002201, 09-250800014, 09-402728097



## ကန့်ကွက်နိုင်ပါသည်။



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(၂)လမ်း၊ အမှတ်(၇၆)၊ ၅-လွှာ(ခြေရင်းခန်း)တိုက်ခန်းကို လက်ရှိ တရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်စိုးစိုးသန်း [၁၂/လမတ(နိုင်)၀၃၂၁၅၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ဝေထွန်း**
**အထက်တန်းရှေ့နေ (၃၁၅၃၃)**
**အမှတ်(၁၀၄/၁၁၂)၊ ပထမထပ်၊**
**အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/နော်)၊မြေကွက်အမှတ်(၆၁)၊ မြေကွက်တည်နေရာအမှတ်-၆၁/က၊ အနော်မာလမ်းမကြီး၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးအောင်သိန်းမှ အရောင်းစာချုပ်ရန် တရားစွဲဆိုရာ သာကေတမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၂၅၄/၁၄)၊ ဇာရီမှုအမှတ်-၂၁၉/၁၄အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့်ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

